# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် ၂၀၁၅ ခုနှစ်၊ ဇွန် ၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၄၂]


အရိယ သစ္စာန ဒဿနံ
တော်မဂ်လ မုတ္တမံ
သစ္စာလေးပါးကိုသိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

## ဒီမိုကရေစီနိုင်ငံထူထောင်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေသည့် မြန်မာနိုင်ငံအပေါ် မှန်ကန်မှုတစ္စာပြောဆို

စာ-၅

## AIR KBZ မှ အသစ်ထပ်မံဝယ်ယူသော ATR 72-600 လေယာဉ်ရောက်ရှိ

ရန်ကုန် ဇွန် ၃

**AIR KBZ လေကြောင်းလိုင်းမှ ပြည်တွင်းပြည်ပလေကြောင်းခရီးစဉ်များတွင် တိုးချဲ့ပျံသန်းနိုင်ရန်အတွက် ထပ်မံဝယ်ယူခဲ့သော ATR 72-600 လေယာဉ်အမှတ် XY-AMA MSN 1162 သည် ဒိန်းမတ်နိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇွန် ၂ ရက် ည ၈ နာရီ ၃၅ မိနစ်က ရောက်ရှိသည်။**


ဓာတ်ပုံ-စိုးညွန့်

AIR KBZ လေကြောင်းလိုင်းတွင် ယခု ATR 72-600 လေယာဉ်အသစ်တစ်စင်း အပါအဝင် ATR 72-600 လေယာဉ်လေးစင်း၊ ATR 72-500 လေယာဉ်ငါးစင်း စုစုပေါင်းလေယာဉ်ကိုးစင်းဖြင့် ပြည်တွင်းခရီးစဉ်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အခြေပြု၍ နေပြည်တော်၊ မန္တလေး၊ ညောင်ဦး၊ ဟဲဟိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ လားရှိုး၊ ကလေး၊ မြစ်ကြီးနား၊ သံတွဲ၊ စစ်တွေ၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းမြို့များသို့ နေ့စဉ်အချိန်မှန်

စာမျက်နှာ ၁၁ ကော်လံ ၃ ●

## တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း မိုဘိုင်းဖုန်းများဖြင့် အလွယ်တကူကြည့်ရှုနိုင်

နေပြည်တော် ဇွန် ၃

ဇွန် ၆ ရက်တွင် ကြေညာမည့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်စာရင်းများကို မိုဘိုင်းဖုန်းများမှ တစ်ဆင့် အလွယ်တကူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ တက္ကသိုလ်ဝင်တန်း အောင်စာရင်းကြည့်ရှုရန် ဖြေဆိုသူ၏ စာစစ်ဌာနသင်္ကေတနှင့် ခုံအမှတ်ကို မြန်မာဘာသာ (Zawgyi One Font၊ Myanmar2 Font နှင့် Myanmar 3 Font) များဖြင့် ရိုက်နှိပ်ကာရှာဖွေကြည့် ရှုနိုင်သည်။




စာမျက်နှာ ၁၁ ကော်လံ ၁ ✻

## ဧရာဝတီမြစ်ရေ မြင့်တက်လာသော်လည်း လုံလောက်သည့်ရေနက်မရှိ၍ ရေယာဉ်များသတိထားသွားလာရန်လို

မန္တလေး ဇွန် ၃

ဧရာဝတီမြစ်တွင် မေလပိုင်းမှစ၍ မြစ်ရေတစ်မီတာခန့်မြင့်တက်လာပြီဖြစ်သော်လည်း မြစ်ကြောင်းသွားရေယာဉ်များအတွက် လုံလောက်သည့်ရေအနက် မရရှိသေးသဖြင့် သတိထားခုတ်မောင်း သွားလာရမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မန္တလေး)လက်ထောက်ဦးစီးအရာရှိ ဦးတိုးအောင်လင်းက ပြောသည်။

“ရေတိုးလာတာ မှန်ပေမယ့် ရေကျချိန်ကရှိနေတဲ့ သောင်တွေ မြုပ်ရုံလောက်ပဲရှိသေးတယ်။ အဲဒီအချိန်မှာရေယာဉ်တွေက မြုပ်ရုံပဲရှိသေးတဲ့ သောင်ပါးတွေပေါ် ဖြတ်မောင်းလို့ မဖြစ်သေးလို့ ရေကျချိန်မူလ ရေလမ်းကြောင်းအတိုင်းပဲ

စာမျက်နှာ ၁၁ ကော်လံ ၁ ❀






## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တည်ငြိမ်ရေးကို အလေးထား

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးသည် ပဓာနအကျဆုံးဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုရှိပါမှ လုပ်ကိုင်ဆဲ၊ လုပ်ကိုင်လတ္တံ့ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ပါမည်။ ဆက်လက်ဖွံ့ဖြိုးအောင်မြင်မှုများကို ရရှိစေနိုင်ပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်ဖွံ့ဖြိုးမှုတို့သည် ဒွန်တွဲလျက်ရှိပါသည်။ တိုးတက်မှုကို ရလိုလျှင် (ဝါ) အောင်မြင်မှုကို ရလိုလျှင် ဦးစွာပထမ တည်ငြိမ်အောင်ကြိုးစားကြရပါသည်။ တည်ငြိမ်မှုသည် ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများ၏ အခြေခံအုတ်မြစ်ဟုလည်း ဆိုနိုင်ပါသည်။

လက်ရှိအချိန်တွင် ကျွန်ုပ်တို့နိုင်ငံ၌ တည်ငြိမ်အေးချမ်းမှုအကျိုးဆက်အဖြစ် အဘက်ဘက်မှ အောင်မြင်တိုးတက်မှုများ ရရှိနေပြီဖြစ်ပါသည်။ အထူးသဖြင့် လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် နိုင်ငံရေးတည်ငြိမ်အောင် ဆောင်ရွက်နိုင်ခဲ့မှုကြောင့် အခြားသောတည်ငြိမ်မှုများပါ ရရှိလာခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အရေးပါဆုံး သမိုင်းမှတ်တမ်းတင်မည့် အထွေထွေရွေးကောက်ပွဲကြီးကျင်းပရန် အချိန်နီးကပ်လာပြီဖြစ်ပါသည်။ ရွေးကောက်ပွဲကြီး တရားမျှတပြီး အောင်မြင်စွာကျင်းပနိုင်ရေး တည်ငြိမ်မှုကို အလေးထားဆောင်ရွက်ရန် လူတိုင်းတွင် တာဝန်ရှိပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က မေလကုန်ရေဒီယိုမိန့်ခွန်းတွင် “ကျွန်တော့်အနေနဲ့ နိုင်ငံရေးအင်အားစုများအားလုံးနဲ့ ပြည်သူလူထုတစ်ရပ်လုံးကို တိုက်တွန်းပြောကြားလိုတာတွေကတော့ လတ်တလော မျှော်မှန်းချက်အနေနဲ့ ရွေးကောက်ပွဲမတိုင်မီ ကြားကာလနိုင်ငံရေးတည်ငြိမ်မှု အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြဖို့ဖြစ်ပါတယ်။ ရေရှည်ရည်မှန်းချက်များအနေနဲ့ကတော့ အနာဂတ်မြန်မာနိုင်ငံတော်သစ် တည်ဆောက်ဖို့ လိုအပ်မယ့်အခြေခံများကို မျက်ခြည်ပြတ်မခံဘဲ ယှဉ်တွဲစဉ်းစားပြင်ဆင်ကြဖို့ တိုက်တွန်းပြောကြားလိုခြင်းပဲဖြစ်ပါတယ်။ ဒီလိုရှေ့သို့ တည်ဆောက်ရမယ့် ရည်မှန်းချက်များကို ပြဋ္ဌာန်းသတ်မှတ်တဲ့အခါမှာလည်း ဆန္ဒစွဲကင်းကင်းနဲ့ အစွန်းမရောက်တဲ့ မျှော်မှန်းချက်များဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။ အထူးသဖြင့် မိမိတို့လူ့အဖွဲ့အစည်း နိုင်ငံရေးပဋိပက္ခများနဲ့ လက်နက်ကိုင် ပဋိပက္ခများကလည်းရရှိခဲ့တဲ့ ခါးသီးတဲ့အတွေ့အကြုံတွေကို အနာဂတ်မျိုးဆက်သစ်များထံ ဆိုးမွေများအနေနဲ့ လက်ဆင့်မကမ်းဘဲ မိမိတို့လက်ထက်မှာ သမိုင်းသင်ခန်းစာများကို အခြေခံပြီး ကောင်းမွန်တဲ့ ရည်မှန်းချက်များ တည်ဆောက်ကြဖို့ အထူးပင်အရေးကြီးတဲ့အကြောင်းလည်း ပြောကြားလိုပါတယ်” ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ဤလတ်တလော ရည်မှန်းချက်များနှင့် ရေရှည်ဆောင်ရွက်ရမည့် ရည်မှန်းချက်များအားလုံး အောင်မြင်ပြီးမြောက်စေရန် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အပါအဝင် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ “စည်းလုံးခြင်းသည်အင်အား” ဆိုသည့်အတိုင်း မည်သည့်ကိစ္စမဆို ပေါင်းစည်းညီညွတ်ခြင်းဖြင့် အောင်မြင်မှုပန်းတိုင်သို့ တက်လှမ်းနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ပြည်သူတစ်ရပ်လုံးက လတ်တလောရည်မှန်းချက်ဖြစ်သည့် ရွေးကောက်ပွဲမတိုင်မီကြားကာလနိုင်ငံရေးတည်ငြိမ်ရေးနှင့်ကောင်းမွန်သောအနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် တည်ငြိမ်ရေးကို အလေးထားကာ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

# ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်

**နေပြည်တော် ဇွန် ၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် နေပြည်တော် The Hilton Hotel ၌ ဇွန် ၂ ရက် ညနေ ၄ နာရီတွင် ကျင်းပပြုလုပ်သော Hitachi Social Innovation Forum and Gala Dinner သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ အစည်းအဝေးတွင် ဝန်ကြီးက အခြေခံအဆောက်အအုံမြှင့်တင်ရေးဆိုင်ရာ စီမံကိန်းများဖြစ်သည့် Power Transmission, Distribution, Railways and ICT System များသည် မြန်မာနိုင်ငံအတွက် အရေးပါသော Social Infrastructure များပင်ဖြစ်ကြောင်း၊ Hitachi အနေဖြင့် ၁၉၅၈ ခုနှစ်တွင် အမှတ်(၂) ဘီလူးချောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံကို စတင်အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယင်းအချိန်တွင် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပမာဏ ၄၀ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ ယနေ့ခေတ်အချိန်တွင် စွမ်းအင်လိုအပ်ချက် များပြားလာသည်နှင့်အမျှ ဖြစ်နိုင်သည့် အရင်းအမြစ်များကို ရှာဖွေအသုံးချ၍ စွမ်းအင်ကို တိုးမြှင့်ထုတ်လုပ်ရန် လိုအပ်လာပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်း MRT, LRT, Mono- Rail ကဲ့သို့ ခေတ်မီရထားလမ်းများဖြင့် အဆင့်မြှင့်တင်ရန်လည်း လိုအပ်လာပါကြောင်း။

အဆိုပါကဏ္ဍများသည် မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့် ခေတ်မီစက်မှုနိုင်ငံတည်ထောင်ရေးကို တစ်ဖက်တစ်လမ်းမှ အားဖြည့်ပေးနိုင်မည့် Platform များပင်ဖြစ်ကြောင်း၊ ယင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများကို Bilateral Cooperation အသွင်ဖြင့် ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ပါကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်ပြီး ရည်မှန်းချက်ဖြစ်သည့် Equitable Economic Development အခြေအနေသို့ အချိန်တိုအတွင်း ရောက်ရှိအောင်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်း Forum သို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi၊ ဂျပန်နိုင်ငံ Hitachi Limited ၏ President ဖြစ်သူ Mr. Toshiaki Higashihara နှင့်အတူ လုပ်ငန်းအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ ဆီးဂိမ်းပြိုင်ပွဲအတွက် လက်ရွေးစင် အားကစားသမားများ ရွေးချယ်

**ရန်ကုန် ဇွန် ၃**

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်အမျိုးသားအား ကစားသမားလေးဦးနှင့် အမျိုးသမီးအားကစားသမားသုံးဦး အပြီးသတ်ရွေးချယ်ခဲ့ပြီးဖြစ်သည်။

(၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂေါက်သီးအားကစားပြိုင်ပွဲကို ဇွန် ၉ ရက်မှ ၁၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အမျိုးသား/အမျိုးသမီးအသင်းများသည် တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဂေါက်သီးရိုက်အသင်းသည် ဇွန် ၆ ရက်တွင် စတင်ထွက်ခွာ၍ ဇွန် ၁၃ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး လက်ရွေးစင်အမျိုးသားအသင်းတွင် မောင်မောင်ဦး၊ စည်သူရဲရင့်၊ ဖုန်းပြည့်ချမ်းဟန်၊ ဟိန်းစည်သူတို့နှင့် လက်ရွေးစင်အမျိုးသမီးအသင်းတွင် ယဉ်မေမျိုး၊ မေဦးခိုင်၊ ဖူးပွင့်ရတီခိုင်တို့က မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**






# ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

**လယ်ဝေး ဇွန် ၃**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရေလဲပေါက်ကျေးရွာတွင် ကျောင်းဆောင်သစ်များ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့် ဦးဖုန်းဇော်ဟန်တို့က ပညာရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးပြီး ဆောက်လုပ်ပြီးစီးသွားသော ကျောင်းဆောင်သစ်ငါးကျောင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွဲ့ထံ ပေးအပ်ခဲ့သည်။

ယခု လွှဲပြောင်းပေးအပ်သည့် ကျောင်းများမှာ အမက (ဓာတိကုန်း)၊ အမက (ကြို့ကုန်း)၊ မူလွန် (ပင်သောင်)၊ အမက(ရေလဲပေါက်)၊ အမက (ဘို့ကိုးလုံး) ကျောင်းဆောင်သစ်များဖြစ်ကြောင်း သိရသည်။

**သူဇာလှိုင်(စက်မှု)**

# ရန်ကုန်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ယာဉ်အန္တရာယ်ကင်းဝေးရေးပညာပေးဟောပြော

**ရန်ကုန် ဇွန် ၃**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာရန်နှင့် ယာဉ်အန္တရာယ်ကင်းဝေးစေရန် ပညာပေးဟောပြောပွဲကို ဇွန် ၁ ရက်က သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ မထသ(ဗဟို)မှ ဗိုလ်မှူးကြီး လှသောင်းမြင့်(ငြိမ်း)၊ ကညနမှ ခရိုင်ဦးစီးမှူး ဦးစန်းယု၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူး သန်းမြင့်၊ ဒုရဲမှူး ဝင်းလွင်နှင့်ဒုရဲမှူး မိုးကျော်ဟိန်းတို့က ဟောပြောခဲ့ကြပြီး ဆရာ ဆရာမများ၊ အလုပ်သင်ဆရာဝန်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်းနှင့် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

## စာပေမြင့်မှ လူမျိုးတင့်မည်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃-၆-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၉၆၅၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၉၀ |
| ဥရောပ | တစ်ယူရို | ၁၁၉၂.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၀၆.၅၇ |
| ထိုင်း | တစ်ဘတ် | ၃၂.၃၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၀၈၉ |
| တရုတ် | တစ်ယွမ် | ၁၇၅.၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၂၁ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၉၀၀၀-၁၉၅၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၀၀၀-၂၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၈၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၅၀-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၆၀၀-၂၀၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်သစ်) | တစ်ပိဿာ | ၁၇၅၀-၁၈၀၀ |
| အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၅၈၀-၇၈၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၈၀၀-၂၉၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၄၈၀၀-၇၃၀၀ |
| သကြား | တစ်ပိဿာ | ၁၀၅၀-၁၀၇၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ။ ခင်ဆိုင်-ဓာတ်ပုံ

# တပ်မတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးနေ




**နေပြည်တော် ဇွန် ၃**

ကိုကိုးကျွန်းသည် မြန်မာနိုင်ငံ တောင်ပိုင်းရှိ အိန္ဒိယသမုဒ္ဒရာနှင့် ဆက်စပ်နေသော နိုင်ငံတော်အတွက် အရေးကြီးနေရာတစ်ခုဖြစ်ကြောင်း၊ ယခင်ခေတ်အဆက်ဆက် အစိုးရများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသော်လည်း လိုအပ်ချက်များရှိခဲ့ပါကြောင်း၊ ယင်းလိုအပ်ချက်များကိုလေ့လာပြီး ၂၀၁၂ ခုနှစ်မှစတင်၍ နိုင်ငံတော်အပိုင်း၊ တပ်မတော်အပိုင်းက လုပ်ဆောင်ပေးနိုင်သည်များကို ဆောင်ရွက်ပေးခဲ့ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကိုကိုးကျွန်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ၌ ထည့်သွင်းပြောကြားသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ဇနီးဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကိုကိုးကျွန်းမြို့သို့ ရောက်ရှိရာ လေဆိပ်၌ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြို့နယ်ခန်းမ၌ ကိုကိုးကျွန်းမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုအသင်းအဖွဲ့များ၊ စစ်မှုထမ်းဟောင်းများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၂ ခုနှစ် ကိုကိုးကျွန်းသို့ စတင်ရောက်ရှိစဉ်ကပင် သွားလာရေးလိုအပ်ချက်အတွက် လေယာဉ်ကွင်းတိုးချဲ့ပြုပြင်ရေး လုပ်ငန်းများကို ပထမဆုံး ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုဆိုလျှင် လုံလောက်သော လေယာဉ်ပြေးလမ်း အတိုင်းအတာ ရရှိပြီဖြစ်ကြောင်း၊ ထို့အပြင်သွားလာမှုအဆင်ပြေစေရန် နှစ်ပတ်လျှင် တစ်ကြိမ် တပ်မတော်လေယာဉ်ခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဒေသခံပြည်သူအများ အဆင်ပြေစွာသွားလာနိုင်ရန်၊ ကုန်ပစ္စည်းများပို့ဆောင်နိုင်ရန်အတွက် ရေတပ်သင်္ဘောများကိုလည်း စီစဉ်ပြေးဆွဲပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က သောက်သုံးရေလိုအပ်ချက်၊ လျှပ်စစ်မီးလိုအပ်ချက်များကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆက်လက်ပြီး နိုင်ငံတော်မှရရှိသည့် ဘဏ္ဍာငွေ၊ စေတနာရှင်၊ အလှူရှင်များမှ လှူဒါန်းငွေများဖြင့် မြို့သာယာလှပရေးအတွက် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

အနာဂတ်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးသည် ပညာရေးအပေါ်တွင် များစွာမူတည်ပါကြောင်း၊ ပညာရေးအတွက် ကျောင်းသား၊ ဆရာ၊ မိဘသာမက တာဝန်ရှိသူများ၊ ဒေသခံပြည်သူများကပါ အားပေးဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ထို့အတူ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရာတွင် ကျန်းမာကြံ့ခိုင်သည့် ပြည်သူများရှိရန်လိုကြောင်း၊ ကျန်းမာမှသာ ဉာဏ်ထက်မြက်ပြီး ပညာတတ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေသခံတပ်အပါအဝင် ဌာနဆိုင်ရာများ၊ ဝန်ထမ်းအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက ညီအစ်ကို မောင်နှမသဖွယ် မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာနေထိုင်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ စည်းလုံးညီညွတ်စွာ နေထိုင်လုပ်ကိုင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် 'အား' တစ်ခုကို ဖြစ်စေနိုင်ပါကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်၊ တိုင်းဒေသကြီးအစိုးရနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးနေသကဲ့သို့ ဒေသခံများကလည်း ကိုယ်တိုင်ကြိုးစားအားထုတ် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ကိုကိုးကျွန်း၌ သွားလာရေး၊ သယ်ယူပို့ဆောင်ရေး ပိုမိုအဆင်ပြေစေရန် သင်္ဘောများဆိုက်ကပ်နိုင်သည့် Jetty တစ်ခုဆောင်ရွက်နေပါကြောင်း၊ ယင်း Jetty ပြီးစီးပါက ခရီးသွားလုပ်ငန်းပါ အဆင်ပြေလာနိုင်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ၂၀၁၄ ခုနှစ်အတွင်း ကိုကိုးကျွန်း၌ CDMA တယ်လီဖုန်း ဆက်သွယ်မှုရရှိအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းပြည်ပ လွယ်ကူစွာ ဆက်သွယ်နိုင်သဖြင့် ဒေသခံ ပြည်သူများအတွက် များစွာအကျိုးရှိပါကြောင်း၊ တပ်မတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တတ်နိုင်သလောက် ဝိုင်းဝန်းဖြည့်ဆည်း ဆောင်ရွက်ပေးနေပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများမှာ တပ်မတော်က ပူးပေါင်းဆောင်ရွက်ပေးမှုကြောင့်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးပါရန် မြို့သူမြို့သားများကိုယ်စား ပြောကြားလိုပါကြောင်းဖြင့် ဖြည့်စွက်ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကွန်ပျူတာများနှင့် စာအုပ်စာစောင်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက ဒံပေါက်ထုပ်များနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေက အားကစားပစ္စည်းများကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က ကျောင်းသုံး စာရေးကိရိယာနှင့် လွယ်အိတ်များကိုလည်းကောင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက အခြေခံစားကုန်နှင့် အဝတ်အထည်များကိုလည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ရွှေဖီဦး အသင့်ဖျော် လက်ဖက်ရည်ထုပ်နှင့် အချိုရည်များ၊ အသီးအနှံများကိုလည်းကောင်း ပေးအပ်ကြရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူကြသည်။

ဆက်လက်ပြီး မြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ကိုကိုးကျွန်းတွင် နှစ်စဉ်နှစ်တိုင်း ကျွန်းမြေများအား ပင်လယ်ဒီရေ တိုက်စားနေခြင်းမှ ကာကွယ်ရန်အတွက် ဒီရေလှိုင်းကာ မြေထိန်းနံရံ တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

၄င်းနောက် ကိုကိုးကျွန်းဆိပ်ခံတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြပြီး တာဝန်ရှိသူများက မီတာ ၁၀၀ Jetty တည်ဆောက်မည့်လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ Jetty နေရာရှိ မူလအောက်ခံသည် ကျောက်ပြင်ကျောက်သားများဖြစ်၍ အခြားဆိပ်ခံတံတားများကဲ့သို့ ကွန်ကရစ်ပိုင်ရိုက်ခြင်း၊ ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် မူလကျောက်သားပေါ်တွင် တစ်တုံးလျှင်အလေးချိန် ၁၀ တန်ရှိသည့် ၂ မီတာ ပတ်လည်အရွယ်အစား ကွန်ကရစ်တုံးကြီးများကို တစ်တုံးနှင့်တစ်တုံး ကီးလိုင်းများဖြင့်ချိတ်ဆက်ပြီး ပင်လယ်ရေလှိုင်းဒဏ်ခံနိုင်မှုရှိစေရန် အဆင့်မြင့်နည်းပညာသုံး တည်ဆောက်သွားမည်ဖြစ်သည်။

ထိုသို့ တည်ဆောက်နိုင်ရန် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ ဂျပန်နိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့မှ ပညာရှင်များ ပူးပေါင်း၍ Gravity Type Precast Conc. Block Jetty အဖြစ် မြန်မာနိုင်ငံ၏ ပထမဆုံးဒီဇိုင်းပုံစံထုတ်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်မှုအခြေအနေများဆွေးနွေး



**နေပြည်တော် ဇွန် ၃**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ထိုင်းဘုရင့်တပ်မတော် Directorate of Joint Intelligence ၏ Director Lieutenant General Seehanart Wongsaroj အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်မှုအခြေအနေများ၊ နယ်စပ်ပြဿနာများမဖြစ်ပွားရေးအတွက် နှစ်နိုင်ငံ သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(မြဝတီ)**

# ကန်လေဆိပ်လုံခြုံရေးကျိုးပေါက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် ဗုံးလှုန့်ခြိမ်းခြောက်မှုများ အဆက်မပြတ်ထွက်ပေါ်နေ

**ဝါရှင်တန် ဇွန် ၃**

ငြိမ်းချမ်းသာယာရေး ပျက်ပြားစေမည့် လုံခြုံရေး ကျိုးပေါက်မှု သို့မဟုတ် ဗုံးဖောက်ခွဲမည့် ခြိမ်းခြောက်မှုငါးခု အမေရိကန်နိုင်ငံ၏ အစည်ကားဆုံး လေဆိပ်များတွင် အင်္ဂါနေ့က ဖြစ်ပွားမည်ဟူသော သတင်းကြောင့် အမေရိကန်ပြည်တွင်း လုံခြုံရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်မှုပြုလုပ်ခဲ့သည်။

ခြိမ်းခြောက်ခံ လေကြောင်းလိုင်းငါးခုအနက် လေးခုဖြစ်သည့် အမေရိကန်လေကြောင်းလိုင်း၊ ဒယ်လ်တာလေကြောင်းလိုင်း၊ ယူနိုက်တက်လေကြောင်းလိုင်းနှင့် မက်ဆီကန်လေကြောင်းလိုင်းတို့က လေယာဉ်ပျံသန်းမှုခရီးစဉ်များကို ရပ်နားထားသည်။ ငါးခုမြောက် လေကြောင်းလိုင်းဖြစ်သည့် ကိုရီးယားလေကြောင်းလိုင်းသည် ဆန်ဖရန်စစ္စကို၌ အင်္ဂါနေ့တွင် ဆင်းရန် စီစဉ်ထားပြီး ဖြစ်ကြောင်း အမေရိကန် တီဗွီအစီအစဉ်တစ်ခုဖြစ်သည့် အင်န်ဘီစီက ဖော်ပြသည်။

ခြိမ်းခြောက်မှုများသည် အမှန်တကယ်ဖြစ်နိုင်သည်ဟု မယူဆနိုင်ကြောင်း အစိုးရသတင်းရင်းမြစ်များ၌ ဖော်ပြသည်။ အင်္ဂါနေ့အစောပိုင်းက ခရီးသည် ၈၈ ဦးတင်ဆောင်လာပြီး လေယာဉ်အမှုထမ်း ငါးဦးပါသော အမေရိကန်လေကြောင်းခရီးသည် အမှတ် ၆၄၈ သည် လုံခြုံရေး ခြိမ်းခြောက်မှုအန္တရာယ်ကြောင့် ဖီလာဒယ်ဖီးယားအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဆင်းသက်ပြီး ရှာဖွေမှုများ ပြုလုပ်ခဲ့ရသည်။ လူစည်ကားရာ လေဆိပ်များတွင် လုံခြုံရေးကျိုးပေါက်မှုများ ဖြစ်ပွား ပြီးနောက် အဆိုပါ ဗုံးလန့်မှုများ အဆက်မပြတ်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

မကြာသေးမီက ပြုလုပ်ခဲ့သော အမေရိကန်ပြည်တွင်း လုံခြုံရေးဌာန၏ ပြည်တွင်းစုံစမ်းစစ်ဆေးမှုများအရ လေဆိပ်ရှိ လုံခြုံရေးဆိုင်ရာ စစ်ဆေးချက်များ အားနည်းကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားခြင်းသည် ပထမဆုံးအကြိမ်မဟုတ်ဘဲ ပြီးခဲ့သော ၂၀၁၃ ခုနှစ်ကလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)




## အာဖဂန်စစ်ဘက်မှ အကြမ်းဖက်သမား ၂၈ ဦးကို သုတ်သင်နိုင်ခဲ့

**ကဘူးလ် ဇွန် ၃**

အာဖဂန်နစ္စတန်တစ်ဝန်း စစ်ဆင်ရေး လုပ်ဆောင်မှုအသစ်တွင် အကြမ်းဖက်သမား ၂၈ ဦးကို သုတ်သင် ရှင်းလင်းနိုင်ခဲ့ကြောင်း နိုင်ငံ၏ ကာကွယ်ရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်း၌ ပြီးခဲ့သည့် ၂၄ နာရီအတောအတွင်း ပြုလုပ်ခဲ့သော စစ်ဆင်ရေးတွင် အကြမ်းဖက်သမား ၂၈ ဦး သေဆုံးခဲ့ပြီး ၂၇ ဦး ဒဏ်ရာရရှိကာ နှစ်ဦးကို အာဖဂန် စစ်ဘက်က ဖမ်းဆီးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ရုတ်တရက် ထိုးစစ်ဆင်မှုပြုလုပ်ခဲ့သည့်စစ်ပွဲတွင် အကြမ်းဖက်သမားများဘက်မှ လက်နက်များ၊ စနက်တံဖြုတ်သည့် လက်ပစ်ဗုံးများနှင့် မြေမြှုပ်မိုင်းများကို တပ်မတော်မှ သိမ်းဆည်းနိုင်ခဲ့သည်။

အကြမ်းဖက်သမားများနှင့် ထိုးစစ်ဆင်နေစဉ် အစိုးရဘက်မှ စစ်သည်သုံးဦး မြေမြှုပ်မိုင်းနင်းမိ၍ ကျဆုံးခဲ့သည်။

အာဖဂန်တွင် တာလီဘန်များ ဆက်လက် ဆူပူအုံကြွနေသောကြောင့် မငြိမ်သက်သော နယ်မြေများတွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက တည်ငြိမ်မှုရရှိရေး အလေးထားဆောင်ရွက်လျက်ရှိသည်။

(ဆင်ဟွာ)



# တရုတ်သင်္ဘောနစ်မြုပ်မှုတွင် ရေငုပ်သမားများက ပိုက်စိပ်တိုက်ရှာဖွေရာ သေဆုံးသူ ၁၈ ဦးထိရှိလာ

**ရှန်ဟိုင်း ဇွန် ၃**

နှစ်ပေါင်း ၇၀ နီးပါးအတွင်း အဆိုးရွားဆုံးဖြစ်ပွားသော တရုတ်သင်္ဘောနစ်မြုပ်မှုတွင် ပျောက်ဆုံးသူဦးရေ ၄၀၀ ကျော်ရှိပြီး အများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ယန်ဇီမြစ်အတွင်း ရေငုပ်သမားများက ပိုက်စိပ်တိုက်ရှာဖွေခဲ့ရာ သေဆုံးသူ ၁၈ ဦးထိရှိကြောင်း သိရသည်။

ကယ်ဆယ်ရေးသမားများသည် နစ်မြုပ်သင်္ဘော Easten Star အနီးတစ်ဝိုက်၌ ညလုံးပေါက် ရှာဖွေခြင်းများ ပြုလုပ်ခဲ့ပုံကို ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသခဲ့သည်။ သင်္ဘောပေါ်၌ခရီးသည် ၄၅၆ ဦးပါရှိရာ မာလိန်မှူး အပါအဝင် လူပေါင်း ၁၄ဦးကိုသာ အသက်ရှင်လျက်တွေ့ရသည်။

သင်္ဘောအခန်းတွင်းရှိ တံခါးပေါက်များတွင် စားပွဲများ၊ အိပ်စင်များ ပိတ်ဆို့နေမှုကြောင့် ရေငုပ်သမား ၂၀၀ခန့်မှာ အခက်အခဲများစွာ ကြုံတွေ့နေရသော်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို အရှုံးပေးမည့်ပုံမပေါ်ဘဲ ဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို အထူးအားထုတ်လုပ်ဆောင်လျက်ရှိကြောင်း ရေတပ်ကွပ်ကဲရေးမှူး ဟူဒေါင်ယန်က ဟူပေနေ့စဉ်သတင်းစာသို့ ပြောကြားသည်။

ပြီးခဲ့သောနှစ်က တောင်ကိုရီးယားကူးတို့ယာဉ် နစ်မြုပ်မှုတွင် ဆယ်ကျော်သက် ကျောင်းသားကျောင်းသူ ၃၀၄ ဦး သေဆုံးခဲ့သည်။

ယန်ဇီမြစ်အစုန်ဘက် ကီလိုမီတာ ၂၂၀ (၁၃၅မိုင် )အထိ ရှာဖွေရေးနယ်မြေကို သတ်မှတ်ထားကြောင်း ရုပ်သံတွင် ဖော်ပြထားပြီး မိုးသည်းထန်စွာရွာသွန်းသဖြင့် မြစ်ရေတက်လာမှုကြောင့် သင်္ဘောနစ်မြုပ်သည့်နေရာမှ မျောပါသွားသူများ ရှိနိုင်ကြောင်း အကြံပြုထားသည်။

ဟူနန်နယ်ရှိ ယွေ့ယမ်မြို့အနီး ကီလိုမီတာ ၅၀ အကွာ၌ သေဆုံးသူ အလောင်းသုံးလောင်းကို တွေ့ရကြောင်း မီဒီယာများတွင် ဖော်ပြသည်။

(ရိုက်တာ)

# ကိုးလတာတိုက်ပွဲများအတွင်း အိုင်အက်စ်စစ်သွေးကြွပေါင်း ၁၀၀၀၀ ကို သုတ်သင်ခဲ့ဟု အမေရိကန်ဆို

**နယူးယောက် ဇွန် ၃**

အီရတ်နှင့် ဆီးရီးယား၌ ကိုးလတာကာလအတွင်း နိုင်ငံတကာညွန့်ပေါင်းအဖွဲ့က စစ်သွေးကြွအုပ်စုများကို တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အိုင်အက်စ်စစ်သွေးကြွပေါင်း ၁၀၀၀၀ ကျော်ကို သုတ်သင်နိုင်ခဲ့ကြောင်း အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ပါရီတွင် မဟာမိတ်အဖွဲ့များနှင့် တွေ့ဆုံခဲ့ပြီးနောက် အိုင်အက်စ်များကို သုတ်သင်ရှင်းလင်းရာတွင် ထိရောက်မှု အတော်များများရှိသော်လည်း စိတ်ဓာတ်ပြင်းထန်သော အိုင်အက်စ်အဖွဲ့များ ကျန်ရှိနေသေးကြောင်း ၎င်းက ပြောကြားခဲ့သည်။

အင်္ဂါနေ့က အနောက်နိုင်ငံများနှင့် အာရပ်ပြည်ထောင်စုတို့က အိုင်အက်စ်စစ်သွေးကြွများကို ပစ်မှတ်ထားပြီး လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ တိုက်ခိုက်ရေးစစ်ဆင်မှုသည် အချိန်အတိုင်းအတာတစ်ခု လိုအပ်ကြောင်း၊ သုံးနှစ်စီမံကိန်းအဖြစ် သတ်မှတ်ထားရာ ယခုဆိုလျှင် ကိုးလထိရှိပြီဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)



# ဒီမိုကရေစီနိုင်ငံထူထောင်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေသည့် မြန်မာနိုင်ငံအပေါ် မှန်ကန်မျှတစွာပြောဆို

နေပြည်တော်　ဇွန်　၃

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ မစ္စတာဘန်ကီမွန်းထံသို့ ယနေ့ရက်စွဲဖြင့် စာတစ်စောင်ပေးပို့သည်။ အဆိုပါ ပေးစာအပြည့်အစုံအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်**
**နေပြည်တော်**

**၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်**

သို့

မစ္စတာ ဘန်ကီမွန်း
ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်
ဥက္ကဋ္ဌ
ကုလသမဂ္ဂ လုံခြုံရေးကောင်စီ

၁။ ဒီမိုကရေစီနိုင်ငံထူထောင်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေသည့် မြန်မာနိုင်ငံအပေါ် မှန်ကန်မျှတစွာပြောဆိုပြုမူ ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံခြင်းဖြစ်ပါသည်။

၂။ ယခုအခါ လူကုန်ကူးခြင်းကိစ္စ၊ လှေစီးသွားလာသူများကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားမှုများ မဖြစ်ပေါ်စေရန်၊ မြန်မာနိုင်ငံအတွင်း လူမျိုးစုအရေးပဋိပက္ခများ မကြီးထွားစေရန် ပြည်တွင်းပြည်ပနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အထူးအလေးပေးစေလိုပါသည်။

၃။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့လုံခြုံရေးနှင့်တည်ငြိမ်ရေးကို ဦးတည်ပြီး နိုင်ငံတကာအသိုက်အဝန်းက ပြဿနာများအား ဓမ္မဓိဋ္ဌာန်ကျကျ ဖြေရှင်းရေးကို အဓိကထားကာ ဘက်လိုက်မှုကင်းစွာဖြင့် ချဉ်းကပ်ရန်လိုပါသည်။

၄။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးကြိုးပမ်းမှုများ ပိုမိုခိုင်မြဲစေရန် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် မြန်မာတိုင်းရင်းသားများ၏ စရိုက်လက္ခဏာများကိုပါ ထည့်သွင်းစဉ်းစားပြီး အဘက်ဘက်မှ အပြုသဘောဆောင်ရွက်ပေးခြင်းဖြင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ကြပါစေ။

**တည်ကြည်ဖြောင့်မတ်စွာဖြင့်**

**သူရဦးရွှေမန်း**
**ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်**
**နာယက၊ ပြည်ထောင်စုလွှတ်တော်**

# မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း

**မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း**
**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်　။)**
**၁၃၇၇ ခုနှစ်၊　လ　ရက်**
**( ၂၀၁၅ ခုနှစ်၊　လ　ရက် )**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၂ ၊ ပုဒ်မခွဲ(ဌ)၊ ပုဒ်မခွဲငယ်(၁)၊ (၂)၊ (၃)၊(၄)၊ ပုဒ်မ ၁၁၊ ၁၃၊ ၃၀ ပုဒ်မခွဲ(ဆ) နှင့် ပုဒ်မ ၃၃ တို့ကို ပယ်ဖျက်ရမည်။

၃။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် ပါရှိသည့် "the Excise Commissioner" ဆိုသည့် စကားရပ်ကို "the Director General of the General Administration Department" ဟူသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေပုဒ်မ ၆ ၊ ပုဒ်မခွဲ(က)၊ (ဂ)၊ တို့တွင်ပါရှိသော "the Excise Department" ဟူသည့် စကားရပ်ကို "the General Administration Department" ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေပုဒ်မ ၃၀ တွင် ပါရှိသော "shall be punishable with imprisonment which may extend to six months, or with fine which may extend to one thousand kyats or with both" ဆိုသည့်စကားရပ်ကို "shall be punishable with imprisonment for a term from a minimum of six months to a maximum of two years, or shall be liable to fine with a minimum of one million kyats to a maximum of two million kyats or with both" ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေပုဒ်မ ၃၁ တွင်ပါရှိသော "shall be punishable with imprisonment which may extend to one year and shall also be liable to fine" ဆိုသည့် စကားရပ်ကို "shall be punishable with imprisonment for a term from a minimum of one year to a maximum of three years and shall also be liable to fine with a minimum of two million kyats to a maximum of three million kyats" ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

**ပြည်သူအများ သိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

❍ ကျောဖုံးမှ

၃။ (၂၉-၅-၂၀၁၅) ရက်နေ့တွင်လည်း မြန်မာ့တပ်မတော်(ရေ)မှ ပင်လယ်ပြင်လုံခြုံရေးတာဝန်ထမ်းဆောင်စဉ် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အရှေ့တောင်ဘက် မြန်မာနိုင်ငံပိုင်နက် ရေပြင်အတွင်း သံသယဖြစ်ဖွယ် ငါးဖမ်းလှေတစ်စင်းကို တွေ့ရှိခဲ့ပါသည်။ ယင်းလှေပေါ်တွင် အမျိုးသား၊ အမျိုးသမီး၊ ကလေးစုစုပေါင်း(၇၃၄) ယောက်ပါရှိကြောင်း တွေ့ရှိရပါသည်။ ဖော်ပြပါ လှေစီးသွားလာသူများကိုလည်း မူလလာရောက်သည့်နေရာသို့ ချောမွေ့မြန်ဆန်စွာပို့ဆောင်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အမျိုးသမီးနှင့် ကလေးများအား တောင်ပြို(လက်ဝဲ)မြို့အနီး ယာယီနေရာ၌လည်းကောင်း၊ ကျန်လူများအား တောင်ပြို(လက်ဝဲ)မြောက်ဘက် ဘင်္ဂလားဒေ့ရှ်နယ်စပ်မှတ်တိုင်(၃၇)အနီး၌ ယာယီအမိုးအကာပေး၍ လည်းကောင်း လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် စောင့်ရှောက်မှုများ ပြုလုပ်ထားပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် လှေစီးသွားလာသူများအား အမြန်ဆုံးသက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် သံတမန်လမ်းကြောင်းဖြင့် အဆက်မပြတ် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

၅။ ယနေ့ ၃-၆-၂၀၁၅ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်မှ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား နေပြည်တော်သို့ ခေါ်ယူတွေ့ဆုံခဲ့ပါသည်။ ယင်းသို့တွေ့ဆုံခဲ့ရာတွင် ပြည်ထောင်စုဝန်ကြီးမှ လှေစီးသွားလာသူများကို မြန်မာနိုင်ငံက လူသားချင်း စာနာထောက်ထားမှုရှုထောင့်အရ ယာယီစောင့်ရှောက်မှုပေးထားလျက်ရှိကြောင်း၊ ကောင်စစ်တွေ့ဆုံမှုပြုပြီး စိစစ်အတည်ပြုပြီးသည့် မြန်မာနိုင်ငံတွင် ယာယီစောင့်ရှောက်မှုပေးထားသူများအား အမြန်ဆုံးပြန်လည်ခေါ်ယူရန် တိုက်တွန်းကြောင်း ပြောကြားခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးမှ မိမိအစိုးရသည် ဤကိစ္စကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့်အားလျော်စွာ အမြန်ဆုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ခေါ်ယူမှုလုပ်ငန်းစဉ်ကို လာမည့် ၇-၆-၂၀၁၅ ရက်နေ့တွင် စတင်နိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

၆။ ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးမှ တာဝန်ရှိသူများနှင့် စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများ ပူးပေါင်းလျက် ၄-၆-၂၀၁၅ ရက်တွင် နောက်ထပ်ယာယီစောင့်ရှောက်ထားသည့် လှေစီးသွားလာသူများကို ကောင်စစ်တွေ့ဆုံမှုများ စတင်ပြုလုပ်သွားမည်ဖြစ်သည်။

၇။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူတစ်ရပ်လုံး၏အကျိုးစီးပွား၊ နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံတော်၏ အကျိုးစီးပွားတို့ကို အကောင်းဆုံးကာကွယ်စောင့်ရှောက်နိုင်ရန် လှေစီးသွားလာသူများကိစ္စကို အလေးအနက်စဉ်းစားလျက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ကာ မူရင်းထွက်ခွာရာနေရာများသို့ ပြန်လည်ပို့ဆောင်ရေးကို စီမံဆောင်ရွက်လျက်ရှိကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်။**

## သံအမတ်ကြီး ဦးသစ်လင်းအုန်း ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၄** မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းသည် ၄င်း၏ ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် မေ ၂၆ ရက်တွင် အူလန်ဘာတာမြို့၌ မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်ဘက်ဒေါ်ချ် ဆာခီယာဂျင်ထံ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ **(သတင်းစဉ်)**




# ဧရာဝတီ-ကျောက်ဖယား-မဲခေါင်မှသည် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာဆီသို့

နန္ဒာဝင်း







**"ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ထိပ်သီးအစည်းအဝေးနှင့် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးတို့ကို တက်ရောက်လာကြသော ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား လှိုက်လှဲစွာ ကြိုဆိုပါသည်"** ဆိုသည့် ကြိုဆိုရေးဆိုင်းဘုတ်များကို နေပြည်တော်၌ မကြာမီ တွေ့မြင်ရတော့မည်။

**ACMECS ထိပ်သီးအစည်းအဝေးများကို နယ်စပ်ဒေသများတွင် စွမ်းဆောင်ယှဉ်ပြိုင်နိုင်မှု မြှင့်တင်ရန်နှင့် ယခုထက် ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အခွင့်အလမ်းပိုမိုကောင်းမွန်သည့် ဒေသများသို့ ပြောင်းရွှေ့ရာ၌ ပိုမိုလွယ်ကူချောမွေ့စေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် လေးနိုင်ငံအကြား ဝင်ငွေကွာဟမှု လျော့နည်းလာစေရန် စသည့်ရည်မှန်းချက်များဖြင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာကိုချမှတ်ခဲ့**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး၊ ၎င်းနိုင်ငံများနှင့် ထိုင်းနိုင်ငံပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား -မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးများကို ဇွန် ၂၂ ရက် မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၁) ၌ ကျင်းပမည်ဖြစ်သည်။

CLMV နိုင်ငံများအနေဖြင့် ဒေသတွင်းနှင့် ဒေသခွဲအတွင်း လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်သွားရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး အလားအလာကောင်းများကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းများအဖြစ်အသုံးပြုကာ ဒေသခွဲအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်း ပိုမိုမြှင့်တင်သွားရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးမှုနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကာ ဒေသတွင်းငြိမ်းချမ်းတည်ငြိမ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကာ စီးပွားရေးအကူအညီနှင့် ဒေသခွဲအတွင်း ရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိလာစေရန် စသည့် ဦးတည်ချက်များဖြင့် CLMV ၏ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။

CLMV ထိပ်သီးအစည်းအဝေးများကို နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပခဲ့ပြီး ကုန်သွယ်ရေးနှင့် စီးပွားရေး ရင်းနှီးမြှုပ်နှံမှု၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးရေးနှင့် စက်မှုစွမ်းအင်၊ သတ္တုရှာဖွေရေး၊ ရေအားလျှပ်စစ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်း၌ လေးနိုင်ငံခရီးစဉ် စသည်ဖြင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

"ကဏ္ဍကြီး(၈)ခုမှာ ကမ္ဘာလှည့်ခရီးသွားကဏ္ဍကို ကမ္ဘောဒီးယား၊ ပို့ဆောင်ရေးကဏ္ဍကိုတော့ လာအို၊ မြန်မာနိုင်ငံက စိုက်ပျိုးရေး၊ စက်မှုနဲ့စွမ်းအင်ကဏ္ဍ(၃)ခု၊ ဗီယက်နမ်က ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ သတင်းနဲ့ နည်းပညာအချက်အလက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍဆိုပြီး ဦးဆောင်မယ့် နိုင်ငံတွေ သတ်မှတ်ထားပါတယ်"ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

CLMV ထိပ်သီးအစည်းအဝေးများကို ၂၀၀၄ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌လည်းကောင်း ကျင်းပခဲ့သည်။

"မူလတုန်းက CLMV က သူ့လမ်းကြောင်းနဲ့သူ ထိပ်သီးအစည်းအဝေးလုပ်တယ်။ ဒီ ACMECS ကလည်း သူ့လမ်းကြောင်းနဲ့သူ ကျင်းပတယ်။ နောက်ပိုင်းမှာ ACMECS နဲ့ CLMV ထိပ်သီးအစည်းအဝေးနှစ်ခုကို တစ်တွဲတည်း Back to Back လုပ်မယ်ဆိုပြီး ၂၀၀၈ ခုနှစ်မှာစပြီး နှစ်ခုပေါင်း ကျင်းပခဲ့ပါတယ်။ နောက်ပိုင်းမှာ CLMV ရော ACMECS ရော ထိပ်သီးအစည်းအဝေး နှစ်ခုကို တစ်တွဲတည်း သက်ဆိုင်ရာနိုင်ငံတွေက ဆက်လုပ်သွားတယ်။ ဗီယက်နမ်ကစပြီးတော့ ကမ္ဘောဒီးယား၊ လာအို အခုဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း တစ်တွဲတည်း နှစ်ခုလုပ်သွားမှာဖြစ်ပါတယ်" ဟု နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်က ပြောသည်။

ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးများကို ပထမအကြိမ်အဖြစ် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၂ရက်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ ကျင်းပခဲ့ပြီး ACMECS၏ ရှေ့လုပ်ငန်းစဉ်နှင့် ပုဂံကြေညာစာတမ်းကို ထုတ်ပြန်နိုင်ခဲ့သည်၊ ၂၀၀၅ ခုနှစ်တွင် ACMECS ၌ ဗီယက်နမ်နိုင်ငံ ပါဝင်လာသဖြင့် ယခုအခါ အဖွဲ့ဝင် ငါးနိုင်ငံ ရှိလာခဲ့ပြီ ဖြစ်သည်။

ACMECS ထိပ်သီးအစည်းအဝေးများကို နယ်စပ်ဒေသများတွင် စွမ်းဆောင် ယှဉ်ပြိုင်နိုင်မှု မြှင့်တင်ရန်နှင့် ယခုထက် ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အခွင့်အလမ်း ပိုမိုကောင်းမွန်သည့် ဒေသများသို့ ပြောင်းရွှေ့ရာ၌ ပိုမိုလွယ်ကူချောမွေ့စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် လေးနိုင်ငံအကြား ဝင်ငွေကွာဟမှု လျော့နည်းလာစေရန် စသည့်ရည်မှန်းချက်များဖြင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာကို ချမှတ်ခဲ့သည်။

"CLMVဆိုတာကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် လေးနိုင်ငံပါတဲ့ အစည်းအဝေးဖြစ်ပါတယ်၊ CLMV, ACMECS လို့လည်း အတိုကောက်ခေါ်ပါတယ်။ ဒီ ACMECS ရဲ့အရှည်က ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာဖြစ်ပါတယ်။ CLMV က ဒေသရဲ့ စီးပွားရေးအခြေခံကောင်းတွေကို အသုံးချပြီး ဒီဒေသတွေမှာ စီးပွားရေးတိုးတက်လာအောင်၊ နောက်ပြီးတော့ ဒီဒေသမှာရှိတဲ့ ပြည်သူတွေရဲ့ လူနေမှုဘဝ မြင့်တက်လာအောင် ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်"ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

ACMECS ၏ ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်း လေးနိုင်ငံ အစိုးရအဖွဲ့အကြီးအကဲများ၏ အစည်းအဝေးကို ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုစေမည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ၏ ရှေ့လုပ်ငန်းစဉ်ကို အမြင်ချင်းဖလှယ်ခဲ့ကြပြီး အာဆီယံပေါင်းစည်းရေးအတွက် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်နှင့် လက်ရှိ အကောင်အထည်ဖော်လျက်ရှိသော နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ဖြည့်စွက်အထောက်အကူပြုပေးနိုင်ရန် ဆွေးနွေးခဲ့ကြပြီး ပုဂံကြေညာစာတမ်းနှင့် ရှေ့လုပ်ငန်းစဉ်တို့ကို အတည်ပြု ထုတ်ပြန်ခဲ့သည်။

အဆိုပါ ပုဂံကြေညာစာတမ်းအရ လေးနိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာကို လေးနိုင်ငံရှိ အဓိကမြစ်ကြီးများ၏ အမည်ကိုအခြေပြု၍ **ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ (ACMECS)** ဟု ခေါ်တွင်ရန် သဘောတူညီခဲ့ကြသည်။

"အခုကျင်းပမယ့် ACMECS အစည်းအဝေးမှာ CLMV မှာလိုပဲ ဦးဆောင်မယ့်နိုင်ငံတွေ သတ်မှတ်ထားတာရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ စိုက်ပျိုးရေးနဲ့ စက်မှုစွမ်းအင်ကဏ္ဍကို တာဝန်ယူထားပါတယ်။ ထိုင်းနိုင်ငံအနေနဲ့ကတော့ ကုန်သွယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လာအိုနိုင်ငံက ပို့ဆောင်ရေးကဏ္ဍ၊ ကမ္ဘောဒီးယားက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ ဗီယက်နမ်နိုင်ငံက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍကို တာဝန်ယူထားပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်က ပြောသည်။

CLMV အစည်းအဝေးကို ၂၀၀၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၀၈ခုနှစ်တွင် ACMECS နှင့် တစ်ပေါင်းတည်း ကျင်းပခဲ့သည်။ CLMV သည် အာဆီယံနိုင်ငံများအတွင်းမှ ဖွံ့ဖြိုးမှုနည်းသေးသည့် နိုင်ငံများဖြစ်ကြပြီး အချင်းချင်း ရိုင်းပင်းကူညီကာ တိုးတက်အောင် စီမံဆောင်ရွက်လျက် ရှိသည်။ ACMECS တွင် ထိုင်းနိုင်ငံပါဝင်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာ ချမှတ်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

မကြာမီကျင်းပမည့် (၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေးနှင့် ထိုင်းနိုင်ငံပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေးများသည် CLMV လေးနိုင်ငံမှ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာစေရန် ဦးတည်လျက် ရှိနေပြီဖြစ်ပါသည်။



**ဧရာဝတီ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်း မေ ၃၁ ရက်က ဓနုဖြူမြို့နယ်၌ ဓာတ်အား မပြတ်တောက်စေရေး၊ ဓာတ်အားပေးစနစ် တိုးတက်ကောင်းမွန်စေရေးတို့အတွက် ၃၃/၁၁ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံ ၃၃ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းတို့ကို စစ်ဆေးစဉ်။**

(မြို့နယ် ပြန်/ဆက်)



**နီပေါနိုင်ငံတွင် ငလျင်ဘေး ကြုံတွေ့ခဲ့ရသော ပြည်သူများသို့ မြန်မာနိုင်ငံမှ ပြည်သူများက လှူဒါန်းသော အမေရိကန်ဒေါ်လာ ၅၂၀၀ ပေးအပ်ပွဲကို ဇွန် ၁ ရက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်းရှိ သျှရီကာရီမယ်တော်ဘုရားကျောင်း၌ ကျင်းပရာ ဘုရားကျောင်းဂေါပကအဖွဲ့က မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Sri. Paras Ghimire. ထံ ပေးအပ်စဉ်။**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မြန်မာ့သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုရန်အစီအစဉ် ခေတ္တရပ်ဆိုင်း

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၄ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးအတည်ပြုရန် အစီအစဉ်ကို ခေတ္တရပ်ဆိုင်းကြောင်း ကြေညာခဲ့သည်။

လွှတ်တော်(၂)ရပ် သဘောကွဲလွဲသော စုပေါင်းအဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက ယခုဥပဒေကြမ်းတွင် ပြင်ဆင်ချက်ပေါင်း (၃၁)ချက် ပါဝင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အချို့ကပြင်ဆင်ချက်ပေါင်း (၁၇)ချက်ကို ပြင်ဆင်ချက်တင်သွင်းထားပါကြောင်း၊ ယင်းပြင်ဆင်ချက်များတွင် ပြည်သူများအား တိုက်ရိုက်အကျိုးစီးပွားဖြစ်ထွန်းစေမည့်အချက်များပါဝင်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကောင်းမွန်သည့် ဥပဒေတစ်ရပ်ဖြစ်ပေါ်စေရန် အချိန်အနည်းငယ်ပေးပြီး ညှိနှိုင်းဆောင်ရွက်ခွင့်ပြုနိုင်ရန် လွှတ်တော်သို့တင်ပြခဲ့သည်။

**(သတင်းစဉ်)**




ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေစျေးနှုန်း တစ်ခုနှင့်တစ်ခု များစွာကွာဟမှုမဖြစ်စေရန်နှင့် တရားမဝင်ငွေစျေးကွက် လျော့ပါးစေရန်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **"တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရန်အတွက် စီမံဆောင်ရွက်ရာတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် လုံခြုံရေးထပ်မံတိုးချဲ့ရန်၊ တရားမဝင်တင်သွင်းလာသည့် အစားအစာများ၊ ဆေးဝါးများသုံးစွဲခြင်းမပြုရန်နှင့် ကျန်းမာရေးအသိပညာပေးခြင်းကို ဦးစားပေးဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က Mobile Team လုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကပင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့များဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း။

Mobile Team အဖွဲ့များ၏ လုံခြုံရေး အပြည့်အဝရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိ ၂၇ ဦး၊ အခြားအဆင့် ၉၈ ဦး စုစုပေါင်း ၁၂၅ ဦးကို နေရာဒေသအခြေအနေအလိုက် ဖြန့်ခွဲတာဝန်ပေးအပ်ထားရှိပြီးဖြစ်ရာ Mobile Team အဖွဲ့များ တာဝန်ထမ်းဆောင်လျက်ရှိသည့် နေရာဒေသအခြေအနေများအတွက် လုံလောက်မှုတမှု ရှိပါကြောင်း။

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနကို ဖွဲ့စည်းထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံကျသည့် စာသင်ကျောင်းများ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဟောပြောပွဲများ



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင် ဖြေကြားစဉ်။ (သတင်းစဉ်)



တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းဝင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ကျင်းပပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဈေးရောင်းချသူများကို ပညာပေးဆောင်ရွက်လျက်ရှိသည့်အပြင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် လိုက်နာနိုင်စေရန်အတွက် စားသောက်ကုန်၊ လူသုံးကုန်များကို ကွင်းဆင်းစစ်ဆေးပေးခြင်း၊ ပညာပေးဟောပြောမှုများ၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းဖြင့် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း ဖြင့် ဖြေကြားသည်။

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းဝင်း၏ "မြန်မာနိုင်ငံတွင် ငွေကြေးလဲလှယ်နှုန်း အမျိုးမျိုးဖြစ်နေသည်ကို သိရှိခြင်း ရှိ၊ မရှိ၊ သိရှိပါက ထိုကဲ့သို့ဖြစ်နေခြင်းသည် ကောင်းမွန်မှု ရှိ၊ မရှိနှင့် မရှိပါက မည်ကဲ့သို့ ပြုပြင်ဆောင်ရွက်မည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က မြန်မာနိုင်ငံ၌ မတူညီသောငွေလဲလှယ်နှုန်းများရှိပြီး အခြားနိုင်ငံများကဲ့သို့ပင် တရားဝင်မဟုတ်သော ဈေးကွက်လည်းရှိနေပါကြောင်း၊ မတူညီသောဈေးနှုန်းတစ်ခုနှင့်တစ်ခုသည် အချို့အချိန်များတွင် ပိုမို၍ကွာဟပြီး အချို့အချိန်များတွင် ကွာဟမှုနည်းသည်ကို တွေ့ရပါကြောင်း။

၂၀၁၄ ခုနှစ်၌ ကမ္ဘာ့စီးပွားရေးလောကတွင် အမေရိကန်နိုင်ငံ၏ Federal Reserve Bank အနေဖြင့် ၎င်းတို့၏အတိုးနှုန်းများကို တိုးမြှင့်သတ်မှတ်ရန် ဆောင်ရွက်ခြင်းနှင့် အမေရိကန်ဒေါ်လာဈေးနှုန်း ပိုမိုခိုင်မာလာစေရန် ဆောင်ရွက်သည့် အချိန်မှစ၍ ဒေါ်လာဈေးနှုန်း သိသိသာသာမြင့်တက်ခြင်း၊ ဒေသတွင်းနိုင်ငံများ၌လည်း နိုင်ငံအလိုက် ငွေကြေးဈေးတန်ဖိုးများ လျော့ကျလာခြင်းတို့ကြောင့် မြန်မာငွေကြေး ကျဆင်းလာပြီး ဈေးနှုန်းများ အနည်းငယ် ပိုမိုကွာဟလာသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတကာ၌လည်း ဒေါ်လာဈေးတက်သဖြင့် သက်ဆိုင်ရာနိုင်ငံများ၏ ငွေကြေးတန်ဖိုးများ ကျဆင်းခဲ့ပါကြောင်း။

မြန်မာငွေကြေးသည် လက်ရှိအမည်ခံငွေလဲလှယ်နှုန်းအရ ကျဆင်းလာသော်လည်း ငွေကြေးဖောင်းပွမှုထိန်းညှိပေးခြင်းကို ထည့်သွင်းစဉ်းစားထားသည့် အမှန်သက်ရောက်မှုရှိသော ငွေလဲလှယ်နှုန်းအနေဖြင့် ၁၀၀ အထက်တွင်ပင် ရှိနေသည့်အတွက် မြန်မာကျပ်ငွေတန်ဖိုး သိသိသာသာ ကျဆင်းခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေဈေးနှုန်း တစ်ခုနှင့်တစ်ခု များစွာကွာဟမှု မဖြစ်စေရန်နှင့် တရားမဝင်ငွေဈေးကွက် လျော့ပါးစေရန်အတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်၏သဘောထားကိုရယူ၍ **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** ကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အိမ်စီးယာဉ်များဖြင့် ကျောင်းကြိုပို့ခြင်းသည် ကျောင်းသားမိဘများဆန္ဒအရ ဆောင်ရွက်ခြင်းဖြစ်၍ ပိတ်ပင်ခြင်း၊ ခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်ရန်မရှိ

**နေပြည်တော် ဇွန် ၃**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၅၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ **ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာမြတ်ညဏစိုး၏ ရန်ကုန်မြို့တော်တွင် ယာဉ်ကြောပိတ်ဆို့နေမှုကိုလျှော့ချနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်လုံခြုံစိတ်ချရေးအတွက် ကျောင်းကားများကို အခွန်ကောက်ခံခြင်းမပြုဘဲ တင်သွင်းခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိနှင့် အိမ်စီးယာဉ်များဖြင့် ကျောင်းကြိုပို့ခြင်းကို ပိတ်ပင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များ အခွန်စည်းကြပ်ကောက်ခံရာ၌ ယာဉ်မောင်းအပါအဝင် ၁၀ ယောက်နှင့်အထက် စီးနင်းနိုင်သောခရီးသည်သယ်ယူပို့ဆောင်ရေးယာဉ်များကို ခရီးသည်တင်ယာဉ်အုပ်စုတွင် ထည့်သွင်းသတ်မှတ်ပြီး အကောက်ခွန် ၃ ရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း အခွန်စည်းကြပ်ကောက်ခံလျက်ရှိပါကြောင်း။

ကျောင်းကားဟု သီးခြားသတ်မှတ်ချက်ဖြင့် တင်သွင်းခွင့်ပြုမည်ဆိုပါက အကောက်ခွန်ဦးစီးဌာနက စည်းကြပ်ကောက်ခံလျက်ရှိသော အကောက်ခွန် သုံးရာခိုင်နှုန်းကို အထူးကိစ္စတစ်ရပ်အနေဖြင့် လျှော့ထားပါက ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေပုဒ်မ ၂၃ နှင့် အကောက်ခွန်နှုန်းဥပဒေ အခန်း(၄)အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်မည်ဖြစ်ပါကြောင်း။

တည်ဆဲ ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေနှင့် ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေများအရ ပြည်တွင်းအခွန်ဦးစီးဌာနက ကျောင်းကားများ ပြည်ပမှတင်သွင်းခြင်းအတွက် ကောက်ခံမည့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းနှင့် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းတို့ကို ပေးဆောင်ရမည်ဖြစ်ပါကြောင်း။

အခြေခံကျောင်းများ၌ တက်ရောက် သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို အိမ်စီးယာဉ်များဖြင့် ကျောင်းကြိုပို့ခြင်းသည် ကျောင်းသားမိဘများ၏ သဘောဆန္ဒအရ ဆောင်ရွက်ခြင်းဖြစ်၍ ပိတ်ပင်ခြင်း၊ ခွင့်ပြုပေးခြင်းတို့ကို ညွှန်ကြားဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။



ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြေကြားစဉ်။ (သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာ မြတ်ညဏစိုး မေးမြန်းစဉ်။ (သတင်းစဉ်)

ယင်းအစီရင်ခံစာ၏ လေ့လာတွေ့ရှိချက်တွင် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများကို ဆန္ဒမဲပေးခွင့်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ကြောင်း ပါရှိသည်။

ထို့နောက် **ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆိုင်ပေါင်းနပ်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်တို့က ဆွေးနွေးကြရာ လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရန် ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

# မြကျွန်းသာဥယျာဉ်စီမံကိန်းက MIC ကို အဆိုပြုလွှာတင်လာသေးခြင်းမရှိတဲ့အတွက် မှတ်ချက်ပေးလို့မရပါဘူး

## မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ချိုချိုဝင်းနှင့် တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်း-ခင်မောင်ထွေး၊ ဝင်းဝင်းမော်

**ရန်ကုန် ဇွန် ၃**

ဗဟိုဦးစီးစနစ်နှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့မှုကြောင့်လည်းကောင်း၊ တစ်ဖန် အနောက်နိုင်ငံကြီးများ၏ စီးပွားရေး ပိတ်ဆို့မှုများကြောင့်လည်းကောင်း မြန်မာ့စီးပွားရေးသည် ဒေသတွင်း၌ များစွာနောက်ကျကျန်ရစ်ခဲ့ရသည်။

ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနှင့်အတူ သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရသစ်လက်ထက်တွင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုပေါင်းများစွာ ဝင်ရောက်ခဲ့သည်။

ထိုသို့ ဝင်ရောက်လာမှုနှင့်အတူ အစိုးရသစ်လက်ထက်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်တွင်လည်းကောင်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့သည်။

သို့သော်လည်း ဒေသန္တရ ရင်းနှီးမြှုပ်နှံမှုအချို့တွင် ပေါင်းစပ်ညှိနှိုင်းမှုအပိုင်း၌ ဟာကွက်အချို့ရှိနိုင်သည်။ ယခုလတ်တလော မြကျွန်းသာဥယျာဉ် စီမံကိန်းနှင့်ပတ်သက်၍ ပြည်သူအချို့၏ အကြံပြုထောက်ပြမှုများ ပေါ်ထွက်လာခဲ့ရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ မူဝါဒ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ချိုချိုဝင်းအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်-

**မေး။ ။ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ယခင်အစိုးရလက်ထက်မှာ နှစ်(၃၀)အထိသာ လုပ်ကိုင်ခွင့်ပေးခဲ့ပြီး ယခု အစိုးရသစ်လက်ထက်မှာ နှစ်(၆၀)အထိ လုပ်ကိုင်ခွင့်ပြုတာ ဘယ်လိုရည်ရွယ်ချက်ပါလဲ။**

ဖြေ။ ။ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေအတွက် အခုဥပဒေအသစ် ထွက်လိုက်တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေက ၂၀၁၂ မှာထွက်တယ်၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေက ၂၀၁၃ မှာထွက်တယ်။ ဒီဥပဒေနှစ်ရပ်လုံးကိုကြည့်ရင် ရင်းနှီးမြှုပ်နှံမှုကို အရင်တုန်းက ကနဦး မြေငှားရမ်းခွင့်လုပ်ငန်းများကို လုပ်ကိုင်ရင် မြေငှားရမ်းခွင့်နဲ့ ပတ်သက်ပြီး ပေးလိုက်တာသည် အနှစ်(၃၀) ဆိုတာ ကျွန်မနားလည်တယ်၊ မြေငှားပြီး အလုပ်လုပ်ရတာကြောင့် မူလက အနှစ်(၃၀)ပေးရတယ်၊ တိုးချဲ့ပြီးတော့ သက်တမ်းတိုးချင်ရင် (၁၅)နှစ်(၂)ကြိမ် တိုးတိုးသွားတာ၊ ဒါသည် အဟောင်း။ စောစောက ပြောတဲ့ ဥပဒေသစ် (၂)ရပ် ထွက်ပြီးတဲ့အခါ ရင်းနှီးမြှုပ်နှံမှုရဲ့လုပ်ငန်းအမျိုးအစား၊ ပမာဏပေါ်မှာ မူတည်ပြီး ကနဦးမြေငှားတဲ့လုပ်ငန်းကို အခြေခံတာကြောင့် အရင်ဆုံး နှစ်(၅၀)ပေးတယ်။ အဲဒီနောက်မှာ လုပ်ငန်းရဲ့အပေါ်မှာ မူတည်ပြီး ဆက်လက် လုပ်ကိုင်လိုတယ်ဆိုရင် (၁၀)နှစ်(၂)ကြိမ်ပေးတယ်။ ဒါက တစ်ဆက်တည်းသွားတယ်။ ကနဦး (၅၀) အပေါင်း(၁၀)၊ အပေါင်း(၁၀) စုစုပေါင်း(၇၀)ပါ။ ကျွန်မတို့ပြောချင်တာ နှစ်(၆၀)မဟုတ်ဘူး၊ အခြားနေရာက ကျင့်သုံးတာလည်းဖြစ်မယ်၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က မဟုတ်ပါဘူး။ ကော်မရှင်က ဥပဒေသစ်တွေမှာ ကနဦး(၅၀) တိုးချဲ့က (၁၀)နှစ်(၁၀)နှစ် ဒါတွေအားလုံးက ကြိုတင်စည်းကမ်းသတ်မှတ်ချက်ရှိတယ်။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစား ပမာဏပေါ်မူတည်ပြီး ခွင့်ပြုခြင်းဖြစ်တယ်။ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ဒီဥပဒေနှစ်ရပ်လုံးကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားခြင်းဖြစ်တယ်။ ရင်းနှီးမြှုပ်နှံမှုဟာ လုပ်ငန်းအမျိုးအစား သဘာဝ ပမာဏတွေအပေါ် မူတည်တာကြောင့် အချို့သော ရင်းနှီးမြှုပ်နှံမှုဟာအချိန်တိုအတွင်း အကျိုးအမြတ်များတယ်။ တချို့ကတော့ အချိန်လိုအပ်တယ် (ဥပမာ-ဟိုတယ်)။ အရင်းကျေလုပ်ငန်း သဘာဝကမတူတာပါသလို ရင်းနှီးမြှုပ်နှံမှုသဘာဝနဲ့ ကာလအပိုင်းအခြားမတူတာကြောင့် နှစ်ဦးနှစ်ဖက်အကျိုးရှိရမယ်။ လုပ်ငန်းကို ကြာကြာမြှုပ်နှံရင် ရင်းနှီးမြှုပ်နှံသူအတွက် ယုံကြည်မှုရှိလာတာကြောင့် ကိုယ့်ဘက်ကလည်း ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်မှုကို ဖြစ်စေတယ်။ တချို့နိုင်ငံတွေမှာဆိုရင် နှစ် ၉၀ ပေးထားတာ၊ အာဆီယံနိုင်ငံတွင်းမှာဆိုရင် ကျွန်မတို့ နိုင်ငံထက် ပိုချဲ့ထားတဲ့ နိုင်ငံတွေရှိတယ်။ ဒါသည် သူတို့အတွက် လုပ်ငန်းကာမိသလို အရင်းကျေကာလအတွက် လိုအပ်တဲ့လုပ်ငန်းတွေ ဖြစ်တာကြောင့် ကိုယ့်ဘက်ကလည်း နိုင်ငံသားနဲ့ ပေါင်းစပ်လုပ်ငန်း လုပ်ကိုင်တဲ့အခါ ရင်းနှီးမြှုပ်နှံမှုတင်မက အလုပ်လုပ်ရင်း မိမိနိုင်ငံက နည်းပညာကို မျှဝေသင်ယူရတာ ဖြစ်တယ်။

တချို့ကဆိုရင် လေ့လာစူးစမ်းသင်ယူမှုတွေ ဆောင်ရွက်ရတာကြောင့် လုံလောက်တဲ့ အချိန်ကာလလိုအပ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုရဲ့ မြေငှားကာလကို ရှည်အောင်ခွင့်ပြုလိုက်တာလို့ ကျွန်မသုံးသပ်တယ်။ နိုင်ငံတိုင်း သူ့ဥပဒေတွေရှိတယ်။ ကျွန်မတို့နိုင်ငံမှာလည်း အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုတဲ့ စာချုပ်ရှိတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံ အချင်းချင်း အခွင့်အရေးတွေပေးပြီး ဆောင်ရွက်တာရှိတယ်။



ဒေါ်ချိုချိုဝင်း
ဒုတိယညွှန်ကြားရေးမှူးချုပ်

**မေး။ ။ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေကို မြေနေရာ လုပ်ကိုင်ခွင့်ပြုရာမှာ ကာလပေါက်ဈေးထက် အဆမတန်နည်းပါးစွာ လုပ်ကိုင်ခွင့် ချထားပေးတဲ့အပေါ် ပြည်သူအချို့က ထောက်ပြပြောဆိုမှုနှင့် စပ်လျဉ်းပြီး MIC က ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ မြေလုပ်ပိုင်ခွင့် ရတဲ့နေရာရဲ့ ကာလပေါက်ဈေးလို့ ပြောမယ်ဆိုရင် မြေဈေးလို့ လူတွေက အတိုခေါ်ကြတယ်။ ကျွန်မတို့အနေနဲ့ မြေငှားရမ်းခလို့မြင်တယ်။ မြေငှားရမ်းခ လို့ပြောရင် MIC အနေနဲ့ မြေနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ MIC အတွက် ပြဋ္ဌာန်းထားတဲ့အချက်တွေကို ကျင့်သုံးပြီး လုပ်ကိုင်တာဖြစ်တယ်။ မြေနဲ့ပတ်သက်ပြီး ရှေ့မှာပြောခဲ့တဲ့ ကာလဘယ်လောက်အထိ ခွင့်ပြုနိုင်တယ်ဆိုတဲ့ နှစ်ကာလနဲ့ ပတ်သက်ပြီး ခွင့်ပြုနိုင်တဲ့အလုပ်ကို MIC က လုပ်တယ်၊ နောက်တစ်ချက်က ဥပဒေမှာပါဝင်တဲ့ ဘယ်လိုမြေအမျိုးအစားမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မလုပ်ရဘူးဆိုပြီး သတ်မှတ်ထားသလို ဥပဒေမှာလည်း တိတိကျကျ ပြဋ္ဌာန်းထားတယ်။ ရင်းနှီးမြှုပ်နှံသူဘက်မှာလည်း စည်းမျဉ်းများလိုက်နာကျင့်သုံးပြီး ဆောင်ရွက်တယ်။ မြေဈေးနဲ့ပတ်သက်ပြီး ဝင်ပါရမယ်လို့ ဥပဒေအရ မပေးထားသလို MIC သည် မြေငှားရမ်းခ၊ ဈေးနှုန်းနဲ့ ပတ်သက်ပြီး ဝင်ရောက်စွက်ဖက်မှု မရှိပါဘူး။ အရင်တုန်းက နိုင်ငံတော်က ငှားရမ်းရတယ်။ အခုဆိုရင် ပုဂ္ဂလိက မြန်မာနိုင်ငံသားတစ်ဦးချင်းစီထံက နိုင်ငံခြားသားက ငှားရမ်းလို့ရတယ်။ မြန်မာနိုင်ငံသားအချင်းချင်းသာမက နိုင်ငံခြားသားကလည်း မြန်မာနိုင်ငံသားထံမှ ငှားရမ်းလုပ်ကိုင်လို့ရတယ်။ မြေငှားတာက မြေရှင်နဲ့ မြေအသုံးပြုခွင့်ရထားသူ နှစ်ယောက်ရဲ့ နှစ်ဖက်ညှိနှိုင်းဆွေးနွေးပြီး သဘောတူတဲ့ဈေးနှုန်းပဲ။ MIC က ဘာမှ ဝင်ရောက်ပြောဆိုခြင်း မရှိပါဘူး။

MIC ကို လုပ်ငန်းဆောင်ရွက်ဖို့တင်ပြလာတဲ့အခါမှာ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုရန်စာ၊ သတ်မှတ်ထားတဲ့ အဆိုပြုလွှာပုံစံနဲ့ အထောက်အထား စာရွက်စာတမ်းတွေမှာ တစ်ခါတစ်ရံ အဆောက်အအုံနဲ့ မြေငှားရင် အဆောက်အအုံနှင့် မြေငှားတဲ့ စာချုပ်တွေပါလာတယ်။ ဒီလိုပါလာရင် ဒါတွေအားလုံးကို MIC တစ်ခုတည်းနဲ့ ဆုံးဖြတ်ခြင်းမဟုတ်ဘူး။ စိစစ်သုံးသပ်မှုတွေအတွက် အဖွဲ့တွေ ဖွဲ့ထားတာကြောင့် အဆိုပြုချက် စိစစ်ရေးအဖွဲ့က အရင်ဆုံး စိစစ်တယ်၊ သုံးသပ်တယ်။ ရင်းနှီးမြှုပ်နှံသူဘက်က မိမိတို့နိုင်ငံနဲ့ ကိုက်ညီမှုမရှိတာတွေ၊ ပြင်သင့်တာတွေ အကြံပေးတယ်။ ရင်းနှီးမြှုပ်နှံသူအနေနဲ့ပြင်ပြီး ပြန်လည်တင်ပြလာတဲ့အခါမှာ သက်ဆိုင်ရာလုပ်ငန်းနဲ့ နီးနွယ်တဲ့ဌာနတွေ၊ သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်မယ့် ဒေသအစိုးရအဖွဲ့တွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနတွေ၊ လိုအပ်တဲ့အဖွဲ့အစည်းတွေကိုပြန်ပြီး သဘောထားမှတ်ချက်တောင်းတယ်။ ဒါတွေကို မူတည်ပြီး နည်းပညာပိုင်း၊ စီးပွားရေးအကျိုးအမြတ်၊ လူမှုစီးပွားဘဝ သက်ရောက်မှု၊ ပတ်ဝန်းကျင်သက်ရောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံပတ်သက်ပြီး သက်ရောက်မှု၊ ဒါတွေကို စဉ်းစားပြီး MIC က ခွင့်ပြုပေးတာဖြစ်တယ်။ မြေဈေးနှုန်းမှာ MIC ဝင်ပါသလားပြောရင် မပါပါဘူး။

**မေး။ ။ လက်ရှိ မြကျွန်းသာစီမံကိန်းကကျပ်ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံမယ့် စီမံကိန်းဖြစ်ပေမယ့် MIC ကို တင်ပြပြီး ခွင့်ပြုမိန့်ရယူခြင်း မဟုတ်ဘူးလို့ သိရပါတယ်။ MIC က ချမှတ်ထားတဲ့ မူဝါဒ၊ စည်းမျဉ်း စည်းကမ်းတွေနဲ့ ညီညွတ်ပါသလား။**

ဖြေ။ ။ မြကျွန်းသာစီမံကိန်းဆိုတာ ကျွန်မတို့လည်း ကြားလိုက်ပါတယ်။ ဒီဟာက MIC ကို အဆိုပြုလွှာတင်လာသေးခြင်း မရှိဘူးဆိုတာမှန်ပါတယ်။ ဘာကြောင့်မတင်ရလဲဆိုတာ မေးတယ်ဆိုတော့ ဒီမေးခွန်းက ကျွန်မ အမှန်အတိုင်းပြောရရင် ဒီစီမံကိန်းကြီးကို ပါဝင်အကောင်အထည်ဖော်နေတဲ့ လူတွေပဲသိမယ်လို့ပဲ ကျွန်မယူဆတယ်။ ကျွန်မပြောရမယ်ဆိုရင် MICက ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး အဓိက လက်ကိုင်ကျင့်သုံးနေတာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေရယ်၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ။ ဒီဥပဒေနှစ်ရပ်က မလုပ်မနေရ ပြဋ္ဌာန်းပေးထားတဲ့ ဥပဒေမဟုတ်ပါဘူး။ မိမိဆန္ဒနဲ့အညီ စိတ်ကြိုက်ရွေးချယ် အကောင်အထည်ဖော်နိုင်ခွင့်ရှိတဲ့ ဥပဒေတွေပါ။

ဒီမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ရင် ဒီဥပဒေအရ MIC ကိုလျှောက်ပြီး လုပ်ခွင့်ရမှ လုပ်ရမယ်လို့ မပြောဘူး။ ရင်းနှီးမြှုပ်နှံသူက လာလျှောက်၊ MIC က ဘောင်နဲ့ သူ့ရဲ့လုပ်ထုံးလုပ်နည်းတွေ အခြေခံမှုတွေ၊ စည်းမျဉ်း စည်းကမ်းတွေပေါ်မှာ မူတည်ပြီး စိစစ်ပြီးတော့မှ ခွင့်ပြုမှာပဲ။ MIC ကို လာမယ်၊ မလာဘူးဟာ ရင်းနှီးမြှုပ်နှံသူရဲ့ ဆုံးဖြတ်ချက်ပဲ။ MIC ကိုလာရင် ဘာအကျိုးအမြတ်ရှိမလဲ။ ကျွန်မသာ ရင်းနှီးမြှုပ်နှံသူဆိုရင် MIC ကိုလာရင် ဘာတွေ အကျိုးအမြတ်ရမလဲ၊ ဘာစရိတ်တွေပေးရမလဲ၊ ကျွန်မအတွက် ဘယ်လိုစိန်ခေါ်မှုတွေ စွန့်စားမှုတွေ ဖြစ်လာမလဲ။ ဒီအချက်တွေကို ကျွန်မစဉ်းစားမှာပေါ့။ ဒါ့အပြင် MIC ကိုလာရင် သူရမယ့် အမြတ်တွေက ဘာလဲ၊ MIC ဥပဒေက ပြဋ္ဌာန်းထားတဲ့ အခွန်ကင်းလွတ်ခွင့်နဲ့ သက်သာခွင့်တွေကို သူခံစားရမယ်။ ဒါပေမယ့် ကျွန်မတို့ ဥပဒေမှာတော့ စည်းမျဉ်းစည်းကမ်းနဲ့ စီးပွားရေးအမျိုးအစား သတ်မှတ်ချက်တွေလည်း ထုတ်ပြန်ထားတာတွေရှိတယ်။ အဲဒီအထဲက ဥပဒေအတိုင်းပဲ ကျွန်မတို့ စည်းမျဉ်း စည်းကမ်းနဲ့ လုပ်ငန်းအပေါ်မှာ မူတည်ပြီးတော့ ခံစားခွင့်တွေပေးတယ်။ MIC လာရင် MIC ပြဋ္ဌာန်းချက်ခံစားရမယ်။ ဒါပေမယ့် တစ်ဖက်ကတော့ ခံစားရမယ့် အကောင်းချည်းပဲ မစဉ်းစားဘူး။ MIC လာရင် သူကုန်ကျမယ့်အချက်တွေ၊ လိုက်နာရမယ့် အချက်တွေရှိတယ်။ ကျွန်မတို့က သူ့ကိုစာချုပ်စာတမ်းတွေနဲ့ အတူတူတွဲတင်ရမယ်။ မြေဆိုလည်း ဒီမြေကို ဘယ်သူပိုင်နေသလဲ။ ဒါမျိုးတွေ သူအကုန်လုပ်ရတော့မယ်။

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



အင်းလျားကန်စောင်းရှိ မြကျွန်းသာဥယျာဉ်အတွင်း၌ ဆောက်လုပ်လျက်ရှိသော အဆောက်အအုံများကို တွေ့ရစဉ်။

# ကျောက်စိမ်းစေတီတော်မြတ် ရွှေထီးတော်တင်လှူပူဇော်ပွဲ အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပွဲကျင်းပ

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရှာမြင်းမှူးကျေးရွာတွင် တည်ထားကိုးကွယ်သည့် ကမ္ဘာ့ပထမဦးဆုံး ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲအထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပွဲတော်နှင့် ခြင်းကြီးအတော့ပြိုင်ပွဲဖွင့်ပွဲကို စေတီတော်အနီးရှိ ခြင်းလုံးအားကစားရုံသစ်၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ပွဲတော်နှင့် ခြင်းကြီးအတော့ပြိုင်ပွဲကို ယနေ့ ဖွင့်ပွဲအခမ်းအနားအပြီး နံနက် ၁၁ နာရီခွဲက ရောင်ကြီးဗွေ ခြင်းလုံးအလှခတ်အသင်း၊ တိုင်းဒေသကြီး အမျိုးသမီးခြင်းအသင်း၊ ဂျူးဂျူး၊ ရွှေခေတ်သစ်၊ ချစ်ပန်းသဇင်၊ ဒိုးပုံ၊ ပုသိမ်ကြီး လူကြီး၊ ခရေရိပ်၊ စကိုင်းလက်(အမရ)၊ မန်းဟိုတယ်၊ မြင့်ဝင်းဆွေ၊ တိုက်တော် မင်္ဂလာ၊ ရွှင်ပျော်ပျော်၊ ထက်အာကာ (စစ်ကိုင်း)၊ ကိုးဆယ်ဆ၊ အောင်မြေခြင်းရုံ၊ ကြယ်ပွင့်လေးများ၊ စက်မှုအင်အား၊ ရွှေနွယ်ရိုး၊ မန်းမန္တလာ ခေတ် စသည့် ခြင်းအလှခတ်အသင်းတို့က ည ၉ နာရီထိ တစ်သင်းလျှင် မိနစ် ၃၀ စီ ခြင်းအလှခတ်ကြရာ ခြင်းအားကစား ဝါသနာရှင်များ ကြည့်ရှုကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေရေး မိဘပြည်သူအားလုံးပူးပေါင်းဆောင်ရွက်ပေး

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းအပ်နှံရေးအတွက် ကျောင်းအပ်နှံရေး သီတင်းပတ်ကို ၂၀၁၅ ခုနှစ် မေ (၂၅) ရက်မှ (၃၁) ရက်အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင်ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းအပ်နှံရန် အကြောင်း အမျိုးမျိုးကြောင့်ကျန်ရှိနေသော ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးအတွက် သန်းခေါင်စာရင်းနှင့်တိုက်ဆိုင်စိစစ်ပြီး ကျောင်းစတင်ဖွင့်လှစ်သည့် ဇွန်လ (၁) ရက်မှ (၁၄) ရက်အထိ ကျောင်းနေရေးလုပ်ငန်းကိုအောက်ပါအတိုင်းဆောင်ရွက်လျက်ရှိပါသည်-

- ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၁၅ ခုနှစ် မေလ(၂၉)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ယင်းသန်းခေါင်စာရင်းအရ ကျောင်းနေအရွယ် အသက်အပိုင်းအခြားဦးရေစာရင်းကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက်ကောက်နုတ်ပြုစုပြီးကျောင်းအပ်နှံရန်ကျန်ရှိနေသောကလေးများတစ်ယောက်တလေမကျန်စေရဘဲ ကျောင်းအပ်နှံရေး၊
- မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များသည်ရပ်ကွက်၊ ကျေးရွာအလိုက်မူလတန်းကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့်ပူးပေါင်းပြီး ထပ်ဆင့်တွေ့ဆုံ၍ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် မိဘပြည်သူများအား အသိပညာပေး စည်းရုံး ဆောင်ရွက်ရေး၊
- ကျောင်းအပ်နှံရေးရက်သတ္တပတ်နှင့် ဇွန်လ (၁) ရက်မှ (၁၄) ရက်အထိကျောင်းနေရေးလုပ်ငန်းဆောင်ရွက်ပြီးစီးပါက သန်းခေါင်စာရင်းအရကျောင်းအပ်နှံရမည့် အသက်အပိုင်းအခြားဦးရေနှင့် အမှန်တကယ်ကျောင်းအပ်နှံသည့် ဦးရေတို့ကို နှိုင်းယှဉ်ပြီးကျောင်းအပ်နှံမှု ရာခိုင်နှုန်းတွက်ချက်ရေး၊
- အစိုးရကျောင်းများတွင်အပ်နှံခြင်းမပြုဘဲ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများသို့ အပ်နှံမှုများကို သီးခြားစာရင်းကောက်ယူပြီး ကျောင်းအပ်နှံမှုရာခိုင်နှုန်းတွင် ထည့်သွင်းပေါင်းစပ်တွက်ချက်ရေး၊
- ကျန်းမာရေးအရဖြစ်စေ၊ လူမှုစီးပွားရေးအရဖြစ်စေကျောင်းအပ်နှံနိုင်ခြင်းမရှိသော မိဘများကိုတွေ့ဆုံ၍အခက်အခဲနှင့် အချက်အလက်များကောက်ယူပြီး (Non Formal Education)ကျောင်းပြင်ပပညာရေးအစီအစဉ်များ ရေးဆွဲနိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တို့ပေါင်းစပ်လျက် လူတိုင်းစာတတ်မြောက်ရေးအစီအစဉ် ဆောင်ရွက်ရေး၊
- အတန်းအလိုက် အတန်းပြီးမြောက်မှုနှုန်းနှင့် အတန်းအလိုက် အတန်းကူးပြောင်းမှုနှုန်း ခြားနားမှုများကို တွက်ချက်ပြီးကျောင်းမနေနိုင်သည့် အခြေအနေများကို ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက်လေ့လာသုံးသပ်၍ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့သည် ကျောင်းပြင်ပပညာရေး (Non Formal Education)နှင့် အသက်မွေးဝမ်းကျောင်းပညာရေး (Vocatoional Education)တို့ကိုအခြားသက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်သင်ကြားလေ့ကျင့်နိုင်ရန် စီမံဆောင်ရွက်ရေး၊
- အခြေခံပညာအဆင့်အလိုက်ဆက်လက်သင်ယူရန် အခက်အခဲရှိသူများ အသက်မွေးဝမ်းကျောင်း ပညာသင်ယူနိုင်ရန်အတွက် တစ်နိုင်ငံလုံးအနေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းကျောင်းများကိုဖွင့်လှစ်ထားရှိရာ မိမိတို့၏ ပညာအရည်အချင်းအရရွေးချယ်တက်ရောက်နိုင်ပါသဖြင့် သက်ဆိုင်ရာပညာရေးမှူးရုံးများနှင့် ဆက်သွယ်သင်ယူနိုင်ရေးတို့အတွက်-

မိဘပြည်သူတစ်ရပ်လုံးက ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးလုပ်ငန်းနှင့် ကျောင်းဖွင့်စ ဇွန် (၁) ရက်မှ (၁၄) ရက်အထိ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးလုပ်ငန်းတို့ကို အမျိုးသားရေးလုပ်ရှားမှု အသွင်ဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ကူညီဆောင်ရွက်ပေးကြပါရန်နှင့်လိုအပ်လျှင်မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

---

✳ ***ကျော်ဖုံးမှ***

ကွာခြားတော့ကြောင်း သိရသည်။

"တစ်ဂါလန်ကို ငွေကျပ် ၈၀၀ အထိ အောက်တိန်း ၉၅ ဈေးတွေ ကျဆင်းလာခဲ့ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင် ၁၂ ဦးကနေ ပူးပေါင်းပြီး တင်သွင်းခဲ့တာဖြစ်ပြီး သီလဝါဆိပ်ကမ်းမှာရှိတဲ့ ကျွန်တော်တို့ မြတ်မေတ္တာမွန် ဆိပ်ကမ်းကနေ တင်သွင်းလာခဲ့တာပါ။ အရည်အသွေးနဲ့ သယ်ယူပို့ဆောင်မှု စရိတ်တွေဟာ နယ်စပ်ကနေ ယခင်တင်သွင်းတဲ့လမ်းကြောင်းထက် ပိုမိုကောင်းမွန်မှုရှိလာတဲ့အပြင် ကုန်ကျစရိတ်နည်းပါးတဲ့အတွက် ပြည်သူတွေလည်း ဈေးနှုန်းသက်သာစွာ သုံးနိုင်ပြီ"ဟု မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေး အသင်း၏ အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က ပြောကြားသည်။

ဒုတိယအကြိမ်အဖြစ် ဇွန် ၁ ရက်က သီလဝါဆိပ်ကမ်းသို့ အောက်တိန်း ၉၅ အမျိုးအစားဆီတန်ချိန် ၆၀၀၀ ခန့်ထပ်မံ ဝင်ရောက်လာခဲ့ရာ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အရည်အသွေးစိစစ်ချက်လည်း ရရှိထားပြီးဖြစ်သဖြင့် ရောက်ရှိထားပြီးဖြစ်သော ဆီများမှ တစ်နေ့လျှင် ဆီဂါလန် ငါးသောင်းခန့်ကို သိုလှောင်ရုံများမှတစ်ဆင့် တင်သွင်းသည့် ကုမ္ပဏီ ၁၂ ခုတို့ထံ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ အောက်တိန်း ၉၅ ဆီများကို ယခင်က နယ်စပ်လမ်းကြောင်းမှသာ တင်သွင်းခဲ့ရသဖြင့် တရားမဝင်တင်သွင်းမှုများပြားခြင်း၊ ဆီအရည်အသွေး စိစစ်ရန် ခက်ခဲခြင်း၊ ဆီပြတ်လပ်မှုဖြစ်ပေါ်ခြင်းများကို စက်သုံးဆီရောင်းချသူများ ကြုံတွေ့ခဲ့ရပြီး ဈေးနှုန်းများမှာလည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ တင်သွင်းသည့် အမှတ်တံဆိပ်နှင့် ထားသိုမှုအခြေအနေများကြောင့် သုံးစွဲသူများလည်း ဈေးနှုန်းမြင့်တက်မှုကို ကြုံတွေ့ခဲ့ရသည်။

"ဆီတွေရဲ့ အရည်အသွေးကို ဝန်ကြီးဌာနက ကန့်သတ်ထားပါတယ်။ လက်ရှိမှာ စင်ကာပူနိုင်ငံမှာ အသုံးပြုနေတဲ့ ဆီအရည်အသွေး အဆင့်သတ်မှတ်ချက်အတိုင်း သတ်မှတ်ပေးထားသလို မကြာမီမှာလည်း ကိုယ်ပိုင်ဓာတ်ခွဲခန်း တည်ဆောက်ပြီး အရည်အသွေးကို စိစစ်နိုင်ဖို့ ကြိုးစားမယ်"ဟု အသင်း၏ အတွင်းရေးမှူးက ပြောကြားသည်။

ထို့အပြင် ယခုတင်သွင်းသည့် အောက်တိန်း ၉၅ အမျိုးအစားဆီများမှာ အရောင်အားဖြင့် အဝါဖျော့ဖြစ်ပြီး နောက်ပိုင်းတွင် အရောင်မဆိုးသည့် စက်သုံးဆီအမျိုးအစားများကို တင်သွင်းကြမည်ဖြစ်ခြင်းကြောင့် ဈေးကွက်အတွင်း စက်သုံးဆီအရောင်ကြောင့် ဆီအရည်အသွေးဆိုင်ရာများအတွက် စိတ်ပူပန်မှု မရှိစေလိုကြောင်း နယူးဒေးစက်သုံးဆီအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဈေးနှုန်းက ကွာခြားပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း နယ်စပ်ကနေ ကားတွေနဲ့ တင်သွင်းခဲ့ကြရတာပါ။ လမ်းပန်းဆက်သွယ်ရေးကြောင့် ဆီပြတ်လပ်မှာစိုးလို့ ဝယ်စုထားတာတွေရှိတဲ့အခါ အခုလို သင်္ဘောနဲ့ တရားဝင်ရေလမ်းက ဝင်ရောက်လာပြီဆိုတော့ မူလနယ်စပ်ကနေ သွင်းထားတဲ့ဆီတွေက ဈေးကြီးနေတာကို တွေ့ရပေမယ့် အရှုံးခံပြီး လက်ရှိပေါက်ဈေးနဲ့ ဆိုင်တွေအချင်းချင်း ညှိနှိုင်းပြီး ရောင်းချပေးနေတာကြောင့် ဈေးတွေ ကျဆင်းခဲ့ပါပြီ။ နောက်ပိုင်းမှာ ပိုပြီး တင်သွင်းနိုင်လေလေ ဈေးနှုန်းက နိုင်ငံတကာနဲ့ အတူတူဖြစ်လာမှာပါ"ဟု မြဝတီစက်သုံးဆီအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကလည်း ပြောပြ သည်။

တင်သွင်းသည့်ဆီများ၏ အရည်အသွေးကို ဆိပ်ကမ်းအရောက်တွင် သက်ဆိုင်ရာမှ စနစ်တကျ စိစစ်ခွင့်ပြုထားသည့် နည်းတူ မြန်မာတစ်နိုင်ငံလုံးရှိ စက်သုံးဆီအရောင်းဆိုင်များသို့လည်း ပူးပေါင်းအဖွဲ့များဖွဲ့စည်းကာ ပုံမှန်စစ်ဆေးပေးခြင်းဖြင့် ဆီအရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်မှုတို့ကို ထိန်းချုပ်ပေးရန် စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရှိရသည်။

သီလဝါရှိ မြတ်မေတ္တာမွန်ဆိပ်ကမ်းမှတစ်ဆင့် မွန်းဆန်း၊ ရွှေဘုရင်ဖြူ၊ ဒမ်ကို၊ နီလာရိုးမ၊ မက်စ်အန်နာဂျီ၊ အေးငြိမ်းသာ၊ ကျော်စန်း၊ ဝင်းစ်၊ အီလိုက်ထ်၊ ပီတီပါဝါ၊ နယူးဒေးနှင့် မြတ်မေတ္တာမွန် စက်သုံးဆီရောင်းချမှု ကုမ္ပဏီများက စက်သုံးဆီများ စုပေါင်းဝယ်ယူ တင်သွင်းထားခဲ့ခြင်းဖြစ်ပြီး ထပ်မံ၍ အေပက်စ်နှင့် ဂရင်းလက်ခ် ဆိပ်ကမ်းများမှလည်း စက်သုံးဆီများကို ရေလမ်းကြောင်းမှတစ်ဆင့် တင်သွင်းရန် ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

***စာမျက်နှာ ၈ မှ***

ဒါအတွက် သူလုပ်ရမယ့်ဟာတွေ၊ စာချုပ်စာတမ်းတွေ၊ ပုံစံတွေဖြည့်ရမယ်။ ကျွန်မတို့ဆီလာရင် ကျွန်မတို့ စည်းမျဉ်း သူလိုက်နာရမယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ပတ်သက်တဲ့ EIA, SIA ရေးပေးပါ။ EMP ဆွဲပေးပါ။ ပတ်ဝန်းကျင်ရဲ့ လိုအပ်ချက်အတိုင်းတောင်းတဲ့ အစီရင်ခံစာတွေ သူပြုစုရမယ်။ ဒါမျိုးတွေပါလာပြီ စက်ရုံလုပ်မယ်ဆိုရင် စက်မှုလိုင်စင်၊ ဆောက်လုပ်ရေးလိုင်စင်လိုတယ်။ MIC လာရင် MIC ရဲ့ စည်းမျဉ်းစည်းကမ်း သူလိုက်နာရမယ်။ ရင်းနှီးမြှုပ်နှံသူတစ်ယောက်အနေနဲ့ ဘယ်အပေါ်ကိုရွေးမလဲ၊ သူစဉ်းစားမှာပဲလေ။ သူ့အတွက်ချိန်ပြီး သူလုပ်မှာပဲလေ။

အခု မြကျွန်းသာဥယျာဉ်လုပ်ငန်းတွေက ကျွန်မကြားတာရော၊ ဒီမနက်ဂျာနယ်၊သတင်းစာတွေမှာပါ တွေ့လိုက်ရတာက YCDC နဲ့ ကြီးကြပ်မှုနဲ့ သူတို့လုပ်နေတယ်လို့ ဖတ်လိုက်မိပါတယ်။ ဒီကိစ္စက MIC ကိုလာတယ်၊ မလာဘူး ဆိုတာက ရင်းနှီးမြှုပ်နှံသူတွေရဲ့ ရွေးချယ်မှုပါ။ သူ့ရဲ့ ဆုံးဖြတ်ချက်ပဲဖြစ်ပါလိမ့်မယ်။

နောက်မေးခွန်းတစ်ခု ဖြစ်တဲ့ MIC ရဲ့ စည်းမျဉ်းစည်းကမ်းနဲ့ညီတယ်၊ မညီဘူးဆိုတာကသူတို့ ဘာတွေလုပ်နေတယ်ဆိုတာ ကျွန်မတို့ဆီမလာတော့ ကျွန်မတို့ မသိဘူးလေ။ MIC ကို အဆိုပြုချက်တင်လာတယ်ဆိုရင် အဲဒီအဆိုပြုလွှာအပေါ်ကို တွက်ချက်ပြီး စဉ်းစားတယ်။ အလုပ်အကိုင် ဖန်တီးမှုရှိသလား၊ စက်မှုနည်းပညာအရ ကောင်းမွန်သလား၊ လူသားတွေနဲ့ ပတ်ဝန်းကျင်အတွက် ဘာတွေအကျိုးပြုသလဲ။ ထိခိုက်မှုရှိသလား၊ ဒါတွေကိုအကုန်လုံး စိစစ်ပါတယ်။ MIC ဥပဒေမှာပါတဲ့ အချက်တွေအပြင် သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ ခုန ကျွန်မပြောတဲ့ အဆိုပြုချက်စိစစ်ရေးအဖွဲ့ရှိတယ်၊ အဲဒီအဖွဲ့ကလည်း သူ့ဌာနဆိုင်ရာကသုံးတဲ့ စည်းမျဉ်း စည်းကမ်းတွေ၊ ဥပဒေတွေနဲ့ စစ်တယ်။ စစ်ပြီးမှ MIC က ခွင့်ပြုမိန့်ထုတ်ပေးတယ်။

MIC က ခွင့်ပြုလို့ အလုပ်လုပ်ရင်တောင်မှ အဆိုပြုလွှာမှာဖော်ပြတဲ့ ကတိကဝတ်တွေရှိမယ်။ ဒါတွေကို တာဝန်ယူရမယ်။ တာဝန်ခံရမယ်။ တာဝန်သိရမယ်။ ဒီစည်းကမ်းတွေကို သူလိုက်နာရမယ်။ မလိုက်နာဘူးဆိုရင် ရင်းနှီးမြှုပ်နှံမှု ဥပဒေမှာ ပါပါတယ်။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ရှိပါတယ်။ သတိပေးမယ်၊ မရရင် MIC က ပေးထားတဲ့ ခံစားခွင့်တွေ၊ ကင်းလွတ်ခွင့်တွေကို ယာယီရုပ်သိမ်းမယ်။ ထပ်ပြီး မလိုက်နာရင် လုပ်ငန်းကိုရပ်လိုက်မယ်။ တစ်ဆင့်ပြီးတစ်ဆင့် သွားတာတော့ မဟုတ်ဘူး။ သူ့လုပ်ငန်းရဲ့အပေါ်မှာ မူတည်တာပေါ့။ ဥပဒေ နှစ်ရပ်စလုံးမှာလည်း ပြစ်ဒဏ်တွေ ရှိပါတယ်။ နောက်ဆုံး ဘယ်လောက်အထိလည်းဆိုတော့ နောင်မှာမည်သည့် ခွင့်ပြုမိန့်မှုထုတ်ပေးမှာမဟုတ်တဲ့ နာမည်ပျက်စီးပွားရေးလုပ်ငန်းရှင်ထဲ ထည့်မယ်ဆိုတဲ့ ပြစ်ဒဏ်တွေပါ ဥပဒေနှစ်ရပ်စလုံးမှာသတ်မှတ်ထားပါတယ်။ စီမံခန့်ခွဲမှုဥပဒေတွေနဲ့ ကျွန်မတို့က အရေးယူတာ၊ ခုနကပြောတဲ့ မြကျွန်းသာကိစ္စဟာ ကျွန်မတို့ဆီကို မလာတဲ့အတွက် MIC ရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီတယ်၊ မကိုက်ညီဘူးဆိုတာတော့ ကျွန်မတို့ဆီကို အဆိုပြုချက် မတင်တော့ ကျွန်မတို့မသိပါဘူး။

မြကျွန်းသာ ဥယျာဉ်ကိစ္စမှာ သူတို့ဘယ်လို ဆောင်ရွက်နေလဲ ကျွန်မမမြင်ဘူး။ စာရွက်စာတမ်းတွေလည်း ကျွန်မမမြင်တော့ မှတ်ချက်ပေးလို့မရပါဘူး။ ဒါပေမယ့် ကျွန်မခံယူမိတာကတော့ သူတို့ကိုကြီးကြပ်နေတဲ့အဖွဲ့၊ သတင်းစာဂျာနယ်တွေမှာပြောသလို YCDC ပဲ ထားပါတော့၊ YCDC မှာလည်း စည်းမျဉ်းစည်းကမ်းရှိမယ်။ သို့သော် ရင်းနှီးမြှုပ်နှံမှုလုပ်နေသူတွေဟာ သူတို့နှစ်ဦးကြားမှာထားတဲ့ ကတိကဝတ်က ဘာတွေလဲ။ ဒီကတိကဝတ်အတိုင်း လိုက်နာ၊ မလိုက်နာဘူးဆိုတာလည်း ကျွန်မတို့ မသိပါဘူး။ အားလုံးက ကတိကဝတ်နဲ့ စည်းမျဉ်းအတိုင်း သွားနေရင် အကောင်းဆုံးပဲလေ။ ပတ်ဝန်းကျင်နဲ့ အများအကျိုးကိုလည်း မထိခိုက်ဘူး၊ ကိုယ်လည်း စီးပွားဖြစ်တယ်ပေါ့။

**မေး။ ။ MIC ရဲ့ လက်ရှိမူဝါဒနဲ့ စပ်လျဉ်းပြီး အများပြည်သူကို ဘာများ ပြောချင်ပါသလဲ။**

ဖြေ။ ။ MIC က ဥပဒေမှာပါတဲ့ သတ်မှတ်ထားတဲ့ အခြေခံမူတွေ၊ တာဝန်နဲ့လုပ်ပိုင်ခွင့်တွေကို ကျင့်သုံးပြီး တိုင်းပြည်ကိုရင်းနှီးမြှုပ်နှံမှု တိုးတက်ဝင်လာအောင်လုပ်တဲ့အခါမှာ တာဝန်ယူမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုကို အဓိကထားတယ်။ ဝင်ရောက်လုပ်ကိုင် ရင်းနှီးမြှုပ်နှံသူတွေရဲ့ လုပ်ငန်းတွေ အဆင်ပြေမြန်ဆန်စေဖို့ အထောက်အကူပြု ပံ့ပိုးဆောင်ရွက်ပေးတယ်။ အထူးသဖြင့် One Stop Service နဲ့ ဆောင်ရွက်ပေးနေတယ်။ ဝန်ကြီးဌာနပေါင်းစုံက လက်မှတ်ရေးထိုးပိုင်ခွင့် အာဏာရှိတဲ့ ပုဂ္ဂိုလ်များနဲ့ စုပေါင်းထားပါတယ်။ ကျွန်မတို့ အဆိုပြုချက်တစ်ခုကို စစ်ရင် စီးပွားရေး၊ လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုဓလေ့ထုံးစံ စတာတို့ မထိခိုက်စေဘဲ ရင်းနှီးမြှုပ်နှံမှု ရှုထောင့်တွေက ကြည့်ပြီးမှ သက်ဆိုင်ရာ ဒေသအစိုးရအဖွဲ့ သဘောထားရယူတယ်။ ပြီးမှ ပါမစ် ခွင့်ပြုပေးတာဖြစ်တယ်။ ဒီလိုခွင့်ပြုပေးပြီးရင် အဓိကကူညီတာက ရင်းနှီးမြှုပ်နှံမှု တိုးတက်မှု တာဝန်ယူမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်တယ်။ ရင်းနှီးမြှုပ်နှံသူတွေကို ဥပဒေအရ ကာကွယ်ပေးတယ်။ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေအတွက် ဒီလိုလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ပေးတယ်။ နယ်တွေကိုဆင်းပြီး သတင်းအချက်အလက်တွေ ပံ့ပိုးပေးတယ်၊ စည်းမျဉ်းစည်းကမ်းတွေကို ရှင်းပြတယ်၊ လိုအပ်ရင် ဌာနဆိုင်ရာတွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ပေးတယ်၊ ပင်မဌာနဖြစ်တဲ့ MIC ရဲ့ အတွင်းရေးမှူးရုံးလည်းဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက လုပ်နေတဲ့အပြင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က One Stop Service ဆောင်ရွက်ပေးတယ်၊ နယ်တွေမှာလည်း ရုံးခန်းတွေ ဖွင့်ထားတယ်၊ ရင်းနှီးမြှုပ်နှံသူတွေကို ကူညီဆောင်ရွက်ပေးဖို့ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်နဲ့ နေပြည်တော်မှာ ရုံးခန်းတွေဖွင့်လှစ်ထားသလို ဆက်လက်ပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ဖွင့်လှစ်သွားနိုင်အောင် စီစဉ်နေပါတယ်။ လိုအပ်တာတွေကို ကူညီပံ့ပိုးပေးမှာဖြစ်တယ်။

MIC ခွင့်ပြုမိန့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုစတင်တဲ့အခါ စက်ယန္တရား တင်သွင်းတာကအစ အခွန်ကင်းလွတ်ခွင့်လိုချင်ရင် ဒါတွေကို အမြန်ဆုံး ကူညီဆောင်ရွက်ပေးတယ်၊ ပမာဏကြီးတဲ့ လုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံမှုနှင့် ကြီးကြပ်ရေးဌာနခွဲက ဦးဆောင်ပြီး ကူညီဆောင်ရွက်ပေးတယ်၊ ရင်းနှီးမြှုပ်နှံမှုမှာ မိမိတို့ချည်းမဟုတ်ဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခေါ်ထားရင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စတွေ၊ အလုပ်သမားနဲ့ဆိုင်ရာကိစ္စတွေ၊ ဒါတွေနဲ့ပတ်သက်တဲ့ လိုအပ်တဲ့ ကူညီမှုတွေ ဆောင်ရွက်ပေးတယ်။

ဥပဒေတွေကပြုပြင်ပြီး ခေတ်နဲ့အညီ ဖြစ်နေရမယ်။ ကမ္ဘာ့အသိုင်းအဝိုင်း နိုင်ငံရဲ့ လူတွေအတွက် အကျိုးရှိသလား၊ ထိခိုက်မှုတွေဖြစ်နေသလား၊ အမြဲတမ်း ကိုယ့်တိုင်းပြည်ရဲ့ အပြည်ပြည်ဆိုင်ရာမှာပေးထားတာ၊ ဒေသဆိုင်ရာမှာပေးထားတာ၊ နိုင်ငံတစ်နိုင်ငံချင်းပေးထားတာ၊ ဒီလို ကတိကဝတ်တွေနဲ့ လိုက်လျောညီထွေမှုဖြစ်မလား၊ အပြည်ပြည်ဆိုင်ရာမှာ ပြောင်းလဲနေတာနဲ့ လိုက်လျောညီထွေမှု ဖြစ်လားဆိုတာ အမြဲတမ်းကြည့်ပြီး လိုအပ်တဲ့ ပူးပေါင်းကူညီဆောင်ရွက်မှုတွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ပေါင်းစပ်ပြီး လုပ်နေတယ်။ ဒီလို အထောက်အကူပြုပံ့ပိုးမှုတွေကို MIC က ဆောင်ရွက်ပေးနေတယ်။

သူတို့ဆောင်ရွက်တဲ့ လုပ်ငန်းတွေ ဒေသနေရာ မှန်ကန်သလား၊ ပါမစ်ပေးထားပြီး လုပ်ငန်းတွေကိုလည်း ကတိကဝတ်နှင့်အညီ ဆောင်ရွက်နေသလားဆိုတာ ကွင်းဆင်းစစ်ဆေးပါတယ်။ ကျေးဇူးတင်ပါတယ်။

# Elite ခရီးသည်တင်ယာဉ်တိမ်းမှောက်မှုတွင် သေဆုံး ဒဏ်ရာရသူများကို ယာဉ်လိုင်းကပံ့ပိုးကူညီ

**မန္တလေး မေ ၃**

ရန်ကုန်-ပြင်ဦးလွင် ခရီးစဉ် Elite ခရီးသည်တင်ယာဉ်သည် မေ ၃၁ ရက်က မိုင်တိုင် ၃၅၇ ၌ တိမ်းမှောက်ခဲ့ရာ သေဆုံးသူမိသားစုများနှင့် ဒဏ်ရာရခရီးသည်များကို လိုလေသေးမရှိ ကူညီထောက်ပံ့မှုများ ပေးအပ်လျက်ရှိပြီး သေဆုံးသူများအတွက် တစ်ဦးလျှင် ကျပ်သိန်း ၄၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

"အခုလို ဖြစ်သွားတဲ့အတွက် မိသားစုများနဲ့ထပ်တူ စိတ်ထိခိုက်ပြီး စိတ်မကောင်းဖြစ်ရပါတယ်။ စဖြစ်ကတည်းက ဒဏ်ရာရသူတွေနဲ့ မိသားစုဝင်တွေကို လိုအပ်တာအားလုံး ကူညီပေးပါတယ်။သေဆုံးသူတွေအတွက် မြေကျတဲ့အထိ ဆောင်ရွက်ပေးတယ်။ ဒဏ်ရာရရှိသူတွေ သက်သာလို့ပြန်မယ်ဆိုရင် ကာယကံရှင်ဆန္ဒအတိုင်း လေယာဉ်နဲ့ စီစဉ်ပေးသလို ကားနဲ့လည်းပို့ပေးပါတယ်" ဟု Elite ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင် ဦးကိုကိုအောင်က ပြောသည်။

အသင်းမှ သေဆုံးသူတစ်ဦးလျှင် ထောက်ပံ့ငွေကျပ်သိန်း ၄၀ ပေးခဲ့ပြီး ဒဏ်ရာရရှိသူများ တစ်ဦးလျှင် ကနဦးအဖြစ် ငွေကျပ်ငါးသိန်းစီ ပေးအပ်ထားပြီးဖြစ်ကြောင်း၊ ဆေးဖိုး၊ စားစရိတ်၊ လူနာရှင်များ တည်းခိုနေထိုင်ရေးကိစ္စအဝဝကို ပြည့်စုံအောင် လုပ်ဆောင်ပေးကြောင်း ဆက်လက်ပြောကြားသည်။

အဆိုပါယာဉ်လိုင်းမှ ယာဉ်တိမ်းမှောက်မှုတွင် သေဆုံး/ဒဏ်ရာရသူများအား ပံ့ပိုးကူညီမှုကို ဇွန် ၂ ရက်က မန္တလေး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"အခုဖြစ်စဉ်မှာ ဒဏ်ရာရရှိခဲ့တဲ့ ခရီးသည်တွေကို တစ်နှစ်စာခရီးသွားလက်မှတ်ပေးအပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ Management Team အနေနဲ့ Level of Service အကောင်းဆုံးဝန်ဆောင်မှု ပေးနိုင်အောင် လုပ်ဆောင်နေရာမှာ Good Service အထိရောက်နေပါတယ်။ ဖြစ်စဉ်နဲ့ ပတ်သက်လို့လည်း လူနာတွေက အဖြစ်မှန်ပြောပြဖို့ ပြောထားပါတယ်။ မန္တလေးနဲ့ရန်ကုန်မှာရှိနေတဲ့ လူနာတွေကို အုပ်စုခွဲပြီး လိုအပ်တာမှန်သမျှ ကူညီနေတယ်" ဟု ဦးကိုကိုအောင်က ပြောကြားသည်။

အဆိုပါ Elite အနေဖြင့် ဝန်ထမ်းလုံလောက်မှုရှိအောင် လုပ်ဆောင်ထားပြီး ယာဉ်အစီးရေ ၇၀ နေ့စဉ်ပြေးဆွဲပေးနေကာ အတွေ့အကြုံရှိယာဉ်မောင်း ၁၆၇ ဦး ထားရှိကြောင်း၊ ယာဉ်မောင်းများအား Safety နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားပေးထားကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်တွင် ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးကြသည့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ စကားအင်းအမြန်လမ်းရဲစခန်း၊ လူမှုကူညီရေးအသင်းများ၊ ဆေးဝါးကုသစောင့်ရှောက်ပေးသော မန္တလေးနှင့် တံတားဦးပြည်သူ့ဆေးရုံမှ ဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်မှု ကော်မတီ၊ ရန်ကုန်မြို့မှ အောင်မင်္ဂလာ အဝေးပြေးယာဉ်ပိုင်ရှင်များနှင့် ယာဉ်လုပ်ငန်းရှင်များ အသင်းတို့အား Elite က အထူးကျေးဇူးတင်ကြောင်း ဦးကိုကိုအောင်က ပြောကြားသည်။ ယာဉ်တိမ်းမှောက်မှု၌ သေဆုံး/ ဒဏ်ရာရသူများအတွက် ပံ့ပိုးကူညီမှုကို အိမ်တိုင်ရာရောက် ဆက်လက် ပေးအပ်လျက်ရှိကြောင်း သိရသည်။

ဂရမ်းဂါးဒီးရမ်း အာမခံကုမ္ပဏီမှ သေဆုံးသူတစ်ဦးလျှင် ခရီးသွားအာမခံ တစ်ယူနစ်(ကျပ် ၃၀၀) အတွက် ငွေကျပ်သိန်း ၃၀ ပေးအပ်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ဆေးစစ်ချက်မှတ်တမ်းများအရ သတ်မှတ်နှုန်းထားများအတိုင်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# ကျောက်စရစ်တင်တွဲသင်္ဘောဖြင့်ရောက်ရှိနေကြသည့် အလုပ်သမားများအား နေရပ်သို့ပို့ဆောင်ပေးရန် စီစဉ်ဆောင်ရွက်

**ရန်ကုန် ဇွန် ၃**

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၉၃)ရပ်ကွက် ကမ်းနားလမ်း ကုလားဝဲကူးတို့ဆိပ်အနီး ပဲခူးမြစ်လယ်တွင် ဇွန် ၁ ရက် ညနေ ၃ နာရီခွဲက ကျောက်စရစ်တင်တွဲ သင်္ဘောတွင် ရွက်ဖျင်တဲများထိုးပြီး ကျောက်ချရပ်နားနေသဖြင့် ဒဂုံဆိပ်ကမ်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတွဲသင်္ဘောမှာ ဒေါပုံမြို့နယ် သင်္ဘောကျင်းရပ်ကွက်ရှိ မြေနေရာကို ငှားရမ်း၍ ကွန်ကရစ်ဖျော်လုပ်ငန်း လုပ်ကိုင်လျက်ရှိသော (Pacific Bold Paragon) PP ကုမ္ပဏီမှ လုပ်ငန်းရပ်နား ပြောင်းရွှေ့ရသဖြင့် အလုပ်သမားခေါင်းဖြစ်သူ ရွှေပြည်သာမြို့နယ်နေ ဦးတင်စိုး ဦးဆောင်သော အလုပ်သမားများပါရှိသည့် မြဂုဏ်ရောင် ကျောက်စရစ်တင်တွဲသင်္ဘောဖြစ်ကြောင်းနှင့် ဒေါပုံမြို့နယ်မှ ယင်းရက် နံနက် ၃ နာရီတွင် ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း သိရသောကြောင့် အခြားမလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေးအတွက် ဆက်လက်ထွက်ခွာသွားရန် ပြောကြားခဲ့ရာ ညနေ ၆ နာရီတွင် ပြန်လည် ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ထိုကျောက်စရစ်တင် တွဲသင်္ဘောသည် ဇွန် ၂ ရက် နံနက် ၁၀ နာရီကလည်း ဒေါပုံမြို့နယ် ပုသိမ်မြေရပ်ကွက် ပုဇွန်တောင်ချောင်းဘေးသို့ ရောက်ရှိခဲ့ပြီး သင်္ဘောပေါ်မှ သစ်၊ ဝါးများကို ကမ်းစပ်သို့ချနေကြောင်း သိရသဖြင့် မွန်းလွဲ ၁ နာရီခွဲက ဒေါပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့က သွားရောက်မေးမြန်းရာ အလုပ်သမား ခေါင်းဆောင်ဖြစ်သူ ဦးတင်စိုးသည် ယခင်က ဘိုကလေးမြို့နယ်၌ နေထိုင်သူဖြစ်ပြီး လွန်ခဲ့သော လေးနှစ်ခန့်က ရန်ကုန်မြို့သို့ ရောက်ရှိကာ ရွှေပြည်သာမြို့နယ်တွင်နေထိုင်၍ သဲ၊ ကျောက်စရစ်လုပ်ငန်း လုပ်ကိုင်ခဲ့ကြောင်း၊ သင်္ဘောပေါ်၌ ပါရှိသူများမှာ ဧရာဝတီတိုင်းဒေသကြီးမှ လာရောက်၍ အလုပ်လုပ်ကိုင်နေသူများဖြစ်ကြောင်းနှင့် ယာယီတဲများ ဆောက်လုပ်နေထိုင်ရန် ရောက်ရှိလာခြင်းဖြစ်ကြောင်းသိရပြီး ၎င်းတို့ ရောက်ရှိနေထိုင်ခြင်းကို ရပ်ကွက်နေပြည်သူများက လက်မခံသဖြင့် ကမ်းနားသို့မဆင်းရန် ရှင်းလင်းပြောကြားခဲ့ရာ ညနေ ၃ နာရီခွဲတွင် ပုဇွန်တောင်ချောင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကာ ညနေ ၆ နာရီတွင် ရွှေပြည်သာမြို့နယ် (၁၈)ရပ်ကွက် တခူခြံကမ်းနားသို့ရောက်ရှိခဲ့ကြောင်း၊ ၎င်းတို့အား တာဝန်ရှိသူများက စိစစ်ခဲ့ရာ တွဲသင်္ဘောပေါ်၌ အမျိုးသား ၈၀၊ အမျိုးသမီး ၇၅ ဦး၊ ကလေး ၅၄ ဦး စုစုပေါင်း ၂၀၉ ဦးပါရှိကြောင်းနှင့် ရွှေပြည်သာမြို့နယ်မှ အိမ်ထောင်စုလေးစုနှင့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ကျေးရွာများမှဖြစ်ကြောင်း စိစစ်သိရသောကြောင့် ၎င်းတို့အား သဲ၊ ကျောက်လုပ်ငန်းရှင်များက ဆန်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး သက်ဆိုင်ရာနေရာများသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**



# အကောက်စခန်းဖွင့်လှစ်ကြောင်း သတင်းထုတ်ပြန်

၁။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစ်ချောင်း ရေလမ်းကြောင်းများတွင် ရေယာဉ်များ ချောမွေ့စွာခုတ်မောင်းနိုင်ရေးအတွက် ရေကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စီမံချက်များချမှတ်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ အပိုဒ် ၈၉ ပါ ပြဋ္ဌာန်းထားရှိချက်အရ ဧရာဝတီမြစ်ရေလမ်းကြောင်းတွင် သွားလာနေသည့် ရေယာဉ်များအား ရေလမ်းကြောင်းဖြတ်သန်းခများကို ကောက်ခံသွားရန် မကွေးရေလမ်းအကောက်စခန်းကို (၁၀-၆-၂၀၁၅) ရက်နေ့တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၃။ ရေလမ်းကြောင်းအား အသုံးပြုသွားလာနေကြသော ရေယာဉ်များသည် အကောက်စခန်းများတွင် ရေလမ်းကြောင်းအသုံးပြုခများကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော နှုန်းထားများအတိုင်း မပျက်မကွက်ပေးဆောင်ကြရန် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင်လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ Website (www. dwir. gov.mm) တွင်လည်းကောင်း စုံစမ်းကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

# လူ့ဘောင်သစ်ပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

**ကြေညာချက်အမှတ်(၁၄/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်)**

**လူ့ဘောင်သစ်ပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း ( ၉၁ လမ်းထိပ်)၊ အမှတ်(၁၀၆/၁၀၈)တွင် ပါတီရုံးချုပ်တည်ရှိသော **လူ့ဘောင်သစ်ပါတီ** အား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**လူ့ဘောင်သစ်ပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ(၈၅)ဖြစ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် **ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၊ ရပ်ကွက်(၃)၊ ဟိုခုံရပ်၊ တာချီလိတ်လမ်း၊ အမှတ် (၁/က)တွင် ပါတီရုံးချုပ်တည်ရှိသော **ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၃-၆-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ၏အလံပုံစံ**



**ရှမ်းပြည်နယ်အရှေ့ပိုင်း ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❀ **ရှေ့ဖုံးမှ**

သွားရမှာပါ”ဟု ၄င်းက ပြောသည်။

ရေကျချိန်မြစ်လယ်တွင် ပေါ်နေသော သောင်များတစ်မီတာခန့်သာ မြုပ်သွားသဖြင့် ရေယာဉ်များ၏ ရေစူးနှင့် လွတ်ကင်းနယ်အထိမရောက်ရှိသေးကြောင်းဇူလိုင်၊ ဩဂုတ်လများမှသာ မြစ်ရေတိုးမှုအနေဖြင့် ၁၀ မီတာမှ ၁၃ မီတာအထိလုံလောက်သည့် အနေအထားသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

“သတ်မှတ် ရေစူးထက်ပိုပြီး ရေယာဉ်တွေ ကုန်တင်ယာဉ်သောင်တင်တတ်တယ်။ ရေလမ်းကြောင်း အမှတ်အသားတွေနဲ့ မြစ်ကြောင်း တစ်လျှောက်အသိပေးထားပါတယ်”ဟု ရေလမ်းထိန်းသိမ်းရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ယခုအချိန် မိုးဦးကျကာလတွင်မြစ်အတွင်း ရေယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် သတိပေးချက်များ၊ ရေလမ်းကြောင်းအနေအထားများကို နေ့စဉ်ထုတ်သတင်းစာများနှင့်ရုပ်မြင်သံကြားမှ အသိပေးနေကာ လက်ရှိဧရာဝတီမြစ်ရေသည်မြစ်ကြီးနားတွင်ဇွန် ၁ ရက်က ၂၄၈ စင်တီမီတာရှိ၍ ၂ ရက်တွင် ၄၀၂ စင်တီမီတာ သို့ရောက်ရှိလာကြောင်း၊ မန္တလေးတွင် ဇွန် ၁ ရက်က ၄၉၆ စင်တီမီတာရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❋ **ရှေ့ဖုံးမှ**

အဆိုပါ အောင်စာရင်းကို Playstore မှ https://play.google.com/store/apps/details... နှင့် Myanmar App Store မှ http://downloadmyanmar appstore.com/?p=461 တို့ဖြင့် မိုဘိုင်း Apps: ရယူကြည့်ရှုနိုင်ကြောင်း သိရသည်။ **မိုးသူ**

● **ရှေ့ဖုံးမှ**

ပျံသန်းပေးလျက်ရှိသည်။ ၁-၈-၂၀၁၅ ရက်မှစ၍ ပြည်ပခရီးစဉ်အဖြစ် ချင်းမိုင်ခရီးစဉ်ကိုလည်း တိုးချဲ့ပျံသန်းရန်စီစဉ်လျက်ရှိသည်။ **ညီညီစိုးညွန့်**

# ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်စာစောင်များ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်

**ရန်ကုန် ဇွန် ၃**

သာသနာရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် သာသနာရေးဦးစီးဌာန ပုံနှိပ်ထုတ်ဝေရေးဌာနခွဲသည် စာသင်သားရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများအတွက် အကျိုးကျေးဇူးများစေသည့် ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်စာစောင်များကို စဉ်ဆက်မပြတ်ပုံနှိပ်ထုတ်ဝေလျက်ရှိရာ ဆဋ္ဌသံဂါယနာတင် ပိဋကတ်သုံးပုံ ပါဠိတော်ကျမ်းစာအုပ်များ၊ အုပ်ရေ ၄၀ တစ်စုံလျှင်ငွေကျပ် ၉၀၀၀၀ ဖြင့်လည်းကောင်း၊ ပိဋကတ်သုံးပုံ(မြန်မာပြန်)စာအုပ်များ၊ အုပ်ရေ ၃၀ တစ်စုံလျှင် ငွေကျပ်၈၀၀၀၀ ဖြင့်လည်းကောင်း၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းသာသနာရေးဦးစီးဌာန ပိဋကတ် ကျမ်းစာအုပ် အရောင်းဆိုင်တွင် ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း၊ အခြားစာသင်သား ရဟန်းတော်များအတွက် လိုအပ်သည့် စာသင်သားကိုင်စာအုပ်များနှင့် ပဌာန်းကျမ်းစာအုပ်များ၊ ပဌာန်းနိဿယစာအုပ်များ၊ မဟာဗုဒ္ဓဝင် ကျမ်းစာအုပ်များ၊ လစဉ်ထုတ်သာသနာ့ရောင်ခြည်စာအုပ်များစသည့် သာသနာတော်ဆိုင်ရာ စာအုပ်စာစောင်များအား ဈေးနှုန်းချိုသာစွာဖြင့် မည်သူမဆိုလွတ်လပ်စွာ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

| **ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အနိုင်အရှုံးရလဒ်** | **အုပ်စု(ဂ)** | **အုပ်စု(ဃ)** |
|---|---|---|
| | ကာတာ ၀-၄ ပေါ်တူဂီ | မက္ကဆီကို ၂-၁ ဥရုဂွေး |
| | ဆီနီဂေါ ၁-၁ ကိုလံဘီယာ | ဆားဘီးယား ၂-၀ မာလီ |

# ချင်းတွင်းမြစ်သွားရေယာဉ်များ အန္တရာယ်ကင်းရေး စက်ယန္တရားများအသုံးပြု၍ ရေမြုပ်တဇုန်း ၃၅ ခု ဖယ်ရှားနိုင်ခဲ့ကြောင်းသိရ



**မုံရွာ ဇွန် ၃**

ချင်းတွင်းမြစ်အတွင်းသို့စီးဝင်လျက်ရှိသော တောင်ကျချောင်းရေများမှ ရေစီးနှင့်အတူ မျောပါလာသောသစ်ပင်များ၊ သစ်ကိုင်းများ၊ ချင်းတွင်းမြစ်အတွင်းမျောပါရောက်ရှိပြီး ရေစီးလျော့နည်းချိန်မြစ်ကြမ်းပြင်တွင် သစ်ငုတ်ကြီးများအဖြစ်တင်ကျန်ခဲ့သော တဇုန်း (သစ်ငုတ်)များ မြစ်ရေနည်းပါးချိန်များတွင် မြစ်အတွင်း သွားလာသော လူစီး/ကုန်တင်ယာဉ်များ၏ ဝမ်းဗိုက်များနှင့် ထိခိုက်ပျက်စီးမှုများဖြစ်ပွားနိုင်သဖြင့် အဆိုပါ တဇုန်းများအား တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၅ ခုနှစ် တဇုန်းနုတ်ရာသီတွင် စက်ယန္တရားကြီးတနရ (၂) နှင့် တဇုန်း ၃၅ ခု နုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

တဇုန်း (သစ်ငုတ်) နုတ်လုပ်ငန်း ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်ပြီး “မြန်မာနိုင်ငံမှာရှိတဲ့ မြစ်ကြီးတွေရှိတဲ့အထဲမှာ ချင်းတွင်းမြစ်တွင်းမှာက တဇုန်း အများဆုံး နုတ်ရတယ်။ မိုးကောင်းတဲ့ နှစ်တွေဆို တဇုန်းတွေ အများဆုံးတင် ကျန်လေ့ရှိတယ်။ ၂၀၁၅ ခုနှစ်မှာ တဇုန်းနုတ်တဲ့ စက်ကြီးရဲ့ ကြံ့ခိုင်မှု အခြေအနေအရ မင်းကင်း-မော်လိုက် အပိုင်း၊ မော်လိုက်-ဟုမ္မလင်း အပိုင်းဆိုပြီး နှစ်ပိုင်းခွဲပြီးဆောင်ရွက်ခဲ့တယ်။ နုတ်ပြီးတဲ့ တဇုန်းငုတ်ကြီးတွေကိုမြစ်ကမ်းပါးပြိုခြင်းကို ကာကွယ်နိုင်ရန်နဲ့ သောင်အဖြစ် ကျွန်းအဖြစ် ထားချင်တဲ့နေရာ ထိပ်ဦးပိုင်း၊ ကျွန်းတွေရဲ့ အမြီးပိုင်းတွေမှာ ဖြတ်တောက်ပြီး ပြန်ထားခဲ့တယ်။ တဇုန်းတွေက မြစ်ကြမ်းပြင်မှာ အငုတ်အဖြစ်ရှိနေပြီး နွေရာသီ ရေနည်းချိန်မှာ မြစ်အတွင်း သွားလာကြတဲ့ ရေယာဉ်တွေရဲ့ ဝမ်းဗိုက် တွေကိုထိုးမိပြီး သံခွဲတွေဆိုပေါက်တယ်၊ သစ်ကိုယ်ထည်ဆိုရင် ကွဲပြီး နစ်မြုပ်မှုတွေ ဖြစ်တတ်ပါတယ်။ ဒါကြောင့် တဇုန်းနုတ်ခြင်းကို နှစ်စဉ် ချင်းတွင်းမြစ်ရေနည်းပါးချိန်ဖြစ်တဲ့ ဇန်နဝါရီလမှ မတ်လအထိလုပ်ငန်း ဆောင်ရွက်ခဲ့တာပါ”ဟုတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်းဟုမ္မလင်းမြို့မှ မုံရွာမြို့အထိ တဇုန်း ၅၀ ခု အလေးချိန်တန် ၆၀နုတ်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဟုမ္မလင်းမြို့-မော်လိုက်အပိုင်းတွင် ၂၀ ခု၊ မော်လိုက်- မင်းကင်းပိုင်းတွင် ၁၅ ခု၊ စုစုပေါင်း ၃၅ ခု ကို တဇုန်းနုတ် ရေယာဉ်တရန (၂)ဖြင့် နုတ်ပေးနိုင်ခဲ့သည်။ **ဖိုးချမ်း(မုံရွာ)**

# တောင်ငူမြို့နယ် ကံရိုးကျေးရွာရှိ Felin KTV စားသောက်ဆိုင်တွင် သေနတ်ဖြင့်ပစ်ခတ်မှုဖြစ်ပွား

**တောင်ငူ ဇွန် ၃**

**တောင်ငူမြို့နယ် ကံရိုးကျေးရွာရှိ ကေတီဗွီစားသောက်ဆိုင်တွင် ဇွန် ၃ ရက်က သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က တောင်ငူမြို့နယ် ကံရိုးကျေးရွာရှိ Felin KTV စားသောက်ဆိုင်တွင် လူငယ်လေးဦးဆိုင်ကယ်နှစ်စီးဖြင့် လာရောက်သီဆိုစားသောက်ပြီး အပြန်တွင် အဆိုပါဆိုင်ရှေ့ရှိ သစ်သားခုံတန်းလျားတွင် ထိုင်နေသော မသူဇာအောင် (ခ)သူသူ (၂၇ နှစ်) ဆိုသူအား သေနတ်ဖြင့်တစ်ချက် ပစ်ခတ်ခဲ့ရာ မသူဇာအောင်(ခ)သူသူမှာ ဒဏ်ရာရရှိမှုကြောင့် တောင်ငူပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရသည်။






အခင်းဖြစ်ပွားသည့် Felin KTV စားသောက်ဆိုင်။

သေနတ်ဖြင့် ပစ်ခတ်သူများကို တောင်ငူမြို့နယ် နယ်မြေခံရဲတပ်ဖွဲ့မှ အမှုမှန်ပေါ်ပေါက်ရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကနဦးသတင်းများအရ သိရသည်။

**သူရ(တောင်ငူ)**

■ **ကျောဖုံးမှ**

ကြေးတံဆိပ်ရရှိခဲ့သည့် အသင်းဖြစ်သည်။ စင်ကာပူ အသင်းသည် လက်ရွေးစင်အသင်း၅သာ အောင်မြင်မှုရရှိခဲ့သော်လည်း သက်တန်းအလိုက်ပြိုင်ပွဲများတွင် အောင်မြင်မှု အစဉ်အလာကြီးကြီးမားမား မရှိသေးပေ။

ယခုပွဲကို စင်ကာပူရောက် မြန်မာဘောလုံးပရိသတ်များ တစ်ခဲနက် လာရောက်အားပေးမည်ဖြစ်ပြီး ပထမပွဲလောက် လက်မှတ်ခွဲတမ်းများ မရရှိသော်လည်း အင်တိုက်အားတိုက်အားပေးရန် စီစဉ်လျက်ရှိသည်။

**နိုင်ငံဘက်စုံ တည်ဆောက်စို့ မှန်မှန်ကန်ကန် အခွန်ပေးစို့**


ပညာအရည်အချင်းနှင့်လုပ်ငန်းကျွမ်းကျင်မှုရှိဖို့မလို

**လစာ (၁၅)သိန်း ဝန်းကျင်ခန့်ဖြင့်**

ကိုးရီးယားနိုင်ငံတွင် အလုပ်လုပ်လိုသူများအတွက်

**E . P . S (TOPIK)**

အလုပ်သမားစာမေးပွဲအောင်မြင်ရုံဖြင့် အလုပ်လျှောက်ထားနိုင်ပြီ၊

၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း Skill Tesk အပါဝင် ထူးချွန်ကျောင်းသား ထောင်ကျော်မွေးထုတ်ပေးခဲ့သော သင်တန်းကျောင်း

“ တစ်ကြိမ်တည်းနှင့် အောင်ဖို့လိုပါသည် ”

**ဆရာကြီး ဦးနေမျိုးနွယ် ကိုယ်တိုင်ဦးစီးသင်ကြားသည့်**

**ကိုထွေး — ကိုးရီးယားဘာသာ သင်တန်းကျောင်း**

အမှတ် (၂၃၅)၊ ဒုတိယထပ်၊ (၃၇)လမ်း(အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊

PH : 01 38 97 40 , 09 4500 20 337 , 09 420 243 587



**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဃ/၁၂၅၇၊ ၃ဃ/၁၂၅၈ တို့၏ ဖောင်းကြွနံပါတ်ပြားများ ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားများ ပျယ်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**



**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/7447 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျယ်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**



**ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ**

**အရေးသီးသန့် နှင့် Speaking**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ ၄ မှ ၈တန်းထိ Guide များအိမ်လိုက်သင်သည်။

ဇွန်လ(၃/၄/၆)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

Ph: 01-375970, 0951 72096, 09254541441



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် အောက်ဖော်ပြပါ နေအိမ်အဆောက်အအုံများ ဆောက်လုပ်ရန်နှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် “အဆောက်အအုံဗိသုကာပုံစံ” နှင့်အညီ ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်တည်ဆောက်နိုင်ရန်အတွက် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တည်နေရာ** / **လုပ်ငန်း**

(က) မကွေးတိုင်းဒေသကြီး အဆင့်မြင့်ပျိုးဥယျာဉ်ဝင်း မကွေးမြို့ — (၄၄'×၃၀'×၁၀') နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ သွပ်မိုး/ တစ်ထပ်/ အုတ်ညှပ်/ နံရံကာ/ရေမီး/မိလ္လာအပါအဝင် နေအိမ်(၂)လုံး

(ခ) မကွေးခရိုင်-မြို့သစ်မြို့နယ်

(ဂ) သရက်ခရိုင်-မင်းလှမြို့နယ် — (၃၀'×၂၈'×၁၀') အရာထမ်းနေအိမ် အဆောက်အအုံ သွပ်မိုး/ တစ်ထပ်/ အုတ်ညှပ်/ နံရံကာ/ရေမီး/မိလ္လာအပါအဝင် နေအိမ်(၁)လုံးစီ၊ စုစုပေါင်း (၂)လုံး

(ဃ) မင်းဘူးခရိုင်-စလင်းမြို့နယ် — အနားလေးဘက် ပတ်ပတ်လည်အရှည် ၁၃၄၂'အား ခြံစည်းရိုးကာရန်

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၈-၆-၂၀၁၅ ရက် ရုံးချိန်အတွင်း

၄။ **တင်ဒါပိတ်မည့်ရက်** - ၇-၇-၂၀၁၅ ရက် ညနေ ၁၆:၃၀ နာရီ

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူးရုံး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ဖုန်း-၀၆၃-၂၆၄၀၁၊ ၀၆၃-၂၃၅၆၃**

# ကျောက်ဆည်နယ်ထွက် ဂျပန်နှမ်းဖြူများ ဈေးကျဆင်းမှုကြုံတွေ့နေရ



**ကျောက်ဆည် ဇွန် ၃**

မန္တလေး ပဲမျိုးစုံဈေးကွက်သို့ ကျောက်ဆည်နယ်ထွက် ဂျပန်နှမ်းဖြူများ ယခုရာသီပေါ်ချိန် ရက်ပိုင်းအတွင်း ဝင်ရောက်လာသော်လည်း တရုတ်ဝယ်လက်နည်းပါးမှုကြောင့် ဈေးနှုန်းများလည်းကျဆင်းလာကြောင်း မန္တလေးပဲမျိုးစုံပွဲရုံများထံမှသိရသည်။

ယခင်နှစ်က ဂျပန်နှမ်းဖြူ စပေါ်ချိန်တွင် တရုတ်ဝယ်လက်များမှ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀ ဖြင့် ဈေးစတင်ဖွင့်လှစ်ဝယ်ယူမှုများရှိခဲ့ပြီး ယခုနှစ်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ ဖြင့် ဈေးစတင်ဖွင့်လှစ်မှုမှာ ယမန်နှစ်ပေါက်ဈေးထက် သိသာစွာ လျော့နည်းလျက်ရှိနေသည်ကို တွေ့ရသည်။

"ဒီနှစ်ဂျပန်နှမ်းဖြူဈေးက ရာသီစထွက်ထွက်ချင်းမှာပဲ ယခင်နှစ်က စထွက်ခဲ့တဲ့ဈေးလောက် မကောင်းဘူးဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ တရုတ်ဝယ်လက်က သူတို့ရဲ့ငွေဈေးနှုန်းအတက်အကျရယ်၊ နောက်ပြီး နှမ်းဖြူတင်သွင်းတာက ကျွန်တော်တို့မြန်မာနိုင်ငံကတင်မဟုတ်ဘူး အခြားနိုင်ငံတွေကပါ တင်သွင်းနေကြတာပါ။ တရုတ်ကိုတင်သွင်းတဲ့ နိုင်ငံတွေထဲမှာ အဓိကအနေနဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ပါ။ ဒါကြောင့် တရုတ်ဝယ်လက်က ဗီယက်နမ်နိုင်ငံကတင်သွင်းမှုအပေါ် မူတည်ပြီး မြန်မာနိုင်ငံရဲ့ တင်ပို့မှုကိုထိန်းထားတဲ့သဘောပါပဲ။ နောက်ပိုင်းဈေးတက်မလား၊ ကျမလားဆိုတာကို အတည်ပြောလို့မရဘူး"ဟု မန္တလေးမြို့မှ ပဲမျိုးစုံပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

ကျောက်ဆည်နယ်ထွက် ဂျပန်နှမ်းဖြူသည် မေလ စတုတ္ထအပတ်မှ စတင်ဝင်ရောက်လာခဲ့ပြီး ယခုလက်ရှိ ပေါက်ဈေးမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ သာရှိနေသည်။

ယခင်နှစ်က ဂျပန်နှမ်းဖြူများ စတင်ဝင်ရောက်လာချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀ အထိရှိခဲ့ပြီး ရာသီကုန်ဆုံးချိန်တွင် ငွေကျပ် ၁၈၀၀၀၀ အထိ ဈေးရရှိခဲ့ကာ တရုတ်နိုင်ငံသို့ ဂျပန်နှမ်းဖြူ တင်ပို့မှာ အလွန်ကောင်းမွန်ခဲ့သည်။

မန္တလေး ပဲမျိုးစုံဈေးကွက်သို့ ရာသီချိန်တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်သော ကျောက်ဆည်၊ ရေစကြို၊ မကွေး၊ နတ်မောက်၊ တောင်တွင်းကြီးနှင့် အောင်လံတို့မှ ထွက်ရှိသော နှမ်းမျိုးများဝင်ရောက်လျက်ရှိပြီး ယခုလက်ရှိ မန္တလေးပဲမျိုးစုံဈေးကွက်တွင် မေလ ၃၁ ရက်အထိ ဈေးနှုန်းများမှာ ဂျပန်နှမ်းဖြူ တစ်အိတ်လျှင်ငွေကျပ် ၁၂၀၀၀၀၊ ရိုးရိုးနှမ်းဖြူ တစ်အိတ်လျှင်ငွေကျပ် ၉၇၀၀၀မှ ၁၀၅၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၈၈၀၀၀မှ ၉၀၀၀၀၊ နှမ်းနက်တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ မှ ၁၀၀၀၀၀၊ စမုံနက်နှမ်းတစ်အိတ်လျှင်ငွေကျပ် ၂၀၅၀၀၀နှင့် ပန်းနှမ်းတစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မီးကြွင်းမီးကျန်မှ တစ်ဆင့်မီးလောင်မှုဖြစ်ပွား၊ နေအိမ်လေးလုံး မီးလောင်ဆုံးရှုံး

**ဆားလင်းကြီး ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် မင်းတောရွာသစ် (ထူးကြီးရွာ) တွင် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာမင်းတောရွာသစ် (ထူးကြီးရွာ) ဒေါ်ဝင်းအေး (ကျောက်ခွဲစက်အလုပ်သမား) သည် ကျောက်ခွဲစက်သို့ အလုပ်လုပ်ရန် ထမင်းချက်ပြုတ်ပြီး လုပ်ငန်းခွင်သို့သွားခဲ့ရာ မီးကြွင်း၊ မီးကျန်များမှ စတင်ပြီး ၄င်းတို့နေအိမ်အပါအဝင် ဦးအောင်မိုး၊ ဦးသက်အောင်၊ ဦးမျိုးဇော်တို့ နေအိမ်သုံးအိမ်ကိုပါ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ ရွာသူ ရွာသားများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။

**ဦးငယ်-ဆားလင်းကြီး**



# မူးယစ်အန္တရာယ်လျော့ချရေးနှင့် ယာဉ်စည်းကမ်း ပညာပေး

**နေပြည်တော် ဇွန် ၃**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လူကုန်ကူးမှုတားဆီးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို မေ ၃၁ ရက်ကကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းရှိန်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် မှုခင်းကျဆင်းရေး၊ အမှတ် (၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု ဒုရဲမှူးမင်းနိုင်က လူကုန်ကူးမှု၊ အမှတ်(၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်မိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ဟောပြောခြင်းများပြုလုပ်ခဲ့သည်။

**ကိုမျိုး(ရွှေပေါက်ကံ့)**



# လားရှိုးဇင့်ထုတ်လုပ်ရေးစက်ရုံ ထိန်းချုပ်ဓာတုပစ္စည်းများထားရှိမှု အသိပညာပေး

**လားရှိုး ဇွန် ၃**

လားရှိုးမြို့ ရွှေလီ(၂) စစ်ဆင်ရေးခေါင်းဆောင် ဒုတိယရဲမှူးကြီးခိုင်စိုး၊ ခရိုင်ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး လားရှိုးအထူး မူးယစ်တပ်ဖွဲ့ ရဲမှူးရဲနိုင်နှင့် အဖွဲ့ဝင်များသည် ဇွန် ၂ ရက် နံနက် ၁၀ နာရီက လားရှိုးမြို့နယ် တန့်ယန်းလမ်းခွဲ မန်ပျဉ်ကျေးရွာတွင် အကျယ် ဧက ၅၀ ရှိ Cornerstone Resources Myanmar (လားရှိုး)ဇင့်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်၍ ဓာတုပစ္စည်းများထိန်းချုပ်ထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

စက်ရုံတွင် အသုံးပြုဆောင်ရွက်နေ သည့် စက်ရုံသုံးဓာတုပစ္စည်းများကို စက်ရုံ၏ အုပ်ချုပ်မှုမန်နေဂျာ ဦးထွန်းထွန်းနိုင်က စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသခဲ့သည်။

ထို့နောက် စက်ရုံတွင် အသုံးပြုနေသည့် ဓာတုပစ္စည်းများကို လူသားတို့ အသုံးပြုနိုင်သည့် မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် လွဲမှားစွာ အသုံးပြုမှု မဖြစ်ပွားစေရန်အတွက် လားရှိုးအထူး မူးယစ်တပ်ဖွဲ့ ရဲမှူးရဲနိုင်က အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**


**မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး**
**မော်လမြိုင်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မွန်ပြည်နယ်စီမံကိန်းဦးစီးရုံးအတွက် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဒေသတွင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပါသည်။

(က) ပြည်နယ်စီမံကိန်းဦးစီးရုံးဝန်ထမ်းအိမ်ရာ၊ သံကူကွန်ကရစ် (၂)ထပ် (၄၈'×၃၆')

(ခ) ပြည်နယ်စီမံကိန်းဦးစီးရုံး သံကူကွန်ကရစ်ရေစင်၊ ဂါလန် ၂၀၀၀(ပေ ၃၀အမြင့်)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း မွန်ပြည်နယ်စီမံကိန်းဦးစီးရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

- **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၅-၆-၂၀၁၅ရက်
- **တင်ဒါပိတ်မည့်ရက်** - ၂၅-၆-၂၀၁၅ရက် (ညနေ ၄း၃၀နာရီ)

**တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၅၇-၂၄၉၀၁၊ ၀၅၇-၂၄၆၁၁**

**ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန**
**ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရွှေဘိုမြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသနေသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၆-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၆-၂၀၁၅ရက်၊ ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့၊ ဖုန်း-၀၇၅-၂၁၀၀၈**

**ပျောက်ဆုံးကြောင်း**
ကျွန်မ မယဉ်ယဉ်နွယ် ၃/မဝတ(နိုင်)၀၅၄၈၂၅ Psno, MA-129034သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၂၃၇၇၈၀၀**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကျိုက်မရောမြို့နယ်၊ ဓမ္မသကျေးရွာအနောက်ပိုင်းနေ ဦးထွန်းမြ၏သမီး မိဥမ္မာရီနှင့် မိမာရီသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မိဥမ္မာရီ(ခ)မိမာရီ**
**၁၀/ကမရ(နိုင်)၀၇၁၅၂၅**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကျိုက်မရောမြို့နယ်၊ ဓမ္မသကျေးရွာအလယ်ပိုင်းနေ ဦးကွီး၏သမီး မိခင်စန္ဒာချိုနှင့် မိစန္ဒာချိုသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မိခင်စန္ဒာချို(ခ)မိစန္ဒာချို**
**၁၀/ကမရ(နိုင်)၀၆၈၄၉၁**

**အမည်ပြောင်း**
ဦးမြင့်ဦး ၇/အဖန(နိုင်)၀၉၁၃၂၇ ၏သား တိုက်ကြီးမြို့နယ် အထက အဖျောက်အဌမတန်း(A)အောင်မှ မောင်ကျော်မြင့်သိန်းအား ယနေ့မှစ၍ မောင်ကျော်သူရဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်သူရ**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် လေးခန်းတွဲ(၃)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းနှင့် ခရိုင်ရုံး(၃)ရုံး၏ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၆-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၉-၆-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ
၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးရုံး**
**ဖုန်း-၀၄၂-၂၉၁၂၂၊ ၂၉၁၄၄၊ ၂၉၁၂၃**


## ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ခြင်း

မြန်မာ့လက်ရွေးစင် အသက်(၂၃)နှစ်အောက် အမျိုးသား ဘောလုံးအသင်းအနေဖြင့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်၌ အင်ဒိုနီးရှားအသင်းအား (၄) ဂိုး (၂) ဂိုးဖြင့် အနိုင်ရရှိအောင် ရေကုန်ရေခမ်းကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့ခြင်းအတွက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့်လည်းကောင်း၊ အားကစားဝန်ကြီးဌာနအနေဖြင့်လည်းကောင်း တာဝန်ရှိသူအားလုံးအပေါ် ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း။

**ဦးတင့်ဆန်း**
**ပြည်ထောင်စုဝန်ကြီး**
**အားကစားဝန်ကြီးဌာန**


**ကန့်ကွက်နိုင်ပါသည်**
ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့ရပ်ကွက်၊ သဇင်လမ်း၊ မြေကွက်အမှတ် ၁၇၄၉၊ အကျယ်အဝန်း ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေအမျိုးအစား စလစ်မြေဟု ခေါ်တွင်သည့်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးချစ်ဦးမှ အမည်ပေါက်ပြီး ၄င်းထံမှအရပ်စာချုပ်ဖြင့် ဦးဝင်းနိုင် ၁၂/သလန(နိုင်)၀၂၉၄၂၁ မှ ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးမင်းဆွေ(LL.B,D.B.L)ဒေါ်ခင်မာနွယ်(LL.B,D.B.L)**
**အထက်တန်းရှေ့နေများ**
အမှတ်-၁၂၇/အေ၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉- ၄၂၁၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆

# ၁၃ လကြာ တိမ်းရှောင်နေသည့် လူသတ်မှုကျူးလွန်သူအား မဟာချိုင်ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီတို့က ဖမ်းဆီးရမိ

**မဟာချိုင် ဇွန် ၃**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အယ်ကချိုင် ၇၆ လမ်းတွင် ယမန်နှစ်က မြန်မာ(ရခိုင်) အလုပ်သမား ဇနီးမောင်နှံနှစ်ဦးကို သတ်ဖြတ်ခဲ့သည့် လူသတ်သမား နှစ်ဦးအနက် တစ်ဦးကို မေ ၃၁ ရက် နံနက်ပိုင်းက မဟာချိုင်မြို့ရှိ ထိုင်းရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီတို့က ဖမ်းဆီးနိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် မတ် ၃၁ ရက် နံနက် ၂ နာရီကျော်ခန့်က ဗန်ကောက်မြို့ အယ်ကချိုင် ၇၆ လမ်း မူဘမ်း SK လမ်းသွယ် ၆/၁ တွင် နေထိုင်သည့် မြန်မာ(ရခိုင်) အလုပ်သမား ဇနီးမောင်နှံ နှစ်ဦးတို့မှာ သေဆုံးခဲ့ရခြင်းဖြစ်ပြီး သေဆုံးသူများမှာ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် သိုင်းချောင်းအုပ်စု ပြားဂွိန်း ချောင်းဖြားကျေးရွာနေ မောင်စိုးသန်း (၂၈နှစ်) နှင့် ဘူးသီးတောင်မြို့ အမှတ်(၄) ရပ်ကွက် မြို့ဦးကျောင်း အနီးမှ မမိဖြူ (၂၆နှစ်) တို့ဖြစ်ကြောင်း သိရသည်။



လူသတ်မှု ပေါ်ပေါက်ရေးအတွက် မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးအဖွဲ့ဝင် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်နေခဲ့ကြခြင်းဖြစ်ကာ လူသတ်မှုပေါ်ပေါက်ရေးနှင့် ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးမိရေးအတွက် ပူးပေါင်းဆောင်ရွက်ကြသည့် ဗန်ကောက်အခြေစိုက် ရခိုင်အမျိုးသားပါတီ (အမြတေ) ပါတီဝင် တစ်ဦးက အခြားသက်သေ တစ်ဦးနှင့်အတူ မေ ၃၀ ရက်က MAT အဖွဲ့ရုံးသို့ ပြစ်မှုကျူးလွန်သူ စိန်ကျော်သန်းမှာ မဟာချိုင်မြို့ရှိ ဝတ်ကေသုန် ဘုန်းကြီးကျောင်း အနီးတွင် နေထိုင်လျက်ရှိကြောင်း သတင်းပေးပို့ခဲ့သည်။

ထို့နောက် MAT အဖွဲ့က မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီသို့ သတင်းပေးပို့ပြီး အယ်ကချိုင်မြို့မရဲစခန်းက မေ ၃၁ ရက် နံနက် ၉ နာရီခန့်တွင် မဟာချိုင် ဝတ်ကေသုန် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဝတုတ်(ခ) စိန်ကျော်သန်း(၂၉နှစ်) အား ဖမ်းဆီးနိုင်ခဲ့ပြီး ထွက်ပြေး လွတ်မြောက်ဆဲဖြစ်သော အသက် (၃၆နှစ်) အရွယ် မောင်တင်ကြည်မှာ ဝတုတ် (ခ) စိန်ကျော်သန်းနှင့် တစ်ရွာတည်း သားများဖြစ်ကြောင်း သိရသည်။

စိန်ကျော်သန်းသည် လူသတ်မှုအား လိုက်လံစုံစမ်းနေသူများဖြစ်သော ရခိုင်အမျိုးသားပါတီ (အမြတေ)မှ တာဝန်ရှိသူတစ်ဦးကို မျက်လုံးဖောက်ပစ်ပြီး ခြေလက်များကို ဖြတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း၊ အသတ်ခံရသည့် မောင်စိုးသန်း၏ မိဘများက ၂၀၁၄ ခုနှစ် ဇွန်လကတည်းက ကျောက်ဖြူမြို့နယ် မင်းပြင်ရဲစခန်းတွင် အမှုဖွင့် တိုင်ကြားခဲ့ကြောင်းနှင့် ပြစ်မှုကျူးလွန်သူ စိန်ကျော်သန်းကို အယ်ကချိုင်မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း MAT အဖွဲ့မှ စုံစမ်းသိရသည်။

**စိုးဝင်း(SP)**

## ဟန်းဖုန်းခိုးယူသူတစ်ဦးကို ဖော်ထုတ် ဖမ်းဆီးမိ

**ဒလ ဇွန် ၃** ဒလမြို့နယ် မြို့မရဲစခန်း၌ နယ်ထိန်း ရဲတပ်ကြပ်စိုးမြင့်တို့အဖွဲ့သည် မေ ၂၉ ရက်က ဖုန်းခိုးယူထားကြောင်း သတင်းရရှိသဖြင့် သံသယဖြစ်သူတစ်ဦးကို ခေါ်ယူစစ်ဆေးရာ ဟန်းဖုန်းတစ်လုံးခိုးယူထားကြောင်း ပေါ်ပေါက်၍ ဖမ်းဆီးခဲ့သည်။ အဆိုပါ ဟန်းဖုန်းခိုးယူသူမှာ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ (၂) ရပ်ကွက် ကြံခိုင်ရေးလမ်းနေသူ တာတီး (၂၅နှစ်) ဖြစ်ပြီး လွန်ခဲ့သော နှစ်ရက်က ဒလမြို့ မော်စက်ဘုရားလေး ဘုန်းကြီးကျောင်းသို့ ရောက်ရှိခိုက် ထိုကျောင်းထဲတွင်တွေ့ရှိသော လက်ကိုင်ဖုန်းတစ်လုံးကိုခိုးယူခဲ့ပြီး မြက်တောထဲတွင် ဝှက်သိမ်းထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ အဆိုပါ ဟန်းဖုန်းခိုးယူသူ တာတီး(၂၅နှစ်) ကို ဒလမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းငွေ(ဒလ)**

## ရွှေငွေပစ္စည်းတန်ဖိုး ၁၇၆ သိန်းဖိုးခန့် ခိုးယူခံရ

**ကြံခင်း ဇွန် ၃**

ကြံခင်းမြို့ ရွာသစ်ရပ်ကွက် မဟာဗောဓိလမ်းရှိ ဦးဝင်းဌေး (ဆုံဆည်းရာစားသောက်ဆိုင်) ပိုင် နေအိမ်ဗီရိုအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံနှင့် ငွေစက္ကူများ ခိုးယူခံရမှုတစ်ခုဖြစ်ပွားခဲ့ရာ ကြံခင်းမြို့မ ရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မျိုးဇော်မြင့်နှင့်အဖွဲ့ အခင်းဖြစ်နေအိမ်သို့ သွားရောက်စစ်ဆေးရာ နေအိမ်အတွင်းပစ္စည်းများ ပြန့်ကျဲနေသဖြင့် သမီးဖြစ်သူ မဌေးသက်မွန်က ဗီရိုအတွင်းသိမ်းဆည်းထားသော စာအုပ်ဖြစ်နေ၍ ဗီရိုအောက်ထပ်အခန်းကို ဖွင့်ကြည့်ရာ ရွှေထည်ပစ္စည်းမျိုးစုံနှင့်ငွေသားစက္ကူများ ပျောက်ဆုံးနေကြောင်း တွေ့ရှိရ၍ ဦးဝင်းဌေးက တရားလိုပြုကာ ကြံခင်းမြို့မရဲစခန်းတွင် အမှုတိုင်တန်းခဲ့သည်။

ခိုးယူခံရသော ရွှေထည်ပစ္စည်းမျိုးစုံ၏ စုစုပေါင်း ရွှေအလေးချိန်မှာ ကိုးကျပ် တစ်မူး ငါးရွေးခန့်နှင့် ငွေစက္ကူရောရာ ကျပ်သိန်း ၁၂၀ ခန့် စုစုပေါင်း တန်ဖိုး ၁၇၆ သိန်းကျော်ခန့် ခိုးယူခံရကြောင်း သိရသည်။

**ဌေးမင်း(ကြံခင်း)**

## ထော်လာဂျီနှင့်ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်

**တာချီလိတ် ဇွန် ၃**

တာချီလိတ်မြို့ မိုင်းကိုးအုပ်စု ပန်ဟတ်ရွာ ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမပေါ်၌ ထော်လာဂျီနှင့်ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိရာမှ ဆိုင်ကယ်မောင်းသူ တစ်ဦး သေဆုံးသွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁ ရက် နံနက် ၁၁ နာရီခွဲက တာချီလိတ်- ကျိုင်းတုံကားလမ်း မိုင်းကိုး အုပ်စုတွင် ယာဉ်မတော်တဆမှု ဖြစ်ပွားကြောင်း သတင်းအရ တာချီလိတ် ယာဉ်ထိန်း ရဲတပ်ဖွဲ့ ရဲအုပ် ကျော်ဇေယျနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ တာချီလိတ်ဘက်မှ တာလေဘက်သို့ နံပါတ်မပါ Wave ဆိုင်ကယ်အား စိုင်းဆေး (၄၀နှစ်) နားမွန်းရွာ မိုင်းဖြတ်မြို့ နေသူ မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင် တာလေဘက်မှ တာချီလိတ်ဘက်သို့ ယာဉ်မောင်း ဝင်းဗိုလ် မောင်းနှင်လာသော ၉၅/---- ထော်လာဂျီသည် ရှေ့တွင် မောင်းနှင်နေသော ခရီးသည်တင်ယာဉ် တစ်စီးအားကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး တိုက်မိရာ စိုင်းဆေးတွင် ဒဏ်ရာများရရှိ၍ တာချီလိတ်ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

**နိုင်ငံဘက်စုံတည်ဆောက်ရေး မှန်မှန်ကန်ကန် အခွန်ပေး**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

## ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက် (အသစ်)လျှောက်လွှာများတင်သွင်းရန် ကြေညာချက်(၅/၂၀၁၅)

**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်နေ့**
**(၂၀၁၅ ခုနှစ် ဇွန် ၁ရက်)**

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် မိုးကုတ်ရတနာနယ်မြေတွင် ကျောက်မျက်ရတနာများ တိုးမြှင့်ထုတ်လုပ်ရေး၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံသားဒေသခံများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ မိုးကုတ်ရတနာနယ်မြေ၊ မိုးကုတ်မြို့နယ်အတွင်း ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်ရန်အတွက် ဖော်ထုတ်လုပ်ကွက် (အသစ်)လျှောက်လွှာများကို လက်ခံ၍ သတ်မှတ်ချက်များနှင့်အညီ ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး ခွင့်ပြုမိန့်များ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၂။ ဖော်ထုတ်လုပ်ကွက် (အသစ်)လျှောက်လွှာများထုတ်ယူခြင်းနှင့် လျှောက်လွှာများ ပြန်လည်တင်သွင်းခြင်းများကို ကျောက်မျက်ရတနာတူးဖော်ရေးဌာန(မိုးကုတ်)တွင် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက် (အသစ်)လျှောက်လွှာများ ထုတ်ယူခြင်း။** တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက် (အသစ်)လျှောက်လွှာတင်သွင်းလိုသည့် ပုဂ္ဂလိက၊ လုပ်ငန်းရှင်များသည် ၂၀၁၅ခုနှစ် ဇွန် ၁၅ရက်မှ ၃၀ရက်အထိ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ မှတ်ပုံတင်ပြီး လျှောက်လွှာများ ထုတ်ယူနိုင်ပါသည်။

(ခ) **တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက် (အသစ်)လျှောက်လွှာများတင်သွင်းခြင်း။** လျှောက်ထားခွင့်ရှိသူသည် ဖော်ထုတ်လုပ်ကွက် (အသစ်)လျှောက်လွှာပုံစံ (မကလ-၅)တွင် လိုအပ်သည်များကို ပြည့်စုံစွာရေးသွင်းပြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မိုးကုတ်)မှတစ်ဆင့် ၂၀၁၅ခုနှစ် ဇွန် ၁၅ရက်မှ ဇူလိုင် ၁၀ရက်အထိ ရုံးဖွင့်ရက်များတွင် နေ့စဉ် ၀၉း၀၀နာရီမှ ၁၇း၀၀နာရီအထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် တင်သွင်းရန်ဖြစ်ပါသည်။

(ဂ) **တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာများ လျှောက်ထားခွင့်ရှိသူ၏ သတ်မှတ်ချက်များ။** အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပုံစံ(၁၀)၊ အိမ်ထောင်စုစာရင်းရှိပြီး မိုးကုတ်မြို့နယ်အတွင်း လွန်ခဲ့သော နှစ် ၂၀ နှင့်အထက် နေထိုင်သူများ (ဒေသခံအဖြစ်သတ်မှတ်ထား)က လျှောက်ထားနိုင်ပါသည်။

(၂) မိုးကုတ်ရတနာနယ်မြေတွင် ကျောက်မျက်တူးဖော်နေသော ကျောက်မျက်ကုမ္ပဏီတစ်ခုခုတွင် ဒါရိုက်တာ၊ မန်နေဂျင်းဒါရိုက်တာအဖြစ် ပါဝင်သူများ လျှောက်ထားခြင်း (မပြု)မပြုရ။

(၃) လျှောက်ထားသူတစ်ဦးလျှင် လျှောက်လွှာ(၁)စောင်နှုန်းဖြင့် လုပ်ကွက်(၁)ကွက်အတွက် လျှောက်ထားပိုင်ခွင့်ရှိပါသည်။

(၄) လျှောက်လွှာတင်သွင်းရာတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ တင်သွင်းလျှောက်ထားရမည်။ (စာရွက်စာတမ်းမပြည့်စုံ မမှန်ကန်လျှင်ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ)

(က) မိုးကုတ်မြို့နယ်အတွင်းရှိ မြေနေရာကိုသာ လျှောက်ထားရမည်။

(ခ) လျှောက်ထားသည့်လုပ်ကွက်မြေနေရာကို လျှောက်ထားသူက တည်ဆဲဥပဒေအရ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့်(သို့မဟုတ်)လွှဲပြောင်းပိုင်ခွင့်ရှိကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်စာ

(ဂ) လျှောက်ထားသည့်လုပ်ကွက်မြေနေရာကို လျှောက်ထားသူက တည်ဆဲဥပဒေအရ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် (သို့မဟုတ်) လွှဲပြောင်းပိုင်ခွင့်ရှိကြောင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်။

(ဃ) မြေလွတ်မြေလပ်နေရာဖြစ်ပါက မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့၏ ထောက်ခံချက်။

(င) လျှောက်ထားသည့် လုပ်ကွက်မြေနေရာ တည်နေရာပြမြေပုံကြမ်း။

(စ) လျှောက်ထားသည့် လုပ်ကွက်မြေနေရာနှင့် ဆက်စပ်ပတ်ဝန်းကျင်တွင် နေထိုင်/လုပ်ကိုင်သူများ၏ ထောက်ခံချက်။

၃။ **လုပ်ကိုင်ခွင့်ချထားပေးမည့်အခြေအနေ။ ။** လျှောက်ထားခွင့်ရှိသူတစ်ဦးလျှင် လုပ်ကွက်(၁)ကွက်ကိုသာ လုပ်ကိုင်ခွင့်ချထားပေးပါမည်။

၄။ **ကောက်ခံမည့်ငွေကြေးများ**

(က) **မှတ်ပုံတင်ကြေး။ ။** မှတ်ပုံတင်ခြင်းအတွက် လုပ်ငန်းရှင်တစ်ဦးလျှင် ၁၀၀၀ကျပ် ပေးသွင်းရပါမည်။

(ခ) **လျှောက်လွှာဝယ်ယူခြင်း။ ။** လျှောက်လွှာတစ်စောင်လျှင် ကျပ် ၃၀၀ နှုန်းဖြင့်ဝယ်ယူရပါမည်။

(ဂ) **ကွင်းဆင်းစစ်ဆေးခ။ ။** ကွင်းဆင်းစစ်ဆေးတိုင်းတာခအဖြစ် လုပ်ကွက်(၁)ကွက်အတွက် ၅၀၀၀၀ ကျပ်ပေးသွင်းရပါမည်။ **(လုပ်ကွက်မရရှိပါက ကွင်းဆင်းစစ်ဆေးတိုင်းတာခကို ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။)**

၅။ **ဖော်ထုတ်လုပ်ကွက်(အသစ်)၏ သက်တမ်းကာလ။ (၃)နှစ်**

၆။ **အဆိုပြုငွေပေးသွင်းခြင်းနှင့် ခွင့်ပြုမိန့်ကတ်များထုတ်ပေးခြင်း။**

(က) ကြီးကြပ်ရေးလုပ်ငန်းကော်မတီအစည်းအဝေးက လုပ်ကိုင်ခွင့်ချထားပေးသော လုပ်ကွက်များအတွက် လုပ်ကွက်(၁)ကွက်လျှင် အဆိုပြုငွေ ကျပ်(၅)သိန်းကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် တစ်လအတွင်း ပေးသွင်းစေပါမည်။

(ခ) အဆိုပြုငွေပေးသွင်းပြီးသည့် လုပ်ကွက်များအတွက် ခွင့်ပြုမိန့်ကတ်ပြားများကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် ထုတ်ပေးပါမည်။

၇။ **တူးဖော်ခွင့်ပြုမည့်နည်းစနစ်နှင့် အသုံးပြုရမည့်စက်ယန္တရား**

(က) လေးပင်စနစ်၊ ကိုးပင်စနစ်တွင်းလုံးစနစ်၊ မျောစနစ်၊ အင်းဖြဲစနစ်(လူအားဖြင့်သာ)။

(ခ) ရေစုပ်စက်၊ လေပေးစက်၊ မီးစက်၊ ကျောက်ဖောက်စက်၊ ဖြန်းခါစက်။

၈။ ဖော်ထုတ်လုပ်ကွက်(အသစ်)များကို လုပ်ကိုင်ခွင့်ရရှိသည့် ဒေသခံလုပ်ငန်းရှင်များအနေဖြင့် ခွင့်ပြုမိန့်ရရှိသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်းမပြုရန်၊ သတ္တုတွင်းဝန်ကြီးဌာနက ၁၉၉၉ခုနှစ် အောက်တိုဘာ ၁ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ်(၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်မည့်အပြင် ကျောက်မျက်ရတနာ ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးစေမှုမရှိစေရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ခုနှစ် မေ ၁၂ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၀၄ အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်နှင့် ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စက်မှုဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ဘွိုင်လာစစ်ဆေးရေး)**

## ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ဘွိုင်လာစစ်ဆေးရေး)မှ ဘွိုင်လာကိုင်တွယ်သူများသင်တန်းကို ၂၂-၆-၂၀၁၅ရက်မှ ၃၀-၇-၂၀၁၅ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၎င်းသင်တန်းကို ဌာနဆိုင်ရာဝန်ထမ်းမဟုတ်သော ပြင်ပမှတက်ရောက်လိုသူ မည်သူမဆို ၁၉-၆-၂၀၁၅ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဘွိုင်လာစစ်ဆေးရေးသင်တန်းဌာန-** အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၉၈၇၊ ၀၉-၅၃၄၀၂၉၁၊
၀၉-၅၅၀၇၀၀၉

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့လက်အောက်ရှိ လားရှိုး၊ သီပေါ၊ နမ္မတူ၊ နမ့်ဆန်မြို့နယ်များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ပြည်ထောင်စုလမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သောလမ်းခင်းကျောက်ရွယ်စုံ၊ ကျောက်ရောမြေ၊ ဖြုန်း၊ သဲများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **အိတ်ဖွင့်တင်ဒါအမှတ်** | - | အမှတ်(၁) (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်) |
| ၃။ | **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၁၈-၆-၂၀၁၅ရက်၊ ၁၆း၃၀နာရီ |
| ၄။ | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၁၉-၆-၂၀၁၅ရက်၊ ၀၉း၀၀နာရီ |
| ၅။ | **တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** | - | တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၆)ရုံး၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၂၆၁၉၊၀၉-၄၉၂၅၄၄၁၇၊ ၀၉-၄၇၃၀၆၅၄၀၊၀၉-၂၅၀၁၂၉၄၁၂၊ ၀၉-၄၀၃၇၃၉၄၉၆ |

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ဒေါင်းဆင်ဒရုန်းကလေးများ ပုံမှန်ဘဝဖြတ်သန်းနိုင်ရေး ဝိုင်းဝန်းကူညီပေးရန် မိဘများမျှော်လင့်နေ

သတင်းဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

**ရန်ကုန် ဇွန် ၃**

လက်ချောင်းကလေးများကို ကြိုးစားလှုပ်ရှားလို့ ကိုယ်တိုင်လုပ်တဲ့ရေခဲမုန့်တွေကို အားပါးတရစားသုံးနေကြတာကတော့ အီတလီနိုင်ငံသား ရေခဲမုန့်ပညာရှင်ရဲ့ တပည့်အရင်းငါးဦးဖြစ်တဲ့ ဒေါင်းဆင်ဒရုန်းကလေးတွေပါ။ သူတို့အတွက် ရေခဲမုန့်လုပ်ဖို့ လိုအပ်တဲ့ကုန်ကြမ်းကအစ ကုန်တိုက်မှာ သွားဝယ်ရတဲ့အတွေ့အကြုံက မမေ့နိုင်စရာပါပဲ။ ထိုအထဲက တစ်ဦးကတော့ ရေခဲမုန့်လုပ်တဲ့ ပညာရှင်ဖြစ်ဖို့အထိ မျှော်မှန်းကြိုးစားနေတယ်လို့ ဆိုလိုက်ပါသေးတယ်။

မျိုးအောင်ပြီး သန္ဓေသားရဲ့ ဗီဇဆဲလ်ပွားဖြစ်စဉ်မှားယွင်းမှုတစ်ခုခုကြောင့် Down Syndrome ကလေးတွေ မွေးဖွားလာရတာပါ။ မျက်စိစောင်းပြီး မျက်လုံးမှေးမှေးနဲ့ လက်ကလေးတွေတုတ်တုတ်ခိုင်ခိုင် နှာခေါင်းပြားပြား ဦးခေါင်းသေးငယ်တဲ့ ကလေးတွေကို မြင်ရပြီဆိုတာနဲ့ သူတို့လေးတွေကို လူတိုင်းက ဉာဏ်ရည်မပြည့်တဲ့ကလေးတွေဆိုပြီး ဒီအတိုင်းထားခဲ့ကြပါတယ်။ မိဘတွေအတွက်လည်း စိတ်မကောင်းစရာပါ။ ဒီကလေးတွေရဲ့ အမူအကျင့်၊ ခံစားမှုနဲ့ သူတို့ကိုပြုစုပျိုးထောင်ကြတယ်ဆိုတာ မြန်မာနိုင်ငံမှာ သင်တန်းတွေ၊ ပညာပေးအစီအစဉ်တွေ ဘာမှမရှိခဲ့ရာကနေ အခုချိန်မှာတော့ ဝေဒနာတူ မိဘတွေရဲ့ စုပေါင်းမှုအင်အားနဲ့ မြန်မာနိုင်ငံ ဒေါင်းဆင်ဒရုန်းအသင်း ဖြစ်မြောက်ရေးကော်မတီကို အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ပါပြီ။

"သမီးလေးက သားဦးကိုယ်ဝန်လည်းဖြစ်ပြီး ကျွန်မရဲ့ အသက် ၂၃ နှစ်မှာ မွေးဖွားခဲ့တာပါ။ မွေးပြီးပြီးချင်း ဆရာဝန်က ကလေးရဲ့အခြေအနေကို ပြောပြတဲ့အခါ အလွန်ဝမ်းနည်းခဲ့ရတယ်။ သို့သော် ဆရာဝန်တွေက ကလေးကို ပြုစုပျိုးထောင်ဖို့၊ မိဘကို နှစ်သိမ့်ပညာပေးဖို့အတွက် ကျွန်မတို့တိုင်းပြည်မှာ မရှိခဲ့ပါဘူး။ ဒါပေမယ့် သိရသလောက် Down Syndrome ကလေးတွေကို အသက်အရွယ်ကြီးတဲ့ အိမ်ထောင်ရှင်များက နောက်ဆုံးကလေးအဖြစ် ကိုယ်ဝန်ရရှိမွေးဖွားလေ့ရှိတယ်။ သူတို့အတွက် နေဝင်ချိန်မှာ Down Syndrome ကလေးကို ပြုစုပျိုးထောင်ဖို့ အခက်အခဲရှိတတ်ကြပါတယ်။ ကျွန်မအတွက်တော့ သားဦးကလေးမို့ ကိုယ့်ရဲ့ကျန်ရှိနေတဲ့ ဘဝတစ်ခုလုံးကို ကလေးအတွက်ပေးဆပ်မယ်ဆိုပြီး ကိုယ်တိုင်လေ့လာရာကနေ အဆင့်ဆင့်တက်လှမ်းပြီး ကျွန်မလိုမိဘတွေအားလုံးရဲ့ စုပေါင်းအားလေးနဲ့မကြာမီ အသင်းဖွဲ့စည်းနိုင်မယ်လို့ ယုံကြည်ပါတယ်" လို့ မြန်မာနိုင်ငံ ဒေါင်းဆင်ဒရုန်းအသင်း ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်မျိုးပပက ပြောပါတယ်။

ကော်ဖီစေ့၊ ကော်ဖီဖျော်စက်အမျိုးမျိုးနဲ့ ကော်ဖီ၊ ရေခဲမုန့်ထုတ်လုပ်မှု စက်ပစ္စည်းတွေ တင်သွင်းတဲ့ Golden Brown Coffee က ဒေါင်းဆင်ဒရုန်း ကလေးတွေရဲ့ဘဝမြှင့်တင်ဖို့အတွက် အသင်းကို လူသိများလာစေဖို့ ရည်ရွယ်ချက်နဲ့ ကလေးငါးဦးကို ရွေးချယ်လို့ ရေခဲမုန့်လုပ်နည်းပညာကို အီတလီပညာရှင်အကူအညီနဲ့ သင်ကြားပေးနေပါတယ်။

"ဉာဏ်ရည်မပြည့်မီပေမယ့် သူတို့ရဲ့ ဘဝမှာ မျှော်လင့်ချက်တွေ ရည်ရွယ်ချက်တွေနဲ့ သင်ယူလိုမှုတွေ ရှိတယ်ဆိုတာကို ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်။ ကိုယ်တိုင် ထုတ်လုပ်တဲ့ရေခဲမုန့်ကို အားရပါးရစားနေကြတဲ့ သူတို့တွေရဲ့သဏ္ဍာန်ဟာ Down Syndrome ကလေးတွေလို့တောင်ထင်ရက်စရာမရှိဘူး" လို့ Golden Brown Coffee က ဒါရိုက်တာ ကိုအောင်ဖြိုးလင်းက ဆိုပါတယ်။

အသက် ၁၂နှစ်ရှိပြီဖြစ်တဲ့ ခွန်းနေခြည်ခင်ဟာ ခုနစ်နှစ်သမီးမှာ ကျောင်းစတက်နိုင်ခဲ့ပြီး အခုဆိုရင် upper Junior တန်းမှာ ပညာသင်ကြားနေပါတယ်။ ကိုယ့်ရဲ့ တစ်ကိုယ်ရေသန့်ရှင်းမှုတွေအပြင် ကိုယ့်အဝတ်အစားလေးတွေ ကိုယ်လျှော်တာ၊ မိဘကို ကူညီပြီး အိမ်မှုကိစ္စလုပ်ပေးတာနဲ့ မိသားစုနဲ့အတူတူ ညစာစားဖို့အတွက်တောင် ဝင်ရောက်စီမံပေးနိုင်တဲ့ ကလေးဖြစ်လာနေပါပြီ။ အဲဒီလိုအခြေအနေရောက်ဖို့ လွယ်ခဲ့တာတော့ မဟုတ်ပါဘူး။ စိန်ခေါ်မှုတွေ အများကြီးရှိခဲ့ပါတယ်။ အပြင်တစ်နေရာကို ခေါ်သွားဖို့အတွက် ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် လုပ်ရတဲ့အလုပ်ဟာ မိဘတွေအတွက် စိန်ခေါ်မှုဖြစ်ပေမယ့် Down Syndrome ကလေးမိဘတွေ စိတ်ဓာတ်မကျသင့်ဘဲ ရှေ့ကိုတိုးပြီး ကူညီပံ့ပိုးပေးပါလို့ ဒေါ်မျိုးပပက သူ့သမီးလေးအကြောင်းကို အခြေခံလို့ ရှင်းပြပါတယ်။

"အနောက်တိုင်းမှာတော့ Down Syndrome ကလေးတွေဟာ ပုံမှန်မိသားစုဘဝကိုဖြတ်သန်းတယ်။ တတ်နိုင်တဲ့အလုပ်တွေလုပ်ကြတယ်။ နောက်ဆုံး ချစ်သူရည်းစားတောင်ထားနိုင်လာကြတယ်။ ဒါပေမယ့် ကျွန်မတို့ဆီမှာတော့ Down Syndrome ကလေးတွေဟာ နိမ့်ကျနေဆဲပါ။ ဒီအတွက် မြန်မာနိုင်ငံ ဒေါင်းဆင်ဒရုန်အသင်း ဖြစ်မြောက်ရေးကော်မတီကို ဖေဖော်ဝါရီ ၁၅ ရက်မှာ အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါပြီ" လို့ အလုပ်အမှုဆောင်အဖွဲ့ဝင် မိဘတစ်ဦးက ရှင်းပြပါတယ်။

မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများ မိဘအဖွဲ့ရဲ့ ပံ့ပိုးအားပေးမှု၊ စာနာသူ အလှူရှင်တွေရဲ့ စေတနာတွေနဲ့ မတ် ၂၁ ရက်မှာ ပြည်သူ့ဥယျာဉ်အတွင်း ပွဲလေးတစ်ခု



ဖြစ်မြောက်ခဲ့ပြီး အလှူငွေတွေလည်း ရရှိခဲ့တာကြောင့် အဖွဲ့အတွက် အားတစ်ခုဖြစ်လာခဲ့ပါတယ်။

"ကျွန်မတို့ရဲ့ရည်ရွယ်ချက်က အသင်းဖွဲ့စည်းပြီး ကလေးတွေအတွက် Down Syndrome စင်တာကြီး တစ်ခု တည်ထောင်လိုပါတယ်။ မိဘမဲ့ Down Syndrome ကလေးတွေကို ပြုစုပေးဖို့နဲ့ သူတို့တွေကို ထိန်းကျောင်းဂရုစိုက်ဖို့ နေရာလိုအပ်ပါတယ်။ လေ့ကျင့်မှုဆိုင်ရာတွေကို စနစ်တကျလုပ်ဆောင်ဖို့နဲ့ သူတို့တွေ ပျော်ရွှင်ရာ ဘဝတူအချင်းချင်း နားလည်စွာဖြတ်သန်းဖို့ နေရာတစ်ခု ပေါ်ထွက်လာစေချင်ပါတယ်။ နောက်ပြီး Down Syndrome ကလေးတွေဟာ အသက် ၃၀ ကျော် ၄၀အရွယ်မှာ အယ်ဇိုင်းမားရောဂါဖြစ်ပွားတတ်ကြပြီး မိသားစုကို တဖြည်းဖြည်း မေ့လျော့သွားတတ်ကြပါတယ်။ သို့သော် အခုနောက်ပိုင်း တိုးတက်တဲ့တိုင်းပြည်တွေမှာ ဆေးပညာအကူအညီနဲ့ အသက် ၇၀ အရွယ် Down Syndrome တွေရှိလာပါပြီ။ ဒါတွေကို အသင်းဖွဲ့စည်းပြီးရင် volunteer ဆရာဝန်တွေ ထားရှိစေလွှတ်ပြီး ကိုယ့်ဆီမှာ ပြန်လည်မျှဝေနိုင်ဖို့လည်း မျှော်လင့်ထားတာရှိပါတယ်" လို့ ဒေါ်မျိုးပပက ပြောပြပါတယ်။

Down Syndrome ကလေးတွေဟာ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အစာအိမ်၊အူလမ်းကြောင်းရောဂါ၊ အမြင်အာရုံ၊ အကြားအာရုံအားနည်းခြင်း၊ ခံနိုင်ရည်နှင့် ခုခံအားနည်းခြင်း၊ အရိုးနှင့် အကြောများ မခိုင်ခြင်း၊ ခြေခွင်ခြင်းနှင့် သိုင်းရွိုက်ဟော်မုန်းထုတ်လုပ်မှု နည်းခြင်းစတဲ့ ရောဂါတွေကို ပူးတွဲခံစားရလေ့ရှိပါတယ်။

အသက်အရွယ်ကြီးရင့်တဲ့ မိဘတွေ သို့မဟုတ်အထူးသဖြင့် အမေကနေ မွေးလာခဲ့မယ်ဆိုရင် ၁၅ယောက်မှာ တစ်ယောက်နှုန်းဖြစ်ပွားတတ်တဲ့ ရောဂါဖြစ်ပါတယ်။

ဒါကြောင့် မိမိရဲ့ မိသားစုထဲမှာဖြစ်ဖြစ် ပတ်ဝန်းကျင်မှာဖြစ်ဖြစ် Down Syndrome ကလေးတွေကို မြင်တွေ့ရပြီဆိုရင်တော့ မြန်မာနိုင်ငံ ဒေါင်းဆင်ဒရုန်းအသင်း ဖြစ်မြောက်ရေးကော်မတီ ဘီ၁၊ အခန်း ၄၀၂၊ ပုဂံအိမ်ရာ၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်နဲ့ ဖုန်းနံပါတ် ၀၉၅၀၄၀၀၉၆၊ ၀၉၅၀၆၃၇၆၆ တို့ကို ဆက်သွယ်ပြီး ကလေးတွေအတွက်ရော၊ မိဘတွေအတွက်ရော အကြံဉာဏ်တောင်းခံနိုင်သလို အလှူရှင်များကလည်း တတ်စွမ်းသမျှ လှူဒါန်းပေးကြပါဦးလို့ ဖိတ်ခေါ်ပါရစေ။

> "မိဘတွေအတွက် စိန်ခေါ်မှု ဖြစ်ပေမယ့် Down Syndrome ကလေးမိဘတွေ စိတ်ဓာတ်မကျသင့်ဘဲ ရှေ့ကိုတိုးပြီး ကူညီပံ့ပိုးပေးပါ"




**ဖခင်အမည်မှန်**

ပုသိမ်မြို့၊ K.S.T ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မအေးမို့မို့အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုကို ၁၄/ပသန(နိုင်)၂၅၉၇၃၉ ဖြစ်ပါသည်။

**ဦးအောင်ကိုကို**

**ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးလျှောက်ထားခြင်း**

ယာဉ်အမှတ် 1F/7233 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျယ်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မုဒုံမြို့၊ မြို့မ(၁)ရပ်ကွက် သဘော်ဦးရပ် ဈေးအနောက်လမ်းနေ ကျွန်တော် ဦးငွေဒင် ၁၀/မဒန(နိုင်)၀၇၅၅၆၁၏ သမီး မဌေးဝင်း MDN-၀၁၇၈၃၃ သည် အတူနေထိုင်စဉ် ကျွန်တော်ဖခင် ဦးငွေဒင်အပေါ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲခြင်းဖြစ်အောင် အမျိုးမျိုးအကြိမ်ကြိမ် ပြုလုပ်ခဲ့ခြင်း၊ ရိုင်းပျပြောဆိုဆက်ဆံမှုများ ပြုလုပ်နေပါသဖြင့် ၂၇-၅-၂၀၁၅ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဦးငွေဒင်**

**ဖခင်အမည်မှန်**

ဟုမ္မလင်းမြို့၊ အထက(ကက်သာ) တက္ကသိုလ်ဝင်တန်းမှမောင်လှိုင်မြင့်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆွေဦး ၅/ရစက(နိုင်)၀၂၂၆၆၄ ဖြစ်ပါကြောင်း။

**ဦးအောင်ဆွေဦး**

**ဖခင်အမည်မှန်**

ဟုမ္မလင်းမြို့၊ အထက(ထမံသီ)မှ မအိအိခိုင်(အဋ္ဌမတန်း)၊မအိအိလှိုင်(ပဉ္စမတန်း) စွယ်ခေါင်းငေါ်းကျေးရွာ မူလတန်းကျောင်းမှ မမေစုလှိုင်(တတိယတန်း)နှင့် မောင်တင်မျိုးဝင်း (သူငယ်တန်း)တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွေး ၅/ဟမလ(နိုင်)၀၅၉၃၆၇ ဖြစ်ပါကြောင်း။

**ဦးအောင်ထွေး**

**အမည်မှန်**

နမ့်ခမ်းမြို့၊ ဆာလုကျေးရွာနေ ဦးအောင်မြင့် ၁၃/နခန(နိုင်)၀၂၀၆၀၅ ၏သမီး အထက(၁)နဝမတန်းမှ မစမ်းစန္ဒာအေး၏ အမည်မှန်မှာ မစမ်းသန္တာအေး ဖြစ်ပါကြောင်း။

**မစမ်းသန္တာအေး**

**ဖခင်အမည်မှန်**

မကွေးမြို့၊ အထက(ခွဲ) ဆားစည့်ကျောင်းမှ အဋ္ဌမတန်း အောင်မြင်ခဲ့သော မောင်ကောင်းခန့်နိုင်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုသက် ၈/မဘန(နိုင်)၀၁၄၀၃၇ ဖြစ်ပါကြောင်း။

**ဦးကိုကိုသက်**

**ဖခင်အမည်မှန်**

ပြည်မြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်း(F)မှ မောင်ရဲထက်နိုင်၏ဖခင်အမည်မှန်မှာ ဦးစိုးဝင်းသိုက် ၇/ပမန(နိုင်)၀၈၉၇၆၂ ဖြစ်ပါကြောင်း။

**ဦးစိုးဝင်းသိုက်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဆိုသည်မှာ ....

**ဒေါက်တာခိုင်ခိုင်ဝင်း**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မည်သို့သော အဖွဲ့အစည်းဖြစ်ပါသလဲ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း Non Government Organization (NGO) လား ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း Civil Society Organizations (CSOs) လား ၊ UN လက်အောက်ခံ အဖွဲ့အစည်းလား၊ Volunteer Group လား၊ လစာဘယ်လောက်ရလဲ၊ ဘာအလုပ်တွေလုပ်ရလဲဆိုတဲ့ တူညီတဲ့မေးခွန်းများကို ကြိမ်ဖန်များစွာ၊ လူများစွာ (လူများစွာဆိုသည်မှာ သာမန်အရပ်သားမှသည် အစိုးရ အရာထမ်း၊ အမှုထမ်းများအထိပါဝင်ပါသည်)ဆီက အမေးခံရပြီး နောက်မှာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်း တစ်ဦးအနေဖြင့် ဤဆောင်းပါးကို ရေးသားပြီး အဖြေပေးလိုက်ပါတယ်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မည်သို့သော အဖွဲ့အစည်းဖြစ်ပါသလဲဆိုတာကို ဖြေရမည်ဆိုလျှင် ဦးစွာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် စတင်ဖြစ်ပေါ်လာပုံကို ပြောရပါမယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈)ပါ နိုင်ငံသားများ၏မူလအခွင့်အရေးများကို မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်နိုင်စေရန် ၂၀၁၁ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့သည် ၅-၉-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃၄/၂၀၁၁) ဖြင့် အဖွဲ့ဝင် ၁၅ ဦးပါ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပါတယ်။

နိုင်ငံတကာရှိ လူ့အခွင့်အရေးကော်မရှင် (သို့မဟုတ်) လူ့အခွင့်အရေး အဖွဲ့အစည်းများသည် အများအားဖြင့် စတင်ဖွဲ့စည်းစဉ်တွင် နိုင်ငံတော် အကြီးအကဲ၏အမိန့်ဒီဂရီဖြင့် ဖွဲ့စည်းခဲ့ကြခြင်းဖြစ်ပါတယ်။ သို့သော်လည်း နောက်ပိုင်းတွင် လူ့အခွင့်အရေး မြှင့်တင်၊ ကာကွယ်စောင့်ရှောက်ခြင်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပဲရစ်အခြေခံမူများ (Paris Principles) နှင့်ကိုက်ညီမှုရှိပြီး ခိုင်မာမှုရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲ၍ ဖွဲ့စည်းခြင်း သို့မဟုတ် လူ့အခွင့်အရေးကော်မရှင် ဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ကြပါတယ်။

ဒီအတွက်ကြောင့်လည်း နိုင်ငံတော်သမ္မတကြီးက အမျိုးသားလူ့အခွင့် အရေးကော်မရှင် ဥပဒေမူကြမ်း တစ်ရပ်ရေးဆွဲတင်ပြရန် ၈-၃-၂၀၁၂ ရက်နေ့တွင် လမ်းညွှန်ခဲ့ပါတယ်။ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က လည်း အချိန်မဆိုင်းဘဲ ဥပဒေ(မူကြမ်း )ကို စတင်ရေးဆွဲခဲ့ကြပါတယ်။ နိုင်ငံတော်သမ္မတကြီး ၏လမ်းညွှန်မှု၊ အားပေးမှု၊ ပြည်တွင်း၊ ပြည်ပဥပဒေ ပညာရှင်များ၊ နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့အစည်းများ၏အကြံဉာဏ် များရယူရေးဆွဲခဲ့ပါတယ်။ ဥပဒေ(မူကြမ်း)အား အများပြည်သူ အကြံပြု ချက်များပြုလုပ်နိုင်ရန်အတွက် ၇-၇-၂၀၁၃ ရက်နေ့တွင် နိုင်ငံပိုင်သတင်း စာများတွင် ထည့်သွင်းကြေညာခဲ့သလို ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးများသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးမှ ကိုယ်စားလှယ်အဖွဲ့ သွားရောက်လေ့လာခဲ့ကြပါတယ်။ ၂၆-၃-၂၀၁၄ ရက်နေ့မှာတော့ ပြည်ထောင်စုလွှတ်တော်မှ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေကို အတည်ပြုခဲ့ပြီး ၂၈-၃-၂၀၁၄ ရက်နေ့ တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၁) ဖြင့် ထုတ်ပြန် ပြဋ္ဌာန်း နိုင်ခဲ့ပါတယ်။

နိုင်ငံတော်သမ္မတကြီးက ထွက်ပေါ်လာတဲ့ ဥပဒေနှင့်အညီ ယနေ့ တည်ရှိနေတဲ့ အဖွဲ့ဝင် ၁၁ ဦးပါ ကော်မရှင်အဖွဲ့သစ်ကို နိုင်ငံတော်သမ္မတ ရုံး၏ ၂၄-၉-၂၀၁၄ ရက်စွဲပါ အမိန့် အမှတ် ( ၂၃/၂၀၁၄) ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။ ဒီလိုဖွဲ့စည်းပေးခြင်းဟာ ကျွန်မတို့ နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေတယ်ဆိုတာကို ပြသလိုက် ခြင်းဖြစ်သလို ပြုပြင်ပြောင်းလဲမှုများစွာထဲမှ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု အရ ဖြစ်ပေါ်လာတယ်လို့လည်း ဆိုနိုင်ပါတယ်။

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေတွင် အခန်း ပေါင်း (၉)ခန်းနှင့် ပုဒ်မပေါင်း (၇၀) ပါရှိပြီး အခန်း(၅) တွင် ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျယ်ပြန့်စွာ ဖော်ပြထားပြီး အခန်း(၆)သည် စုံစမ်းစစ်ဆေးခြင်းဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးခြင်းတွင် လူ့အခွင့်အရေး ဖောက်ဖျက်မှုများ စုံစမ်းစစ်ဆေးခြင်းနှင့် တိုင်တန်းချက်များ လက်ခံဆောင် ရွက်ခြင်းတို့ကို ဖော်ပြထားပါတယ်။ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ် ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးရန်လည်း ဥပဒေအရ တာဝန်ပေးအပ်ထားပါတယ်။

ဒါကြောင့်မို့လို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် NGO မဟုတ်ပါ၊ CSOs မဟုတ်ပါ၊ UN လက်အောက်ခံ အဖွဲ့အစည်း မဟုတ်ပါ၊ Volunteer Group မဟုတ်ပါ။ ဥပဒေတစ်ရပ်ဖြင့် သီးခြား ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပြီး ကော်မရှင်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင် ခွင့်များကို လွတ်လပ်စွာဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။

ကော်မရှင် ဥပဒေအရအပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ကော်မရှင် က ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်သည် လိုအပ်သော ငွေကြေးကို ထောက်ပံ့ရပါတယ်။ ဒါဟာလည်း ပါရီအခြေခံမူများအတိုင်း ဆောင်ရွက်တာဖြစ်ပါတယ်။ ကော်မရှင်အဖွဲ့ဝင်များကို ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးချယ်ခန့်ထားပြီး အဖွဲ့ဝင်သက်တမ်းမှာ (၅) နှစ် ဖြစ်ပါတယ်။

ကော်မရှင်က မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကော်မရှင်ရုံး အကြီးအမှူးအပါအဝင် လိုအပ်သော အရာထမ်း၊ အမှုထမ်း များကို လွတ်လပ်စွာခန့်ထားနိုင်ပြီး ကော်မရှင်ရုံးဝန်ထမ်းများကို ရာထူး အလိုက် သက်တမ်းစာချုပ်များဖြင့် ခန့်အပ်ထားပါတယ်။ ဒါဟာ အစိုးရ အရာထမ်း၊ အမှုထမ်းများနှင့် မတူညီသော အချက်ဖြစ်ပါတယ်။ ကော်မရှင် ရုံးဝန်ထမ်းများအတွက် ပင်စင်ခံစားခွင့်မရှိပါ။ သို့သော်လည်းကော်မရှင်ရုံး ဝန်ထမ်းများ လစာခံစားခွင့်မှာ ရာထူးအဆင့်အတန်းအလိုက် နိုင်ငံ့ဝန်ထမ်း များ လစာခံစားခွင့်ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးထားပါတယ်။ လစာ ဘယ်လောက်ရလဲဆိုတဲ့ မေးခွန်းကို ဖြေပေးတာပါ။ ရာထူးအဆင့် အတန်း အလိုက် နိုင်ငံ့ဝန်ထမ်းများလစာခံစားခွင့်နှင့် အတူတူပင် ဖြစ်သော်လည်း ပင်စင်ခံစားခွင့်မရှိသည့် ကော်မရှင်ပိုင် ဝန်ထမ်းများဖြစ်ပါတယ်။ နိုင်ငံ့ ဝန်ထမ်းများ မဟုတ်ပါ။ ဒါဟာလည်း ပါရီအခြေခံမူများအတိုင်းဖြစ်ပါတယ်။

ဒီနေရာမှာ ပါရီအခြေခံမူများ (Paris Principles) ဆိုတာကို အနည်းငယ် ရှင်းပြလိုပါတယ်။ ပါရီအခြေခံမူများဆိုတာ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖွဲ့စည်းခြင်းဆိုင်ရာ အခြေခံမူများ ဖြစ်ပါတယ်။ အဆိုပါ အခြေခံမူများကို ၁၉၉၃ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ် (၄၈/၁၃၄)ဖြင့်အတည်ပြုခဲ့တာဖြစ်ပါတယ်။ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖွဲ့စည်းတော့မည်ဆိုလျှင် အဆိုပါအခြေခံမူများပါ အချက် များနှင့်ကိုက်ညီအောင် ဖွဲ့စည်းဆောင်ရွက်ရပါတယ်။ ပါရီအခြေခံမူအရ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းပုံသဏ္ဌာန်များကို အမျိုးသားလူ့အခွင့် အရေးကော်မရှင်၊ ကော်မတီ (National Human Rights Commission/ Committee)၊ လူ့အခွင့်အရေး ခုံသမာဓိ (Ombudsman)၊ အထူးပြု အဖွဲ့ အစည်း (Specialized Institution) စသည်ဖြင့် ဖွဲ့စည်းနိုင်ပြီး အများအားဖြင့် နိုင်ငံများတွင် မိမိတို့နိုင်ငံနှင့်ကိုက်ညီမှုရှိသည့် ပုံသဏ္ဌာန်ဖြင့် ဖွဲ့စည်းကြ ပါတယ်။

လူ့အခွင့်အရေးအဖွဲ့အစည်းတိုင်းတွင် တာဝန်ကြီး (၂) ရပ်ရှိပါတယ်၊ လူ့အခွင့်အရေးမြှင့်တင်ရေးလုပ်ငန်း (Human Rights Promotion) နဲ့ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး (Human Rights Protection) တို့ဖြစ်ပါတယ်။ လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်လည်း နိုင်ငံသားများ၏ လူ့အခွင့် အရေး အသိပညာများတိုးမြှင့်လာစေရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှု များ မရှိစေရန်တို့အတွက် အဲဒီတာဝန်ကြီး (၂) ရပ်ကို ဆောင်ရွက်လျက် ရှိပါတယ်။ လူ့အခွင့်အရေး မြှင့်တင်ရေးလုပ်ငန်း (Human Rights Promotion) အတွက် လူ့အခွင့်အရေး အသိပညာပေးသင်တန်းများ၊ ဟောပြောပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ကြပါတယ်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး (Human Rights Protection) အတွက် တိုင်တန်းချက်များလက်ခံပြီး စုံစမ်းစစ်ဆေးဆောင်ရွက်ခြင်းကို အဓိက ဆောင်ရွက်ပါတယ်။ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ် ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ အခါအားလျော်စွာ ကြည့်ရှုစစ်ဆေးကြပါတယ်။ ဘာတွေလုပ်ရလဲဆိုတာကို ဖြေပေးတာပါ။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကော်မရှင်ဥပဒေပါ ရည်ရွယ်ချက်နှင့်အညီ လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အမျိုးသား အဆင့်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်း များနှင့် ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒီမိုကရေစီစနစ်ကို တည်ဆောက်နေတဲ့ယခုလိုအချိန်မှာ နိုင်ငံသားများ အနေနှင့် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတို့ကို မှန်မှန်ကန်ကန် နားလည် သဘောပေါက်ဖို့ အရေးကြီးသလို လူ့အခွင့်အရေးစံနှုန်းများ မြင့်မားဖို့ နိုင်ငံသားတိုင်း လူ့အခွင့်အရေးအသိများ မြင့်မားရုံသာမက လူ့အခွင့်အရေး အား လေးစားလိုက်နာရန်လည်း လိုအပ်ပါတယ်။ လူ့အခွင့်အရေးချိုးဖောက် မှုများ မဖြစ်ပေါ်ရန်နှင့် တရားဥပဒေစိုးမိုးရေးအတွက် လူတိုင်းလူ့အခွင့်အရေး အသိပညာ ရှိရန်နှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမှာဖြစ်ပါတယ်။

နိုင်ငံသားတစ်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်း ပုံ အခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ချိုးဖောက်ခံရပါက မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးတည်ရှိရာ အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူတိုင်ကြားနိုင်ပါကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး ဝက်ဘ်ဆိုက် www.mnhrc.go.mm တွင် ကော်မရှင်လုပ်ဆောင်ချက်များအား လေ့လာနိုင် ပါတယ်ဆိုတဲ့အကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် NGO မဟုတ်ပါ၊ CSOs မဟုတ်ပါ၊ UN လက်အောက်ခံ အဖွဲ့အစည်းမဟုတ်ပါ၊ Volunteer Group မဟုတ်ပါ။ ဥပဒေတစ်ရပ်ဖြင့် သီးခြားဖွဲ့စည်းထားသော အဖွဲ့အစည်း ဖြစ်ပြီး ကော်မရှင်ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာဆောင်ရွက် နေတဲ့ အဖွဲ့အစည်းဖြစ်**



ဇွန် ၁ ရက်တွင် ၂၀၁၅-၂၀၁၆ စာသင်နှစ်အတွက် မြန်မာတစ်နိုင်ငံလုံး မြို့နယ်အလိုက် ကျောင်းများဖွင့်လှစ်ရာ မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၁)ကျောင်းနှင့် အ·လ·က(၁)ကျောင်းများတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့် အမျိုးသမီးရဲမေတပ်ဖွဲ့ဝင် များက ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေးစဉ်။

ကျော်စိုးမိုး

## နမ့်ခမ်းမြို့နယ်၌ မူးယစ်ဆေးဝါးတားဆီးရေးဆိုင်ရာ အသိပညာပေး

**မူဆယ် ဇွန် ၃**

၂၀၁၅ ခုနှစ် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်ထိ ရက်သတ္တ လေးပတ် အတွင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက် (ယင်းမာ) ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက နမ့်ခမ်းမြို့နယ် ပန်လုံကျေးရွာရှိ ပန်လုံကချင် နှစ်ခြင်းအသင်းတော် ဘုရားကျောင်း၌ ကချင်နှစ်ခြင်း ဆရာတော်များက ဦးဆောင်၍ ပြည်သူများ ပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအကြောင်း ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ယင်းဟောပြောပွဲတွင် မြို့နယ်ရှိ NGO အဖွဲ့ဖြစ်သော ကချင်နှစ်ခြင်း အသင်းတော်မှ သိက္ခာတော်ရ ဆရာတော် ဦးလွမ်းဇောင်းဦးစီးကာ ကချင်နှစ်ခြင်း အသင်းတော်များမှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကော်မတီအဖွဲ့ဝင် ၇၀ တက်ရောက်ခဲ့ပြီး ဟောပြောပွဲတွင် မူးယစ်တပ်ဖွဲ့စု (၂၂)၊ မူဆယ်-နမ့်ခမ်း လှုပ်ရှားအဖွဲ့ငယ် ခေါင်းဆောင် ရဲအုပ်စိုးအောင်က ပြည်သူများပူးပေါင်း ပါဝင်သော မူးယစ်ဆေးဝါးဆိုးကျိုး အန္တရာယ်များနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ(၂၀)ပါ ပြဋ္ဌာန်းချက်များကို လည်းကောင်း၊ နမ့်ခမ်းမြို့မရဲစခန်းမှ ရဲအုပ်ဗီအောင်ဇာညွန့်က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအကြောင်းအရာများကို လည်းကောင်း ဟောပြောခဲ့ကြပြီး ဟောပြောပွဲသို့ တက်ရောက်လာသူများအား မူးယစ်ဆေးဝါးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

(ခရိုင် ပြန်/ဆက်)

## ကျေးရွာစာကြည့်တိုက်ဖွင့်

**မိုင်းရှူး ဇွန် ၃**

လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် ဖာယကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၆ ရက်ကကျင်းပခဲ့သည်။

ထို့နောက် စာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ အလှူရှင်များက ပေးအပ်ခဲ့ကြပြီး တာဝန်ရှိသူများ လက်ခံခဲ့ကြသည်။ တက်ရောက်လာသူများက စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့်နံရံကပ်စာစောင်များကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းသန်း(iprd)**

**ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ**

# အား/ကာနှင့် ပညာရေးတို့ပေါင်းစပ်၍ မျိုးဆက်သစ်အားကစားမောင်မယ်များမွေးထုတ်



ဒုတိယဝန်ကြီး ဦးသောင်းထိုက် အား/ကာသိပ္ပံ(ရန်ကုန်)မှ အားကစားဆိုင်ရာပစ္စည်းများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**ရန်ကုန် ဇွန် ၃**

မြန်မာနိုင်ငံ၏ အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အား/ကာနှင့် ပညာရေးပေါင်းစပ်၍ နိုင်ငံတစ်ဝန်းမှ ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အားကစားသမားများ ပေါ်ပေါက်ရေးအတွက် ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း သင်ကြားလေ့ကျင့်မွေးထုတ်ပေးသွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ သိရသည်။

"ယနေ့ဖွင့်လှစ်ပေးတဲ့ သင်တန်းကတော့ အား/ကာနဲ့ ပညာရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ဖွင့်လှစ်ပေးတဲ့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ရဲ့ နိုင်ငံတစ်ဝန်း မျိုးဆက်သစ် အားကစားသမားတွေကို နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်၊ မောင်မယ်သူရဲကောင်းများ ပေါ်ထွက်လာဖို့ ရည်ရွယ်ဖွင့်လှစ်တာဖြစ်ပါတယ်။ ဒီနှစ်နဲ့ဆို ၁၉ နှစ်ရှိပါပြီ။ အခုဒီ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ မျိုးဆက်သစ်သင်တန်းသား သင်တန်းသူ ၆၈၆ ဦးတက်ရောက်မှာဖြစ်ပါတယ်။ အားကစားနည်းကတော့ စုစုပေါင်း ၃၃ နည်းသင်ကြားပေးမှာ ဖြစ်တဲ့အပြင် ကျောင်းပညာရပ်ပါ တွဲဖက်သင်ကြားပေးမှာ ဖြစ်တာကြောင့် သူတို့လေးတွေဟာ နောင်အနာဂတ်ရဲ့ တောက်ပတဲ့ကြယ်ပွင့်လေးတွေ ဖြစ်လာမှာပါ"ဟု မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသောင်းထိုက်က ဇွန် ၁ ရက်၌တွင် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း ပြည်ထောင်စုခန်းမ၌ ပြုလုပ်သည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၏ အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ် ကော်မတီအထွေထွေအတွင်းရေးမှူးနှင့် အိုလံပစ်ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်အယ်လ်ခွန်းရီနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်ဖွဲ့၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)အတွက် တက်ရောက်လာသည့် စေတနာရှင်များက စုစုပေါင်းငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ အားကစားဝန်ကြီးဌာနဒုတိယဝန်ကြီးဦးသောင်းထိုက်လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ၁၄၃ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၃၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၄၅ ဦး၊ ရခိုင်ပြည်နယ်မှ ၄၈ ဦး၊ ကရင်ပြည်နယ်မှ ၃၂ ဦး၊ မွန်ပြည်နယ်မှ ၂၈ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၇ ဦး၊ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ၁၆ ဦးစီ၊ ရှမ်း၊ ကချင်နှင့် နေပြည်တော် တိုင်းဒေသကြီးတို့မှ တစ်ဦးစီနှင့် အကယ်ဒမီမှ ၁၀၈ ဦး စုစုပေါင်း ၆၈၆ ဦး သင်ကြားမွေးထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## လယ်ဝေး အထက (၂)တွင် သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်



**လယ်ဝေး ဇွန် ၃**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ အမှတ် (၂) အထကတွင် မေ ၃၀ ရက်က သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(ဓာတ်ပုံ)**

အခမ်းအနားတွင် လယ်ဝေးမြို့ခုတင် ၁၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာစုစုထွန်း ဦးဆောင်၍ မြို့နယ် ရပကန (ငှက်ဖျား) အဖွဲ့နှင့်မြို့မ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအဖွဲ့များက အထက (၂) လယ်ဝေးရှိ စာသင်ခန်းများအတွင်း ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းနှင့် အမှတ်(၁) ရပ်ကွက်အတွင်းရှိ နေအိမ်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ခဲ့သည်။ ထို့အတူ အထက(၁)နှင့် အခြားမြို့ပေါ်ကျောင်းများအားလုံးတွင်လည်း သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ်**

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအားကစားအသင်းများထွက်ခွာ

**ရန်ကုန် ဇွန် ၃**

၂၀၁၅ ခုနှစ်ဇွန် ၅ ရက်မှ ၁၆ ရက်အထိ စင်ကာပူနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် ရိုးရာလှေ၊ အပြည်ပြည်ဆိုင်ရာလှေ၊ ကနူး/ကယက်လှေ၊ Triathion၊ Fancing တို့မှ အားကစားအဖွဲ့များသည် ဇွန် ၁ ရက် နံနက် ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ထွက်ခွာသွားကြသည်။

အဆိုပါအဖွဲ့အား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ ဆက်လက်ပြီး ကျန်ရှိသော အားကစားအဖွဲ့များသည် ဇွန် ၁၀ ရက်အထိ နေ့စဉ်အသုတ်လိုက် စင်ကာပူနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**မလှိုင် ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကူမဲကျေးရွာရှိ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်က ပေါက္ကံပြည့်ရှင် အနော်ရထာမင်းမြတ် တည်ထား ကိုးကွယ်ခဲ့သော ဘုရားများစွာရှိသည့်အနက် သမိုင်းဝင် တောက်ပရစ်ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပူဇော်ပွဲကို ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆုတ် ၁၀ ရက်မှ ဝါခေါင်လဆန်း ၄ ရက်နေ့အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်သွားမည်ဖြစ်သည်။ အဆိုပါ ဘုရားပွဲတော်၌ ၁၂ ပွဲ နယ်လှည့်ဈေးသည်များ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲများ ပါဝင်စွာ ကျင်းပသွားမည်ဟု သိရသည်။

**ကျော်ကျော်(မလှိုင်)**

## သဲကုန်းမြို့ စကောကရင်စာပေ သင်ကြားရေး ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဆင်း

**သဲကုန်း ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ဓမ္မာမကခန်းမ၌ သဲကုန်း၊ ပေါင်းတည်၊ ပေါက်ခေါင်း၊ ရွှေတောင်၊ နတ်တလင်းမြို့နယ်များရှိ စကောကရင် စာပေသင်ကြားရေး ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဆင်းပွဲကို မေ စတုတ္ထပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာတော်ဘဒ္ဒန္တဉာဏဝရက သင်တန်းဆင်းမေတ္တာပို့ သြဝါဒကထာချီးမြှင့်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦး၊ မြို့နယ်ပညာရေးမှူး ဦးတင်ငွေးနှင့် သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောမျိုးချစ်တို့က အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

**နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အထူးကြပ်မတ်စစ်ဆေးဆောင်ရွက်

**ပျဉ်းမနား ဇွန် ၃**



နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်း လူစည်ကားသောနေရာများ၊ မီးပွိုင့်များ၊ ယာဉ်မတော်တဆထိခိုက်မှုအဖြစ်များသောနေရာများ၊ ရာဇဌာနီလမ်းပေါ်ရှိ နှင်းဆီအဝိုင်းနှင့် အဝိုင်းအနီး သတ်မှတ်ယာဉ်မရပ်ရနေရာများ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆ ထိခိုက်မှုလျော့နည်းစေရေးအတွက် တာဝန်ရှိအဖွဲ့များက နေ့စဉ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့စု(၆)မှ တပ်ဖွဲ့ဝင်များက စည်းကမ်းမလိုက်နာသည့်ယာဉ်အပြင် မော်တော်ယာဉ် သတ်မှတ်ယာဉ်လိုင်စင်၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်များ အထူးကြပ်မတ်စစ်ဆေးသွားမည်ဖြစ်သည်။ မော်တော်ဆိုင်ကယ်များ စည်းကမ်းမဲ့မောင်းနှင်ခြင်း၊ လမ်းပြောင်း ပြန်စီးနင်းခြင်း၊ သတ်မှတ်နှစ်ဦးထက်စီးနင်းခြင်း၊ ပတ်ဝန်းကျင်အနှောင့်အယှက် အထိတ်တလန့်ဖြစ်စေသော ပါဝါအိတ်ဇောတပ်ဆင် စီးနင်းခြင်းများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆထိခိုက်မှု လျော့နည်းစေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်၊ ပျဉ်းမနားမှ ယာဉ်ထိန်းတပ်ဖွဲ့စု(၆) ရဲအုပ်ဆန်းမင်းအောင်က ပြောကြားသည်။ ယာဉ်အန္တရာယ်များ စစ်ဆေးဆောင်ရွက်ချိန်တွင် ဒေသခံစီးနင်း မောင်းနှင်သူများအနေဖြင့် လိုက်နာဆောင်ရွက်မှုအနည်းငယ်သာ တွေ့ရှိရကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အထူးလိုက်နာကျင့်သုံးခြင်းဖြင့် ပါဝင်ကူညီသင့်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**

## သီပေါမြို့နယ်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းများ မှန်ကန်မှုရှိစေရေး အပြီးသတ်ဆောင်ရွက်

**သီပေါ ဇွန် ၃**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်များကို တိကျမှုရှိစေရေးအတွက် ကွန်ပျူတာဖြင့် မဲစာရင်းပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများကို မတ်လမှစတင်ဆောင်ရွက်ခဲ့ရာ ဇွန် ၁ ရက် အပြီးသတ်လုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

အဆိုပါလုပ်ငန်းများ အပြီးသတ်အတည်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမိုးထွေးဦးက ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ မဲစာရင်းပြုစုဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဒုတိယဦးစီးမှူး ဦးမင်းလွင်က ကွန်ပျူတာကျွမ်းကျင်သူများနှင့် ကွန်ပျူတာအတွင်း အခြေခံမဲဆန္ဒရှင်စာရင်းများ ဖြည့်သွင်းထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

သီပေါမြို့နယ်တွင် မြို့ပေါ်(၁၁) ရပ်ကွက်မှ မဲဆန္ဒရှင် အမျိုးသား ၇၂၁၄ ဦး၊ အမျိုးသမီး ၈၃၉၆ ဦး စုစုပေါင်း ၁၅၆၁၀ ဖြစ်ပြီး ကျေးရွာအုပ်စု ၆၇ အုပ်စုမှ အမျိုးသား ၄၇၀၅၂၊ အမျိုးသမီး၅၁၆၁၅ ပေါင်း ၉၈၆၆၇ ဖြစ်ကာ တစ်မြို့နယ်လုံးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၁၄၂၇၇ ဦးဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံခြားကုမ္ပဏီများပူးပေါင်း၍ စက်သုံးဆီအရောင်းဆိုင် ၄၀ တိုးချဲ့ဖွင့်လှစ်မည်



**မန္တလေး ဇွန် ၃**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းနှင့် နိုင်ငံခြားကုမ္ပဏီများပူးပေါင်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စက်သုံးဆီအရောင်းဆိုင်ပေါင်း ၄၀ ထပ်မံတိုးချဲ့ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီးရောင်းဝယ်ရေးအရာရှိရုံး (မြောက်ပိုင်း)မှ သိရသည်။

အဆိုပါစက်သုံးဆီအရောင်းဆိုင်များကို ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များနှင့် အပြိုင်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကာ ဈေးနှုန်းများကိုလည်း လျှော့ချပေးသွားမည်ဖြစ်ကြောင်း အဆိုပါရုံးမှ တိုင်းရောင်းဝယ်ရေးအရာရှိ ဦးစိုးဝင်းကပြောသည်။

"ယခုလို တစ်ပြည်လုံးအတိုင်းအတာအနေနဲ့ စက်သုံးဆီအရောင်းဆိုင် ၄၀ ကို ဖွင့်လှစ်ပေးတာကဈေးကွက်တစ်ခုအနေနဲ့ ဝင်ရောက်ခြင်းဖြစ်ပါတယ်။ ရောင်းချပေးသွားမယ့် စက်သုံးဆီဈေးနှုန်းတွေကိုလည်း အပြင်ပုဂ္ဂလိကဆိုင်တွေရောင်းချနေတဲ့ ဈေးနှုန်းတွေထက် လျှော့ရောင်းသွားမှာပါ။သူတို့လိုအပ်တဲ့ စက်သုံးဆီတွေကိုလည်း ပြန်လည်ရောင်းချပေးဖို့စီစဉ်ထားပါတယ်။ ဆိုင်တွေဖွင့်လှစ်ပြီးသွားရင် ကျွန်တော်တို့အနေနဲ့ စက်သုံးဆီမှာယူမယ့်နေရာတွေကို ဆီဘောက်ဆာကားတွေနဲ့ အရောက်ပို့ဆောင်ပေးဖို့စီစဉ်ထားပါတယ်။ လက်ရှိမှာတော့ မန္တလေးမြို့ပေါ်မှာ ဖွင့်လှစ်ဖို့နေရာရွေးချယ်နေတဲ့ အနေအထားပါ"ဟု ၎င်းကဆိုသည်။

ဝန်ကြီးဌာနမှဖွင့်လှစ်သွားမည့် စက်သုံးဆီအရောင်းဆိုင်များတွင် ဓာတ်ဆီ၊ ဒီဇယ်အပြင် အောက်တိန်းဆီနှင့် အင်ဂျင်ဝိုင်များပါ ပူးတွဲရောင်းချပေးမည်ဖြစ်ပြီး မန္တလေးမြို့တွင် ဆိုင်အရေအတွက် မည်မျှဖွင့်လှစ်မည်ကို မသိရှိရသေးကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

လက်ရှိမန္တလေးမြို့တွင် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ဖွင့်လှစ်ထားသည့် စက်သုံးဆီအရောင်းဆိုင် ၁၃ ဆိုင်၊ ဖြန့်ဖြူးရောင်းချသည့် ဆိုင်နှစ်ဆိုင်နှင့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ပေါင်း ၁၀၁ ဆိုင်ရှိကြောင်း သိရသည်။

**အောင်ရဲသွင်**

---

# လွိုင်လင်၌ စိုက်ပျိုးရေးမျိုးစေ့ ပေးအပ်ပွဲ ကျင်းပ

**လွိုင်လင် ဇွန် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၉ ရက်က အစားထိုးသီးနှံစိုက်ပျိုးရေး မျိုးစေ့ပေးအပ်ပွဲကို ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝိုင်ပွယ်က မျိုးစေ့ပေးအပ်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မူးယစ်အထူးအဖွဲ့မှ ဒုရဲမှူးတင်စိုးက လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစီမံချက် (ယင်းမာစီမံချက်)နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းမင်းသန်း (iprd)**

---

# ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန်နှိုးဆော်ချက်

"ငါးရစ် ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"
"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား"

၁။ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်း၊ အိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာ၍ ငါးရစ်တက်ကြပါသည်။

၂။ ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကြေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

၃။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် ၂/၉၂ ဖြင့် ငါးရစ်ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ရေချိုငါးလုပ်ငန်းဥပဒေအရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

၄။ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။ **ငါးလုပ်ငန်းဦးစီးဌာန**

---

# မြန်မာ-တရုတ်နှစ်နိုင်ငံ စိုက်ပျိုးရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

**ရန်ကုန် ဇွန် ၃**

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံစီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး၊ ရေအားလျှပ်စစ်စီမံကိန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတိုးချဲ့ရေး၊ ဆက်သွယ်ရေးကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ငွေပမာဏ ဒေါ်လာ ၈ ဘီလီယံခန့်ရှိသော နားလည်မှုစာချွန်လွှာများရေးထိုးထားကြောင်းကို မေလစတုတ္ထပတ်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းကျင်းပသည့် "China Sichuan-Myanmar Business Matching Conference"ဆွေးနွေးပွဲမှ သိရသည်။

"မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစာရင်းကို လေ့လာကြည့်ရင် ပြည်ပနိုင်ငံ(၃၃)နိုင်ငံအနက် တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အများဆုံးဖြစ်ပြီး လုပ်ငန်းစီမံကိန်း ၇၄ ခုမှာ အမေရိကန်ဒေါ်လာ ၁၄၆၇၆ ဒသမ ၁၂၃သန်း ရင်းနှီးမြှုပ်နှံထားပါတယ်။ ရင်းနှီးမြှုပ်နှံမှုအားလုံးရဲ့ ၂၃ ရာခိုင်နှုန်းရှိတာ တွေ့ရပါတယ်။ အခြားအိမ်နီးချင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ပါက အများဆုံးဖြစ်ပါတယ်" ဟု UMFCCI မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးသက်က ပြောကြားသည်။ နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုပမာဏကို ကြည့်ပါက ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးတို့၌ ကုန်သွယ်မှုပမာဏနှစ်စဉ် တိုးတက်လျက်ရှိကြောင်း သိရသည်။ အပြန်အလှန် ကုန်သွယ်မှုပမာဏသည် ၂၀၁၂ -၂၀၁၃ ခုနှစ်တွင် USD ၄၇၅၇ ဒသမ ၂၄ ရှိပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် USD ၇၀၁၆ ဒသမ ၂၄ ရှိကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ်ရှိ စိုက်ပျိုးရေးကဏ္ဍမှ ကုမ္ပဏီပေါင်း ၁၇ ခုမှ တာဝန်ရှိသူများက လယ်ယာစိုက်ပျိုးရေးသုံး စက်ပစ္စည်းများနှင့် ဆန်စက်လုပ်ငန်း၊LEDမီးဆိုင်ရာ အထွေထွေစက် ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာ လျှပ်စစ်မီးကြိုးများ လုပ်ငန်း၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းဆိုင်ရာလုပ်ငန်း၊ ဟင်းသီး ဟင်းရွက် အသီးအနှံများနှင့် အသားငါးဆိုင်ရာ လုပ်ငန်း၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးလုပ်ငန်း၊ ဆေးနှင့် ဆေးပစ္စည်းထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းနှင့် ကုန်ထုတ်စက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်း၊ စားသောက်ကုန်နှင့် စိုက်ပျိုးရေးလုပ်ငန်း၊ အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းစသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးကဏ္ဍအလိုက် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

---


## အိတ်ဖွင့်တင်ဒါလေလံတင်ရောင်းချရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ တိုင်းဒေသကြီးငွေလုံးငွေရင်းနှင့် အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းတွင် အသုံးပြုပြီးဖြစ်သော ကတ္တရာပီပါခွံများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၅ ရက်၊ ၉း၀၀နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၆-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၁၅-၆-၂၀၁၅ ရက်

တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၅-၂၅၀၄၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ကသာခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ကျောက်မျိုးစုံအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၅ ရက်၊ ၉း၀၀နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၆-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၁၅-၆-၂၀၁၅ ရက်

တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၅-၂၅၀၄၈**

**ချင်းပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးရုံး**
**ဟားခါးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စက်ကိရိယာဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရာတွင် လုပ်ငန်းအသေးစိတ်တင်သွင်းရန်နှင့် Profile များတင်သွင်းရန်။

**စဉ် လုပ်ငန်းအမည်**

၁။ - တီးတိန်မြို့နယ်တရားရုံးအဆောက်အအုံတစ်ထပ်အာရ်စီ
(အလျား ပေ ၇၀×အနံ ပေ ၅၀× အမြင့် ၁၂ ပေ)
အချုပ်ခန်းတစ်ထပ် (အုတ်ခင်း၊ အကာအုတ်တင်ပေါ်သံတိုင်)
သွပ်မိုး (အလျား ပေ ၃၀× အနံ ၁၅ ပေ× အမြင့် ၁၀ ပေ)
- သက်သေ/ရှေ့နေနားနေဆောင်တစ်ထပ်အာရ်စီ
(အလျား ၃၀ ပေ×အနံ ၁၅ ပေ× အမြင့် ၁၀ ပေ)
- အိမ်သာ ၂ ခန်းတွဲအာရ်စီ
(အလျား ၆ ပေ× အနံ ၈ ပေ× အမြင့် ၈ ပေ)

၂။ - ထန်တလန်မြို့နယ်တရားရုံး၊ အရာရှိဝန်ထမ်းအိမ်ရာ ၂ ခန်းတွဲ တစ်ထပ်အာရ်စီ (အလျားပေ ၄၀× အနံ ၃၀ပေ× အမြင့် ၁၀ ပေ)
- ခြံစည်းရိုးကာရံခြင်း (အလျားပေ ၃၂၀ × အမြင့် ၆ပေ)

၃။ 2010-MODEL TOYOTA EXTRA CAP ကားတစ်စီးဝယ်ယူမည်။

**တင်ဒါပုံစံရောင်းမည့်ရက်** - ၂၇-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၉-၆-၂၀၁၅ ရက်
**တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန်** - ၃၀-၆-၂၀၁၅ ရက် နံနက် ၁၁း၀၀ နာရီ

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၀၇၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ချင်းပြည်နယ်တရားလွှတ်တော်**
**ဟားခါးမြို့**

## ပျောက်ဆုံး

ဦးဝါသဝ ၁၁/ဘသတ(သ)၀၀၀၃၄၂၏နိုင်ငံကူးလက်မှတ် MA 103861 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၂၅၄၈၈**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့တွင်တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ထုတ်ယူရမည့်ရက် - ၁-၆-၂၀၁၅ ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၆-၂၀၁၅ ရက် (အင်္ဂါနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို ၁-၆-၂၀၁၅ ရက်မှ ၃၀-၆-၂၀၁၅ ရက်အထိ နေ့စဉ် ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၁၀၂၂၊ ၀၅၉-၂၁၃၄၈**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၁ယ/၇၈၆၄၇ Honda wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၉/တသန(နိုင်)၁၃၁၀၇၇က (ကမ-၃)ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး၊ ကျိုင်းတုံမြို့**

## ပျောက်ဆုံးကြောင်း

မြင့်ဇော်မိုး(ဘ)ဦးမြင့်ကြည် ၈/ရနခ(နိုင်)၀၇၆၅၄၅၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၀၃၂၇၁၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅E², မြေကွက်အမှတ် IV၁၂/၆၈၊ မြေကွက်တည်နေရာအမှတ် (၂-က)၊ ဘောဂလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးစံညိမ်းအမည်ပေါက် မြေပိုင်မြေအား တရားရုံးဒေါ်မဲ+၄ ကိုယ်စား ဒေါ်စောယုမွန် (ဘီလစ်) ၁၂/သကတ(နိုင်)၁၄၅၃၁၇မှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် (၉၆/၂၀၀၄)နှင့် တရားမဇာရီမှုအမှတ် ၁၇၄/၁၄ တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အင်းလေးကန်နှင့် ရွှေဥမင်လိုဏ်ဂူဒေသများကို ဆေးရွက်ကြီးကင်းစင်နေရာအဖြစ် သတ်မှတ်မည်

**တောင်ကြီး ဇွန် ၃**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်းရှိ အင်းလေးဒေသနှင့် ပင်းတယမြို့နယ်အတွင်းရှိ ရွှေဥမင်လိုဏ်ဂူ အနီးတဝိုက်ကို ဆေးလိပ်နှင့် ဆေးရွက်ကြီးကင်းစင်နေရာအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။

အင်းလေးနှင့် ရွှေဥမင်လိုဏ်ဂူ အနီးတစ်ဝိုက်ကို ဆေးလိပ်နှင့် ဆေးရွက်ကြီးကင်းစင်နေရာအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် South East Asia Tobacco Control Alliance (SEATCA)တို့ သဘောတူထားပြီး မေ ၂၀ နှင့် ၂၂ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် 3rd Regional Meeting on Tobacco Control in ASEAN Countries အစည်းအဝေး၌လည်း ကြေညာခဲ့ပြီးဖြစ်သည့်အတွက် မကြာမီ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးနှင့် အရပ်ဖက်အဖွဲ့အစည်းများကလည်း အစွမ်းကုန်ကူညီပေးကြရန် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပြောသည်။ တောင်ကြီးမြို့ မြို့တော်ခန်းမ၌ မေ ၃၁ ရက်က ကျင်းပခဲ့သည့် ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ပြည်နယ်လူမှုရေးဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၏ သဝဏ်လွှာကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေက ဖတ်ကြားခဲ့ပြီး ဒုတိယပြည်နယ်ဥပဒေအရာရှိ ဦးကြည်ခင်က ဆေးလိပ်နှင့် ဆေးရွက်ကြီးနှင့်ပတ်သက်သည့် ဥပဒေများအကြောင်းကို ဧည့်သည်တော်နှင့် ပရိသတ်များအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့သည်။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားသို့ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမြင့်အောင်၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးညွှန်ကြားရေးမှူး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများ၊ ကြက်ခြေနီအသင်းဝင်များ တက်ရောက်ခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



# မိုးအကြို စမုံနက်နှမ်းစိုက်ခင်းများအောင်မြင်ရေး ကွင်းဆင်းပညာပေး

**ပွင့်ဖြူ ဇွန် ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကုန်းဇောင်းရှေ့တန်းစခန်း သံကိုင်းကျေးရွာ၌ မိုးအကြိုစိုက်ပျိုးထားသည့် စမုံနက်နှမ်းစိုက်ခင်းများ



အောင်မြင်ဖြစ်ထွန်းရေးအတွက် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများက ဇွန် ၁ရက်တွင် ကွင်းဆင်းပညာပေးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးတာဝန်ခံနှင့်အဖွဲ့နှင့် ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးမှ ကွင်းတာဝန်ခံများက နှမ်းသီးနှံတွင်ဖြစ်ပွားသည့် ပိုးမွှားနှင့် ရောဂါများအကြောင်း ကွင်းဆင်းကင်းထောက်မှတ်တမ်းယူပြီး အထွက်နှုန်းတိုးရန်နှင့် အပင်ကျန်းမာသန်စွမ်းစေရန် ရွက်ဖျန်းမြေသြဇာစပ်နည်းနှင့် သုံးနည်းများကိုပြသ၍ တောင်သူများအား လက်တွေ့အသုံးပြုစေခဲ့ကာ စိုက်ပျိုးရေးဆိုင်ရာ ပညာပေးဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းမှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၏ အထွက်နှုန်း ပိုမိုကောင်းမွန်လာစေရန်အတွက် မြစ်ရေတင်စနစ်၊ ဆည်ရေတင်စနစ်များကို နိုင်ငံတော်က ပံ့ပိုးပေးနေသည့်အပြင် တောင်သူများအနေဖြင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကိုသိရှိစေရန် ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွဲထက်ရှင်**

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**ကန့်ဘလူ ဇွန် ၃**

၂၀၁၅ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မေ စတုတ္ထပတ်က တောင်သူအစုအဖွဲ့လိုက် စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၁၄ခုနှစ် မိုးရာသီချေးငွေများ အပြေအကျေ ပေးဆပ်ပြီးသူများကို ဦးစားပေးထုတ်ချေးပေးလျက်ရှိရာ ကန့်ဘလူမြို့ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၅) ရပ်ကွက်ရှိ တောင်သူ ၁၀၁ ဦးအား တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၃၇၂ သိန်းကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

"တောင်သူဦးကြီးများ လယ်ယာလုပ်ငန်းခွင်အမီ အကျိုးရှိစွာအသုံးချနိုင်ဖို့အတွက် တစ်မြို့နယ်လုံးရှိ ရပ်ကွက်ကျေးရွာအုပ်စု ၉၁ အုပ်စုမှ တောင်သူ ၂၁၀၀၀ အတွက် ၂၀၁၅ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဒေါ်စန်းစန်းမြင့်က ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**





**ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် EE/6309 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9C/၂၂၅၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# အာဂျင်တီးနား၊ ဟော်လန်တို့ရဲ့ ခြေစမ်းပွဲတွေလာပြီ



ဥရောပလိဂ်ပွဲစဉ်တွေပြီးဆုံးချိန်မှာ နိုင်ငံတကာခြေစမ်းပွဲတွေက အသင့်စောင့်ဆိုင်းနေကြပြန်ပါတယ်။ လာမယ့် ဇွန် ၆ ရက်မှာတော့ အာဂျင်တီးနားနဲ့ ဘိုလီးဗီးလား၊ ချီလီနဲ့ အယ်လ်ဆာဗေဒို၊ ပါရာဂွေးနဲ့ ဟွန်ဒူးရပ်စ်၊ စကော့တလန်နဲ့ ကာတာတို့ရဲ့ပွဲစဉ်တွေကို အကဲခတ်ခွင့်ရဦးမှာ ဖြစ်ပါတယ်။ နိုင်ငံလက်ရွေးစင်ကစားသမားတွေရဲ့အသင်း လိုက်ခြေစွမ်းတွေကို ပရိသတ်တွေ သုံးသပ်ခွင့်ရဦးမှာမို့ အားပေးကြရမယ့်ပွဲတွေ ဖြစ်ပါတယ်။

## အာဂျင်တီးနားနှင့် ဘိုလီးဗီးယား

အာဂျင်တီးနားနဲ့ ဘိုလီးဗီးယားတို့ နောက်ဆုံးငါးကြိမ် တွေ့ဆုံခဲ့မှုကိုကြည့်ရင် အာဂျင်တီးနားက တစ်ကြိမ်သာနိုင်ခဲ့ပြီး ဘိုလီးဗီးယားက ခြောက်ဂိုး-တစ်ဂိုးနဲ့ တစ်ကြိမ်နိုင်ထားပါတယ်။ ကျန်ပွဲစဉ် သုံးပွဲ သရေဖြစ်ထားတာမို့ အခုပွဲကတော့ ကြည့် ကောင်းမယ့်ပွဲပါပဲ။ တောင်အမေရိက နှစ်သင်း တွေ့ဆုံ တဲ့ပွဲမို့ ခြေစွမ်းကွာဟမှု ရှိမှာမဟုတ်ပေမယ့် အာဂျင်တီးနား မှာ ကမ္ဘာကျော်ဘောလုံးသမားတွေ ပါဝင်နေတာမို့ စုဖွဲ့မှုအားကောင်းတဲ့ အာဂျင်တီးနားဟာ အချိတ်အဆက်မိမိကစားနိုင်မလားကြည့်ရမှာပါ။ ဘိုလီးဗီးယားရဲ့ လက်ရှိခြေစွမ်းက အာဂျင်တီးနားကိုနိုင်ဖို့ဆိုတာ သိပ်တော့မလွယ်ပါဘူး။

## ဟော်လန်နှင့် အမေရိကန်

အမေရိကန်နဲ့ဆုံတိုင်း ဟော်လန်တို့ နိုင်ပွဲရတာများပါတယ်။ နောက်ဆုံးငါးပွဲ တွေ့ဆုံမှုကိုကြည့်ရင် ဟော်လန်တို့နိုင်ပွဲတွေချည်းရယူထားနိုင်ခဲ့ပါတယ်။ အမေရိကန်ဟာ ကစားအားကောင်းလာတဲ့အသင်းဖြစ်ပြီး စုဖွဲ့မှုအပိုင်းလည်း ကောင်းမွန်တာမို့ ဟော်လန်တို့ ထင်သလောက်တော့ လွယ်ကူမှာမဟုတ်ပါဘူး။ ဒါပေမယ့် ဟော်လန်တိုက်စစ်မှူးတွေက အမေရိကန်ခံစစ်မှူးတွေကို အချိန်ပြည့် ခြိမ်းခြောက်နိုင်တာမို့ ဟော်လန်ပဲ ကပ်ပြီးနိုင်သွားမယ့်ပွဲပါ။

## ပါရာဂွေးနှင့် ဟွန်ဒူးရပ်စ်

ပါရာဂွေးတို့က ကစားသမားတစ်ဦးချင်းကို သေသေချာချာ ရွေးချယ်စုစည်းထားတာမို့ အခုပွဲမှာ ဟွန်ဒူးရပ်စ်ကို အနိုင်ကစားဖို့ကြိုးစားပါလိမ့်မယ်။ ကိုပါအမေရိကဖလားပြိုင်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်မှုအဖြစ် ဒီပွဲမှာ တစ်ဦးချင်းခြေစွမ်းနဲ့ ထိုးဖောက်ပြီး ဂိုးရရှိဖို့ အားထုတ်ရပါ လိမ့်မယ်။ ပါရာဂွေးရဲ့ အားနည်းချက်က ကွင်းလယ်ပိုင်းဖြစ်တာမို့ ဒီပွဲမှာ ဘယ်လိုဖြည့်ဆည်းမှုတွေနဲ့ စွမ်းဆောင်သွားမလဲဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။

## ချီလီနှင့် အယ်လ်ဆာဗေဒို

နှစ်သင်းစလုံးခြေစွမ်းပိုင်းက အားရစရာတော့မရှိပါဘူး။ ချီလီတို့က အမေရိကန်ကို သုံးဂိုး-နှစ်ဂိုးနဲ့နိုင်ပြီး အီရန်နဲ့ ဘရာဇီးတို့ကိုတော့ ရှုံးထားပါတယ်။ ဒါပေမယ့် ဘရာဇီးနဲ့ပွဲမှာ ချီလီတို့ ခြေရည်တူကစားပြီး ဘရာဇီးကို အခက်တွေ့အောင် ကစားနိုင်ခဲ့တာမို့ ချီလီတို့ကို လျှော့တွက်လို့တော့မရပါဘူး။ အယ်လ်ဆာဗေဒိုတို့က တိုက်စစ်ရော ခံစစ်ပါ အားနည်းတာမို့ အခုပွဲက ချီလီတို့ အသာစီးရနိုင်တဲ့ပွဲပါ။

## အန်ဒိုရာနှင့် အီကွေတိုရီရယ်

အီကွေတိုရီရယ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ကွန်ဂို၊ အီဂျစ်၊ အိုင်ဗရီကို့စ်တို့နဲ့ ကစားတဲ့အခါ နိုင်ပွဲမရခဲ့ပေမယ့် အီဂျစ်ကို သာရှုံးပြီး သရေနှစ်ပွဲဖြစ်ထားခဲ့ပါတယ်။ အန်ဒိုရာတို့ကတော့ လက်ရှိခြေစွမ်းပိုင်း အားရစရာမရှိ ပေမယ့် အသင်းလိုက် စိတ်ဓာတ် ကောင်း ကောင်းနဲ့ ကစားတတ်တဲ့ အသင်းဖြစ်ပါတယ်။ အခု ပွဲဟာ အီကွေတိုရီရယ် အတွက် အသာစီးရသွားနိုင်တဲ့ပွဲအဖြစ် တွေ့ရမှာ ဖြစ်ပါတယ်။

> "အာဂျင်တီးနားနဲ့ ဘိုလီးဗီးလား၊ ချီလီနဲ့ အယ်လ်ဆာဗေဒို၊ ပါရာဂွေးနဲ့ ဟွန်ဒူးရပ်စ်၊ စကော့တလန်နဲ့ ကာတာတို့ရဲ့ ပွဲစဉ်တွေကို အကဲခတ်ခွင့်ရဦးမှာ ဖြစ်ပါတယ်။ နိုင်ငံလက်ရွေးစင်ကစားသမားတွေရဲ့ အသင်းလိုက်ခြေစွမ်းတွေကို ပရိသတ်တွေ သုံးသပ်ခွင့်ရဦးမှာမို့ အားပေးကြရမယ့်ပွဲတွေ ဖြစ်ပါတယ်"

■ မိုးမြင့်လင်းလက်



# လီဗာပူးသို့ ရောက်လာဖွယ်ရှိနေတဲ့ ဂျိမ်းစ်မီနာ

မန်စီးတီးနဲ့ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျိမ်းစ်မီနာကို လီဗာပူးက ယခုသီတင်းပတ်အတွင်း ခေါ်ယူသွားဖို့ ဆွေးနွေးဖွယ်ရှိနေပါတယ်။ လီဗာပူးအနေနဲ့ အသက် ၂၉ နှစ်အရွယ် ကွင်းလယ်ကစားသမား ဂျိမ်းစ်မီနာကို ခေါ်ယူသွားဖို့ ကြိုးစားနေပြီလို့ ဆိုပါတယ်။ နှစ်ဖက်ဆွေးနွေးမှုတွေ အောင်မြင်သွားမယ်ဆိုရင်တော့ ၂၀၁၀ ခုနှစ်က အက်စ်တွန်ဗီလာအသင်းမှ မန်စီးတီးသို့ ပြောင်းလာတဲ့ မီနာဟာ ဇူလိုင် ၁ ရက်မှာ လီဗာပူးသို့ ရောက်ရှိလာနိုင်ပါတယ်။ မီနာဟာ နယူးကာဆယ်အသင်းမှာ လေးနှစ်ကြာ မကစားမီ ဇာတိမြို့ လိဒ်ယူနိုက်တက်အသင်းမှာ စတင်ကစားခဲ့ပါတယ်။ အက်စ်တွန်ဗီလာအသင်းမှ မန်စီးတီးသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် မီနာဟာ ခြေစွမ်းပြကစားလာ နိုင်ခဲ့ပါတယ်။

လီဗာပူးအနေနဲ့ ပေါင် ၂၆ သန်းနဲ့ ခေါ်ယူဖွယ်ရှိတယ်လို့ ဆိုပါတယ်။ မီနာဟာ မန်ချက်စတာမြို့မှာ ငါးနှစ်တာကာလအတွင်း ပရီမီယာလိဂ်ဖလား နှစ်လုံးနဲ့ အက်ဖ်အေဖလားတစ်လုံး ဆွတ်ခူးနိုင်ခဲ့ပါတယ်။ သူဟာ ၂၀၀၉ ခုနှစ် ဩဂုတ်လက အင်္ဂလန်အသင်းနဲ့ ဟော်လန် ကစားခဲ့တဲ့ပွဲမှာ စတင်ပါဝင်ကစားခဲ့ပြီး ရှိုင်ဟော့ဆင်လက်ထက်မှာ ပုံမှန်ပါဝင်ကစားခွင့်ရခဲ့ပါတယ်။

# နယူးကာဆယ်နည်းပြဖြစ်လာဖို့ ရေပန်းစားနေတဲ့ ဗီအဲရာ



အာဆင်နယ်နဲ့ မန်စီးတီးကွင်းလယ်ကစားသမားဟောင်း ပက်ထရစ်ဗီအဲရာဟာ နယူးကာဆယ်နည်းပြအဖြစ် လျှောက်ထားသူလေးဦးအနက်မှ တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ် ဒါဘီကောင်တီက အလုပ်ဖြုတ်လိုက်တဲ့ စတိဗ်မက္ကလာရင်လည်း ပါဝင်ပါတယ်။ အသက် ၂၁ နှစ်အောက် မန်စီးတီးနည်းပြ လုပ်နေတဲ့ ဗီအဲရာအနေနဲ့ ပရီမီယာလိဂ်နည်းပြဖြစ်ဖို့ စိတ်အားထက်သန်နေတယ်လို့ ဆိုပါတယ်။ ဗီအဲရာဟာ ၁၉၉၈ ခုနှစ်က ပြင်သစ်အသင်းနဲ့အတူ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့ပါတယ်။ သူဟာ အာဆင်နယ်မှာ ကိုးနှစ်နေပြီး လိဂ်ဖလားသုံးလုံးနဲ့ အက်ဖ်အေဖလားလေးလုံး ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။

သူဟာ ၂၀၀၅ ခုနှစ်က ဂျူဗင်တပ်စ်သို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၀ မှာ ပရီမီယာလိဂ်သို့ ပြန်လာခဲ့ပါတယ်။ မန်စီးတီးအသင်းအတွက် ၂၀၁၁ ခုနှစ်မှာ အက်ဖ်အေဖလား ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ဗီအဲရာဟာ နယူးကာဆယ်နည်းပြဖြစ်လာဖို့ ရေပန်းစားနေပါတယ်။

# စပိန်ကို ပြန်မယ်ဆိုတဲ့ ကော်စတာ



နွေရာသီမှာ ချယ်ဆီးမှထွက်ပြီး စပိန်သို့ ပြန်ရဖွယ်ရှိနေတယ်လို့ တိုက်စစ်မှူး ဒီယေဂိုကော်စတာက ပြောဆိုလိုက်ပါတယ်။ ချယ်လ်ဆီးအသင်းမှာ ပုံမှန်ခြေစွမ်းပြ ကစားခွင့်ရခဲ့ပေမယ့် ဒဏ်ရာတွေကြောင့် ပွဲအချို့နဲ့ လွဲချော်ခဲ့ရပါတယ်။ ဒီအတွက်ပြီးခဲ့တဲ့ ပရီမီယာလိဂ်ရာသီမှာ ကော်စတာအနေနဲ့ ထင်ထားသလောက်ခြေ စွမ်းပြခွင့်မရခဲ့ပါဘူး။

သို့ပေမယ့် နည်းပြမော်ရင်ဟိုကတော့ ကော်စတာကိုရောင်းဖို့ အစီအစဉ်မရှိဘူးလို့ ဆိုပါတယ်။ သို့ပေမယ့် နွေရာသီ အပြောင်းအရွှေ့ ကာလမှာ ချယ်လ်ဆီး အသင်းမှ ထွက်ခွာဖို့ရှိနေပါတယ်။ အက်သလက်တီကို အသင်းကလည်း ကော်စတာကို ခေါ်ယူဖို့ကြိုးစားနေတယ်လို့ ဆိုပါတယ်။

ချယ်လ်ဆီးနဲ့ အက်သလက်တီကိုတို့ရဲ့ ဆွေးနွေးနိုင်မှုအပေါ်မှာ ကော်စတာရဲ့ အပြောင်းအရွှေ့ ဖြစ်လာနိုင်ပါတယ်။ ကော်စတာ အနေနဲ့ စပိန်ကို ပြန်ဖြစ်ခဲ့ရင် အက်သလက်တီကို အသင်းကို ပြောင်းရွှေ့မယ့် အနေအထားရှိပါတယ်။ ကော်စတာအနေနဲ့ စပိန်ကို မပြောင်းဖြစ်ခဲ့ဘူးဆိုရင်တော့ ချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်မှာ အကောင်းဆုံး တိုက်စစ်မှူးအဖြစ် ဆက်လက် ကစားသွားနိုင်ဖွယ်ရှိပါတယ်။

# နည်းပြလုပ်ခြင်းမှ ခေတ္တနားထားမယ်ဆိုတဲ့ ဂျာဂျင်ကလော့

ဂျာဂျင်ကလော့က သူ့အနေနဲ့ ဒေါ့မွန်နည်းပြအဖြစ်မှ နှုတ်ထွက်ခဲ့ပြီးနောက် နည်းပြအလုပ်မှ ခေတ္တနားထားမယ်လို့ ပြောဆိုလိုက်ပါတယ်။

အသက် ၄၇ နှစ်အရွယ် ဂျာဂျင်ကလော့အား ရာသီကုန် ပြိုင်ပွဲအပြီး အသင်းမှထွက်ခွာဖို့ ကြေညာပြီးကတည်းက လီဗာပူးက အဆက်အသွယ်ပြုလုပ်ခဲ့ပါတယ်။ ဂျာဂျင်ကလော့ဟာ ဂျာမန်ဖလား ဗိုလ်လုပွဲမှာ ဝုဘတ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးတဲ့ပွဲအထိ ဒေါ့မွန်အသင်းကို ကိုင်တွယ်ခဲ့ပါတယ်။

**ကောင်းမြတ်သူ**
**စုစည်းသည်။**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာကုန်ထုတ်လမ်းမ မြေသားလမ်းဖောက်လုပ်

**ကနီ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မဲဒင်ကျေးရွာအုပ်စုအတွင်းရှိ ယင်းကျေးရွာများနှင့် ကနီ-မင်းကင်းလမ်းနှင့် ဆက်သွယ်သော ကျေးရွာ ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖောက်လုပ်ခြင်းကို ဇွန် ၁ ရက်က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရှိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်စိုး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဆိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မင်း၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဒေါ်သန္တာအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။



အဆိုပါ မြေသားလမ်းသည် ပေပေါင်း ၃၁၆၀၀ ကျော်ရှည်ကာ ကနီ-မင်းကင်း လမ်းမကြီးနှင့် ဆက်သွယ် ဖောက်လုပ်ခြင်းဖြစ်သည်။ ၎င်းမဲဒင်ကျေးရွာအုပ်စုသည် ချင်းတွင်းမြစ်၏ အနောက်ဘက်ခြမ်းတွင်တည်ရှိပြီး မိုးတွင်းကာလများတွင် ချင်းတွင်းမြစ်ရေလျှံတက်လာပါက စက်လှေငယ်များဖြင့် သွားလာရသည်။ ယင်းဒေသသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသဖြင့် ဒေသထွက်သီးနှံများကို ရာသီမရွေး သွားလာ ကူးသန်းရောင်းဝယ်နိုင်ရန်အတွက် မဲဒင်ကျေးရွာအုပ်စုအတွင်းမှ ပြည်သူများနှင့် အဝေးရောက် အလှူရှင်များက ငွေကြေးလှူဒါန်းမှုနှင့် မြို့နယ်မှ တာဝန်ရှိသူများက စက်ယန္တရားရရှိရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီကျေးရွာ ကုန်ထုတ်လမ်းမ မြေသားလမ်းဖောက်လုပ်ပြီးစီးပါက မဲဒင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာလေးရွာမှ ဒေသခံပြည်သူ သုံးထောင်ကျော် လေးထောင်တို့၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဒီထက်မကဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

**သန်းငွေအောင်(ကနီ)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အသိပညာပေးဟောပြော

**ဟိုပုံး**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စု ကျောက္ကချားကျေးရွာတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲအခမ်းအနားကို မေလစတုတ္ထပတ်က ကျောက္ကချားဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် စံဖူးကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖြူက ပအိုဝ်းဘာသာစကားဖြင့် အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်နန်းဦးခမ်းက လူငယ်နှင့်မူးယစ်အန္တရာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်မိုးမြတ်မြတ်ခိုင်က မူးယစ်ဆေးဝါး၏ပြစ်မှုပြစ်ဒဏ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမိုးဇင်အောင်က မူးယစ်ဆေးဝါးကိုတော်လှန်ဖို့ ကျောင်းနေနှုန်းကို မြှင့်တင်ဖို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်းက ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ရှင်းလင်းဟောပြောကြကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

**ဟိုပင်**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့၌ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကို မေ ၃၁ ရက်က နန့်ရင်းကျေးရွာ မဟာမြိုင်ထေရဝါဒီ တိုက်သစ်ကျောင်း ဓမ္မစကူးလ်သင်တန်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တိုးတိုးမေက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုအကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ကျောင်းသားကျောင်းသူ ၂၂၀ တို့အား ဟောပြောခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# စစ်တွေခရိုင်အတွင်း မြို့နယ်များ၌ ဆားငန်ရေဝင်ရောက် ပျက်စီးလယ်ဧကနှင့်လုပ်ကွက်ငယ် တောင်သူများအား မျိုးစပါးထောက်ပံ့ပေးအပ်

**စစ်တွေ ဇွန် ၃**

စစ်တွေခရိုင်အတွင်း မြို့နယ်များ၌ ဆားငန်ရေ ဝင်ရောက်မှုကြောင့် ပျက်စီးလယ်ဧကနှင့် လုပ်ကွက်ငယ် တောင်သူများအား မျိုးစပါး ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေလစတုတ္ထပတ်က စစ်တွေမြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမဆောင်၌ ကျင်းပကြသည်။

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးသာလူချေက အမှာစကား ပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးသိန်းဝင်းက အရည်အသွေးပြည့်ဝသည့် ဆန်စပါးများ ထုတ်လုပ်နိုင်ရန်အတွက် စပါးမျိုးကောင်း၊ မျိုးသန့်များကို သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးကြစေရေးနှင့် မျိုးစပါး ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက စစ်တွေမြို့နယ်မှ တောင်သူ ၃၈၉ ဦးအတွက် ဆင်းသွယ်လတ် ရေဆင်း(၃)၊ ပေါ်ဆန်း၊ ရွှေဝါထွန်း စပါးမျိုး ၁၂၄၅ တင်းကို လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးက ရသေ့တောင်မြို့နယ်မှ တောင်သူ ၈၉၆ ဦးအတွက် မျိုးစပါး ၂၁၂၃ တင်းကို လည်းကောင်း၊ ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှူးက ပုဏ္ဏားကျွန်းမြို့နယ်မှ တောင်သူ ၈၉၈ ဦးအတွက် မျိုးစပါး ၂၅၈၉ တင်းကို လည်းကောင်း၊ စစ်တွေခရိုင် စိုက်ပျိုးရေးဦးစီးမှူးက ပေါက်တောမြို့နယ်မှ တောင်သူ ၁၁၃၀ အတွက် မျိုးစပါး ၄၂၂၀ တင်းကိုလည်းကောင်း၊ မြို့နယ်အလိုက် တောင်သူကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူများက တောင်သူပညာပေးပြခန်းငယ်ကို ကြည့်ရှုကြရာ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းပြသကြောင်း သိရသည်။

**ဇော်နိုင်ထွန်း(iprd)**



ဇွန် ၁ ရက်က အခြေခံပညာစာသင်ကျောင်းများ စတင်ဖွင့်လှစ်ပြီဖြစ်ရာ ကျောင်းတက်လာကြသော ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ကြည့်မြင်တိုင်ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး တိုးရွှေဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက အထက(၁) ရှေ့ ဗားကရာလမ်းမကြီးပေါ်၌ ဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။ ဘော်ဂါသွေး



# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပထမနေရာမှ (၃)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့ပြီး
နိုင်ငံတော်သမ္မတ၏ **"အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု"**
(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်–ပထမဆု)
ချီးမြှင့်ခြင်းခံရသော **"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၁–၂၀၁၂ ခုနှစ်(နိုင်ငံတော်အတွက် အခွန်ငွေကျပ်သန်းပေါင်း ၆,၀၁၅.၃၉၇ သန်း)
၂၀၁၂–၂၀၁၃ ခုနှစ်(နိုင်ငံတော်အတွက် အခွန်ငွေကျပ်သန်းပေါင်း ၁၀,၈၂၇.၇၀ သန်း)
၂၀၁၃–၂၀၁၄ ခုနှစ်(နိုင်ငံတော်အတွက် အခွန်ငွေကျပ်သန်းပေါင်း ၁၇,၀၁၀.၃၇ သန်း)
တို့ဖြင့် ပထမနေရာမှ ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့သော
**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီးတို့တွင်
ဆထက်ထမ်းပိုးတိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

IBTC ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့

# ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်နှင့်ပြည်သူအတွက် ၂၀၁၀ခုနှစ်နောက်ပိုင်း ကျပ်သန်းပေါင်း ၆၄,၀၀၀ကျော်(၆၄ဘီလီယံကျော်)လှူဒါန်းခဲ့ပြီး
နိုင်ငံတော်သမ္မတ၏
**"နိုင်ငံ့စွမ်းဆောင်ရည်ဆု"**
(နိုင်ငံတော်နှင့်ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)
ချီးမြှင့်ခြင်းခံရသော
**"အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"** အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

– နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်သည့် နေရာဒေသမရွေး ထိပ်ဆုံးမှပါဝင်လှူဒါန်းခြင်း။
– နိုင်ငံရပ်ခြားတွင် အခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်ကြုံတွေ့နေရသောမြန်မာနိုင်ငံသားများ အမိမြေသို့ လေယာဉ်ဖြင့်အခမဲ့သယ်ယူပို့ဆောင်ရာတွင် မလေးရှားနိုင်ငံမှ မြန်မာဦးရေ ၃၀၀၀–ကျော်၊ India Port Blair မှ ရေလုပ်သားမြန်မာဦးရေ ၂၇၀–ကျော်၊ Indonesia ဘန်ဂျီနာကျွန်းမှလူကုန်ကူးခံရသောမြန်မာဦးရေ ၅၀၀–ကျော်တို့အား အခမဲ့လေယာဉ်ဖြင့် အမိမြေသို့ပို့ဆောင်ပေးခြင်း။
– ခေတ်အဆက်ဆက် သန့်ရှင်းသော သောက်သုံးရေလုံလောက်မှုမရှိသော ရှမ်းပြည်တောင်ပိုင်း ဘော်ဆိုင်း၊ ဟဲဟိုး၊ တောင်ကြီး၊ အောင်ပန်း၊ ကလော၊ ပင်းတယ၊ ဟိုပုံး၊ နမ့်စန်ဒေသများအား စက်ရေတွင်းများတူးဖော်ပေးခြင်း၊ အိမ်တိုင်ရာရောက်ရေသွယ်တန်းပေးခြင်း။
– ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစားနှင့် ကဏ္ဍအသီးသီးတို့အတွက် ၂၀၁၀ခုနှစ် နောက်ပိုင်း ငွေကျပ်သန်းပေါင်း ၆၄,၀၀၀ကျော်(၆၄ဘီလီယံကျော်)လှူဒါန်းခဲ့သော **"အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"** အား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကမ္ဘောဇအုပ်စုမိသားစုများစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

IBTC ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့

# ရွှေ၏တန်ဖိုး . . . ဘယ်မည့်ုံးသို့

သိပ္ပံစာရေးဆရာ
ကိုကိုအောင်

ကမ္ဘာပေါ်တွင် လူတန်းစားမရွေး၊ လူမျိုးဘာသာမရွေး အလွန်နှစ်သက်တန်ဖိုးထားသော တွင်းထွက်သတ္တုတစ်မျိုးကို ပြပါဟုဆိုလျှင် ရွှေ (Gold) ကိုသာ ညွှန်းဆိုရပေလိမ့်မည်။ ထူးခြားသော အရောင်အသွေးရှိပြီး ပျော့ပျောင်းသည့်အတွက် ပုံသွင်းရလွယ်ကူသောရွှေကို ရှေးအစဉ်အဆက်ကတည်းကပင် ကုန်ပစ္စည်းဝယ်ယူရာ၌ လည်းကောင်း၊ ကုန်ပစ္စည်းချင်းဖလှယ်ရာ၌ လည်းကောင်း၊ ကျသင့်တန်ဖိုးနှင့် အလိုက်ပေးတန်ဖိုးတို့၏ အာမခံပစ္စည်းတစ်ခုအဖြစ် သုံးစွဲခဲ့ကြသည်။

ယနေ့ခေတ်၌လည်း ငွေပိုငွေလျှံရှိလာခဲ့လျှင် အာမခံချက်ခိုင်လုံသောရွှေတို ရွှေစများကို ဝယ်ယူစုဆောင်းလျက်ရှိနေကြဆဲဖြစ်သည်။ အကြောင်းတစ်ခုခုကြောင့် အရေးပေါ်ငွေကြေးလိုအပ်မှုရှိလာခဲ့လျှင် မိနစ်ပိုင်း၊ နာရီပိုင်းအတွင်းငွေကြေးဖြင့် ချက်ချင်းဖလှယ်ယူနိုင်သောရွှေသည် ကမ္ဘာ့လူသားအားလုံးတို့၏ သည်းခြေကြိုက်ပစ္စည်းတစ်ခုအဖြစ်မျက်နှာပန်းပွင့်လျက်ရှိနေသည်။

ကမ္ဘာ့ငွေကြေးလောကတွင် ရွှေတုံးများကို အာမခံစပေါ်ပစ္စည်းအဖြစ် သုံးစွဲလာခဲ့ကြသည်မှာလည်း နှစ်ပေါင်းရာနှင့်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် မိမိတို့၏နိုင်ငံတွင် ထုတ်ဝေသုံးစွဲမည့် ငွေကြေး (Currency Notes) များအတွက် ရွှေစင်ရွှေသားများကို ကမ္ဘာ့ဘဏ်၌အာမခံအဖြစ် တင်သွင်းထားကြရသည်။

ဤမျှအသုံးဝင်လှသောရွှေများကို တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းမှာ လွန်ခဲ့သောနှစ်ပေါင်း ၆၀၀၀ ကျော်ကတည်းကပင် စတင်ခဲ့သည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သော်လည်း ၁၅၀၂ ခုနှစ်၌ ခရစ်စတိုဖာကိုလံဘတ်စ်က အမေရိကတိုက်ကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက်ပိုင်းမှသာ ရွှေတူးဖော်ထုတ်လုပ်မှု လုပ်ငန်းများက သိသာထင်ရှားလာခဲ့သည်။ မက္ကဆီကို၊ ပီရူး၊ ချီလီ၊ ဘိုလီးဗီးယား၊ တောင်အာဖရိကနိုင်ငံများနှင့် တောင်အမေရိကဒေသများသည် ကမ္ဘာပေါ်တွင် ရွှေအများဆုံးထွက်ရှိရာဒေသများ ဖြစ်ကြသည်။

မီးသင့်ကျောက်များကတစ်ဆင့် ဖွဲ့စည်းဖြစ်ပေါ်လာသောရွှေသတ္တုများထဲတွင် ငွေ (Silver) အနည်းငယ်ပါဝင်ရောနှောနေလေ့ရှိသလို ကြေးသတ္တုများနှင့် ရောနှောလျက်ရှိသော ရွှေသတ္တုများကိုလည်း အချို့ဒေသများ၌ တူးဖော်တွေ့ရှိနိုင်သည်။ ကမ္ဘာအရပ်ရပ်ရှိ ရွှေသတ္တုမိုင်းများ၌ ရွှေနှင့်အတူ ရောနှောလျက် တူးဖော်တွေ့ရှိနိုင်သော တွင်းထွက်များမှာ သလင်း၊ ကာဗွန်နိတ်၊ Tourmaline နှင့် သတ္တုမဟုတ်သည့် Pyrite ကဲ့သို့သော တွင်းထွက်အချို့ ဖြစ်ကြသည်။

ရွှေကို တူးဖော်ထုတ်လုပ်ကြရာတွင် ဒေသအလိုက် သတ္တုတွင်းများအပေါ်မူတည်ပြီး သတ္တုရိုင်းများထဲ၌ ရွှေပါဝင်မှုနှုန်းမှာလည်း အမျိုးမျိုးကွဲပြားခြားနားလျက်




ရှိသည်။ သို့ရာတွင် အနိမ့်ဆုံးအားဖြင့် သတ္တုရိုင်းတစ်တန်တွင် ရွှေ ၀ ဒသမ ၀၄ အောင်စ နှုန်းဖြင့် ပါဝင်လျက်ရှိနေသည်။ ရွှေတူးဖော်ထုတ်လုပ်သည့် သတ္တုမိုင်းများတွင် ရွှေနှင့်ငွေ အရောအနှော၌ ငွေ ၂၀ ရာခိုင်နှုန်းပါဝင်နေသော Electrum ကို လည်းကောင်း၊ ရွှေ၊ ငွေနှင့် ပြဒါးအရောတွင် ရွှေ ၄၀ ရာခိုင်နှုန်း ပါဝင်နေသော Amalgam ကိုလည်းကောင်း တူးဖော်ရရှိနိုင်သလို ရွှေစင်သန့်သန့်ကိုလည်း ကံအားလျော်စွာ တူးဖော်ရရှိနိုင်ကြသည်။

အကယ်၍ ရွှေစင်သန့်သန့်ကို တူးဖော်တွေ့ရှိလျှင် ပြဒါးဖြင့်ဖမ်းခြင်း၊ Cyanide ဖြင့် ဓာတ်ပြုစေခြင်းတို့ဖြင့် ထုတ်ယူနိုင်သည်။ Pyrite နှင့် ရောနှောနေလျှင် အမှုန့်ကြိတ်ပြီး မီးပြင်းတိုက်၍ ထုတ်ယူနိုင်သလို ကြေးနှင့်ရောနှောနေလျှင်လည်း အပူပေးခြင်းနည်းလမ်းဖြင့် ရွှေကိုထုတ်ယူရရှိနိုင်သည်။

သာမန်အားဖြင့် ရွှေတူးဖော်ရေးသမားတို့သည် ရွှေပါဝင်နှုန်းများပြားသော သတ္တုတွင်းများ၌သာ တူးဖော်ထုတ်လုပ်လေ့ရှိကြသော်လည်း အကြောင်းတစ်စုံတစ်ရာကြောင့် ကမ္ဘာ့ရွှေဈေးနှုန်းမြင့်တက်လာခဲ့လျှင်မူ ရွှေပါဝင်နှုန်းအလွန်နည်းသော သတ္တုတွင်းများ၌ပါ တူးဖော်ထုတ်လုပ်မှုကို ပြုလုပ်လေ့ရှိကြသည်။ ရွှေပါဝင်နှုန်းနည်းပါးသော သတ္တုရိုင်းများမှတစ်ဆင့် ရွှေကိုရယူထုတ်လုပ်သည့် လုပ်ငန်းစဉ်သည် ကုန်ကျစရိတ်အလွန်ကြီးမားသောကြောင့် ကမ္ဘာ့ရွှေဈေးနှုန်း တည်ငြိမ်မှုရှိနေသရွေ့ကာလပတ်လုံး ရွှေတူးဖော်ရေးသမားများက ကုန်ကျစရိတ်ကြီးမားသည့် အဆိုပါနည်းလမ်းကို စိတ်ကူးထဲ၌ပင် မထည့်ကြပေ။

ရွှေသည် ကမ္ဘာ့လူသားအားလုံးတို့၏ သည်းခြေကြိုက်ပစ္စည်းဖြစ်သော်လည်း စက်မှုကုန်ထုတ်လုပ်ငန်းများ၌မူ ရွှေကိုထည့်သွင်းသုံးစွဲမှုမှာ အလွန်ပင်နည်းပါးလှသည်။ ဖန်ထည်နှင့် ကြွေထည်ပစ္စည်းများ ပြုလုပ်ရာတွင် ရွှေကို ထည့်သွင်းတွဲစပ်၍ အလှဆင်ပစ္စည်းအဖြစ် ထုတ်လုပ်ခြင်း၊ လက်ပတ်နာရီ၊ ရင်ထိုး၊ ကလစ်၊ ဘောပင်၊ ဖောင်တိန်၊ မျက်မှန်၊ လက်ကိုင်အိတ်များ ပြုလုပ်ရာ၌ ထည့်သွင်းသုံးစွဲခြင်း၊ ခေတ်ပေါ်ဖန်စီပစ္စည်းအချို့တွင် ထည့်သွင်းပြုလုပ်ခြင်း၊ သွားဘက်ဆိုင်ရာ လုပ်ငန်းအချို့နှင့် ဓာတုဗေဒလုပ်ငန်းအချို့၌ ထည့်သွင်းသုံးစွဲခြင်းစသည်ဖြင့် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများတွင် ရွှေကိုအသုံးပြုလျက်ရှိနေကြသည်။

ကမ္ဘာကျော်အမှတ်တံဆိပ်ဖြစ်သည့် Parker ဖောင်တိန်များသည် ရွှေသားအစစ်ကို ထည့်သွင်းပြုလုပ်ထားသည့်အတွက် နာမည်ကျော်ကြားခြင်းဖြစ်သည်။ ရွှေထည့်သွင်း ပြုလုပ်ထားသည့် အရောထည်ပစ္စည်းထု၏ ၂၄ ပုံတွင် ရွှေစင်ရွှေသား တစ်ပုံပါဝင်နေပါက တစ်ကာရက် (One Carat) ဟုသတ်မှတ်သည်။

အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (NASA) က ၁၉၇၇ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် ဗွိုင်ယေဂျာ(၁)နှင့် ဗွိုင်ယေဂျာ(၂)ဟု အမည်ပေးထားသော စကြဝဠာအနှံ့ခြေဆန့်မည့် အာကာသယာဉ်များပေါ်တွင် ရွှေရည်သုတ်လိမ်းထားသော ကြေးနီဓာတ်ပြားချပ်များကို တင်ဆောင်ပေးလိုက်ကြသည်။ ကမ္ဘာ့လူသားတို့၏ ပုံပန်းသဏ္ဌာန်၊ ဝတ်စားဆင်ယင်မှု၊ ဘာသာစကား၊ တေးဂီတ၊ အသုံးအဆောင်၊ နေထိုင်သွားလာပုံစသည်တို့ကို ပြည့်ပြည့်စုံစုံထည့်သွင်းထားသော ကြေးနီဓာတ်ပြားချပ်များမပျက်စီးဘဲ ဆယ်စုနှစ်ပေါင်း များစွာတာရှည်ခံစေရန်အတွက် ရွှေသားအစစ်ရွှေရည်များကို စီမံသုတ်လိမ်းပေးလိုက်ကြခြင်းဖြစ်သည်။

ယခုအခါ ဤနေစကြဝဠာ၏ နယ်နိမိတ်ကို ကျော်လွန်ဖောက်ထွက်ပြီး မဟာစကြဝဠာကြီးထဲသို့ ရောက်ရှိနေပြီဖြစ်သော ဗွိုင်ယေဂျာ(၁)အာကာသယာဉ်နှင့်နေစကြဝဠာအစုအဖွဲ့၏ နယ်နိမိတ်အဝန်းအဝိုင်းအတွင်းမှာပင် ရှိနေသေးသော ဗွိုင်ယေဂျာ(၂) အာကာသယာဉ်နှစ်စီးလုံးပေါ်ရှိ ရွှေရည်သုတ်လိမ်းထားသော ကြေးနီဓာတ်ပြားချပ်များသည် မပျက်စီးသေးဘဲ မူလအတိုင်းရှိနေဆဲဖြစ်သည်ကို ထောက်ရှုခြင်းအားဖြင့် ရွှေ၏ဂုဏ်သတ္တိကိုသိရှိနိုင်သလို နောင်အနာဂတ်ကာလ၌လည်း အာကာသစီမံကိန်းများအတွက် ရွှေသည်ပလက်တီနမ်နှင့် တိုက်တေနီယမ်တို့ကဲ့သို့ပင် အရေးပါသော တွင်းထွက်သတ္တုတစ်မျိုးဖြစ်လာလိမ့်မည်ဟု ခန့်မှန်းနိုင်သည်။

ရွှေသည် နှစ်လိုဖွယ်အရောင်အဆင်းရှိပြီး ပုံသွင်းရလွယ်ကူသည့်အတွက် လက်ဝတ်တန်ဆာအဖြစ်ပြုလုပ်ဆင်မြန်းလျက်ရှိနေကြသည်။ ရွှေစင်ရွှေသားကို ကြေး၊ နီကယ်၊ ငွေ၊ Palladium စသည်တို့နှင့်ရောစပ်ပြီး ပြုလုပ်ထားသော လက်ဝတ် အဆင်တန်ဆာမျိုးစုံတို့ကို အမျိုးသမီးများက လွန်စွာနှစ်ခြိုက်မက်မောကြသည်။ လက်ဝတ်တန်ဆာ ပြုလုပ်ရာတွင် ရွှေနှင့်ကြေးကို အများဆုံးရောစပ်အသုံးပြုကြပြီး ရွှေတစ်ကျပ်သား၌ ကြေးတစ်ပဲရောစပ်ထားလျှင် ၁၅ ပဲရည်ဟူ၍လည်းကောင်း၊ ကြေးနှစ်ပဲရောစပ်ထားလျှင် (၁၄) ပဲရည်ဟူ၍လည်းကောင်း သတ်မှတ်ခေါ်ဝေါ်သုံးစွဲလျက်ရှိနေကြသည်။

ရွှေ၏ထူးခြားသောဂုဏ်သတ္တိကြောင့် ရွှေကိုတစ်မီတာအပုံတစ်သန်း၏ တစ်ပုံထက်ပင်ပါးလွှာအောင် စီမံပြုလုပ်နိုင်သည်။ ထို့ကြောင့်ပင် ခေတ်မီစက်ကိရိယာများကိုအသုံးပြုပြီး ရွှေတစ်အောင်စကို ၁၀ စတုရန်းမီတာခန့်အထိရှိသော ရွှေပြားလွှာအဖြစ် ပြုလုပ်နိုင်သည်။

ရွှေ၏သဘောသဘာဝသည် ဈေးနှုန်းအကျဘက်နည်းပြီး အတက်ဘက်၌သာ အလေးသာလျက်ရှိသည်။ တစ်နည်းအားဖြင့် ရွှေဈေးကျခြင်းမျိုးမှာ ဖြစ်ခဲလှသော အခြေအနေတစ်ရပ်ဟု သုံးသပ်နိုင်သည်။ ၁၉၃၀ ပြည့်နှစ်ကာလသည် ကမ္ဘာ့ရွှေထုတ်လုပ်မှု အမြင့်ဆုံးသော ကာလဖြစ်သည်။ ထိုကာလတွင် တောင်အာဖရိကနိုင်ငံက ရွှေအများဆုံးထုတ်လုပ်သည့် စံချိန်ကိုတင်နိုင်ခဲ့သည်။

၁၉၃၃ ခုနှစ်အရောက်တွင် ရွှေထုတ်လုပ်မှုသိသာစွာကျဆင်းသွားကာ ဈေးနှုန်းလည်းမြင့် တက်လာခဲ့သည်။ ၁၉၅၀ ပြည့်နှစ်အရောက်တွင်မူ ထုတ်လုပ်မှုနှင့်ဝယ်လိုအားမျှတလာခြင်းကြောင့် ရွှေဈေးတည်ငြိမ်လာခဲ့သည်။ တစ်ဖန် ၁၉၆၀ ပြည့်လွန် ကာလများ၌ ရွှေထုတ်လုပ်မှုကျဆင်းသွားပြီး ဝယ်လိုအားများနေခြင်းကြောင့် ရွှေဈေးနှုန်းများသိသာစွာမြင့်တက်လာခဲ့သည်။ ၁၉၃၀ ပြည့်နှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလအတွင်း ကမ္ဘာ့ရွှေဈေးသည် အဆ ၂၀ ခန့်မြင့်တက်ခဲ့သည်။ မျက်မှောက်ကာလ၌မူ ရွှေဈေးအလွန်မြင့်မားနေသည့်အတွက် ရွှေသတ္တုရှာသော လုပ်ငန်းများသည် ကမ္ဘာအနှံ့တွင် တစ်စခန်းပြန်ထလာလျက်ရှိနေသည်။

*စာမျက်နှာ ၂၃ သို့*

LCCI ACCOUNTING CLASS
ဦးဆန်းဝေအောင် B.Com, CPA
JUNE 20 ဖွင့်မည်
USA COMMERCIAL SCHOOL
ဘိုက်၄အခန်း၂၄ပြည်တော်သစ်အိမ်ရာ၊အောက်ပုဇွန်တောင်လမ်းမကြီး
ဖုန်း ၂၉၁၃၂၉၊ ၀၉-၄၂၁၀-၂၀၂၁၅၊၀၉-၉၇၀၇-၉၂၁၂၀
၀၉-၃၁၄-၈၀၈၈၄

ရောင်းမည်
1. ကြည့်မြင်တိုင်မြို့နယ်၊ သီတာကွန်ဒို၊
8th Floor & Penthouse sqft. 2324၊
CCTV, Lift , 2MB , 1B , 3A/C ,
ကားပါကင်၊ မျက်နှာကြက်၊ ကြွေပြား၊ ပါကေး
2. ကမာရွတ်မြို့နယ်၊ မြဇေယျာလမ်း၊ မြကွန်ဒို၊
1200sqft , 1MB, 1B, 2A/C, CCTV, Lift,
ကားပါကင်၊ မျက်နှာကြက်၊ ကြွေပြား၊ ပါကေး
Contact Ph. 09 5160778, 095089945

ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

GUSTO
International College
GUSTO INTERNATIONAL COLLEGE
◆ HND Diploma in Computing (UK)
◆ B.Sc (Hons:) Computing (UK)



Limited seat .... Enroll Now!
(09) 86 288 06, (09) 730 31 302
Why we chose GUSTO?
● Academic Quality ကောင်းမွန်ခြင်းကြောင့် ထူးချွန်ပြောင်မြောက်သည့် ကွန်ပျူတာပညာရှင်များ မွေးထုတ်နိုင်ခဲ့သော Proven Record ရှိခြင်း။
● UK ရှိထိပ်တန်းတက္ကသိုလ်ကြီးများနှင့် Collaboration Agreement ရယူထားသော International College ဖြစ်ခြင်း။
● ဆိတ်ငြိမ်ကျယ်ဝန်းသော ကျောင်း Campus အတွင်း အကောင်းဆုံးသင်ယူမှု အတွေ့အကြုံရရှိစေရန် သင်ကြားပေးနေခြင်း။
# 289 (A), Pyay Road, Sanchaung Tsp., Ygn. www.facebook.com/gustoinstitute JULY INTAKE

# ကြယ်ပဲသရုပ်ပြ ပညာပေးစိုက်ပျိုး

**နေပြည်တော် ဇွန် ၃**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဥယျာဉ်ခြံသီးနှံပညာနှင့် စိုက်ပျိုးရေးဇီဝနည်းပညာဌာန ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဒုတိယနှစ် ကျောင်းသားကျောင်းသူများ ကွင်းဆင်းလက်တွေ့သရုပ်ပြ ပညာပေးလုပ်ငန်းအဖြစ် ကြယ်ပဲသရုပ်ပြပညာပေး စိုက်ပျိုးခြင်းကို ဇွန် ၁ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက် ပျိုးရေးကွင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ဆရာ ဆရာမများ ကြီးကြပ်၍ စိုက်ပျိုးခဲ့ကြသည်။

"ဧပြီလလယ်ခန့်က မျိုးဖောက်ပြီး ပျိုးထောင်ထားတဲ့ ပျိုးသက် ၄၅ ရက်ခန့်ရှိတဲ့ ကြယ်ပဲပျိုးပင်တွေကို စိုက်ခင်းအတွင်းမှာ ပင်ကြားတန်းကြား (၉×၁၀) ပေ အကွာအဝေးနဲ့ ရွှေ့ပြောင်းစိုက်ပျိုးပါတယ်။ ရေဆင်းစိုက်ပျိုးရေးကျောင်းမှာ ကြယ်ပဲကို ပထမဆုံးအကြိမ် သုတေသနစမ်းသပ်စိုက်ပျိုးခြင်း ဖြစ်ပါတယ်။ နောင်မှာ ကြယ်ပဲက ပြည်ပပို့ကုန်သီးနှံတစ်ခု ဖြစ်လာဖို့ အလားအလာရှိတယ်။

အဲဒါကြောင့် နိုင်ငံခြားကို တင်သွင်း နိုင်ရန်၊ ကြယ်ပဲစိုက်ပျိုးမယ့် တောင်သူတွေကို ပညာပေးနိုင်ရန် ရည်ရွယ်ပြီး စမ်းသပ်စိုက်ပျိုးခြင်း ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေလည်း လက်တွေ့ ကွင်းဆင်းစိုက်ပျိုးခြင်းဖြင့် အတွေ့အကြုံတွေရတယ်။ တောင်သူတွေကိုလည်း ပညာ ပြန်ဖြန့်ဝေပေးလို့ရတယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စမ်းသပ်စိုက်ပျိုးရခြင်းဖြစ်ပါတယ်"ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မျိုးကြွယ်က ပြောသည်။



ကြယ်ပဲပင်၏ အင်္ဂလိပ်အမည်မှာ Sacha inchi သို့မဟုတ် Mountain volubilis သို့မဟုတ် Sacha peanut ဖြစ်ပြီး သိပ္ပံအမည်မှာ Plukenetia volubilis ဖြစ်သည့် နှစ်ရှည်ခံနွယ်ပင်အမျိုးအစားဖြစ်ပြီး Euphorbiaceae မျိုးရင်းဝင်ဖြစ်သည်။ ကြယ်ပဲမျိုးစေ့တွင် ဆေးဖက်ဝင်သော Omega 3, Omega 6, Omega 9၊ အသားဓာတ် ၂၈ ရာခိုင်နှုန်း ပါဝင်သည့်အပြင် မပြည့်ဝဆီ ၄၀-၆၁ ရာခိုင်နှုန်း ပါဝင်သောကြောင့် ကြယ်ပဲဆီကို ကိုလက်စထရောချသော ဆေးဝါးအဖြစ် အသုံးပြုလျက်ရှိသည်ဟု သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-အိမ့်ထက်မှူး**

## ရွှေကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး

**တိုက်ကြီး ဇွန် ၃**

၂၀၁၅ ခုနှစ် ရွှေကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်း သင်တန်းအမှတ်စဉ် (၂/၂၀၁၅)ကို ဇွန် ၁ ရက် နံနက် ၉ နာရီက တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရုံးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားခဲ့ပြီး သင်တန်းနည်းပြများအဖြစ် တိုက်ကြီးမြို့၊ ဥက္ကံနယ်မြေ၊ အဖျောက်နယ်မြေ၊ ဖိုးခေါင်နယ်မြေ၊ ကတိုင်စိန်တို့မှ ရဲစခန်းမှူးများ၊ သင်တန်းသား အရာရှိနှစ်ဦးနှင့် အခြားအဆင့် သင်တန်းသား ၆၀ စုစုပေါင်း ၆၂ဦး တက်ရောက်ခဲ့သည်။

**ထွန်းလှိုင်(မြိုင်)**

# လုပ်ငန်းရှင်များတွေ့ဆုံပွဲကျင်းပ

**မန္တလေး ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အသေးစား၊ အလတ်စား (SME) လုပ်ငန်းဆပ်ကော်မတီမှ ကြီးမှူးကာ SME Business Networking(B2B) လုပ်ငန်းရှင်များတွေ့ဆုံပွဲကို မေ ၃၁ ရက်က ဧရာဝတီမြစ်အတွင်း ပြည်ကြီးတံခွန်(၂)သင်္ဘောဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်ကြီးတံခွန်(၂)သင်္ဘောဖြင့် ဂေါဝိန်ဆိပ်ကမ်းမှ ဧရာဝတီမြစ်အတွင်း ခရီးစဉ်အဖြစ် စတင်ထွက်ခွာပြီး အခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးကျော်မြင့်က အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ SME ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဝင်းဌေးက SME Business Networking ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်းကွန်းတွင် ခေတ္တရပ်နားပြီး ဂေါဝိန်ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာရာ အပြန်ခရီးစဉ်တွင် SME Business Networking (B2B) လုပ်ငန်းရှင်များတွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၊ (B2B) လုပ်ငန်းရှင်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၁၁)

*စာမျက်နှာ ၂၂ မှ*

ငွေကြေးဖောင်းပွခြင်း၊ သုံးစွဲနေသော ငွေစက္ကူများကို ဖျက်သိမ်းလိုက်ခြင်းတို့သည် ရွှေဈေးကို လှုပ်ခတ်မြင့်တက်သွားစေသော အကြောင်းရင်းအချို့ဖြစ်ကြသည်။ အလားတူပင် ရေနံရောင်းရငွေများကို ရွှေနှင့်လဲလှယ်ခြင်း၊ မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်ဖောက်ကားမှုတွင် ရွှေကို ကြားခံအဖြစ်သုံးစွဲခြင်းတို့သည်လည်း ရွှေဈေးကိုလှုပ်ခတ်စေသည့် အကြောင်းတရားများ ဖြစ်ကြသည်။ ထို့အတူပင် ဒေသတွင်းပဋိပက္ခများဖြစ်ပွားရာမှ တစ်စတစ်စပို၍ တင်းမာလာခြင်းနှင့် ဒေသတွင်းစစ်ပွဲများ ဖြစ်ပွားခြင်းတို့သည်လည်း ရွှေဈေးကို မြင့်တက်စေသော အကြောင်းရင်းခံများဖြစ်ကြသည်။

ကမ္ဘာ့သတ္တုလောကတွင် စက်မှုကုန်ထုတ်လုပ်ငန်းများ၌ အသုံးချမှု အလွန်နည်းသော်လည်း အာမခံချက်ခိုင်လုံသော၊ ဝယ်ယူစုဆောင်းမှု အလွန်များပြားသော၊ တန်ဖိုးထားဝတ်ဆင်မှု အလွန်ကျယ်ပြန့်သော ရွှေသည် အမျိုးသမီးထုတစ်ရပ်လုံး၏ သည်းခြေကြိုက်ပစ္စည်းတစ်မျိုးဖြစ်သည်။ အမျိုးသားများကမူ ရွှေကို အဆောင်အယောင် တစ်ခုအဖြစ် တန်ဖိုးထား ဝတ်ဆင်မှုနည်းပါးပြီး စုဆောင်းမှုပစ္စည်းတစ်မျိုးအနေဖြင့်သာ သဘောထားလေ့ရှိကြသည်။

ကမ္ဘာပေါ်၌ လူမျိုးအသီးသီးရှိကြရာတွင် အချို့သောလူမျိုးတို့က ရွှေကို အမျိုးသမီးတို့၏ အဆင်တန်ဆာအဖြစ် လက်ခံ ဆင်မြန်းကြသော်လည်း အမျိုးသားများကမူ အဆောင်အယောင်တစ်ခုအဖြစ် ဝတ်ဆင်လေ့မရှိကြပေ။ သာဓကအားဖြင့်ဂျပန်လူမျိုးတို့၏ထုံးစံအရ အမျိုးသားများအနေဖြင့် လက်စွပ်၊ ဆွဲကြိုးစသော ရွှေထည်ပစ္စည်းများကို လုံးဝဝတ်ဆင်ခြင်းမပြုကြသည်ကို တွေ့ရှိနိုင်သည်။

ရှေးမြန်မာဘုရင်များနှင့် မင်းညီမင်းသားများကမူ ရွှေလက်စွပ်များ၊ ရွှေနားတောင်းများကို တန်ဖိုးထားဝတ်ဆင်ခဲ့ကြရုံမျှမက အထူးအရေးကြီးသော ကိစ္စရပ်များအတွက် ရွှေပေလွှာများကိုပင် အသုံးပြုခဲ့ကြသည်။ ခရစ်ယာန် ဘာသာဝင်များဖြစ်ကြသော ဥရောပနိုင်ငံသားများကမူ အမျိုးသားနှင့်အမျိုးသမီးတို့ ဘဝတစ်သက်တာ ပေါင်းဖော်ကြရန် ကတိသစ္စာပြုကြသည့် စေ့စပ်ပွဲများတွင် ပုံစံထပ်တူဖြစ်သော ရွှေလက်စွပ်များကို အပြန်အလှန် ဆင်မြန်းပေးလေ့ရှိကြသည်။

မြန်မာလူမျိုးတို့၏ စကားပုံများအနက် "ရွှေအကြောင်း၊ ဖယောင်းသက်သေ"၊ "ရွှေရှိမှအမျိုးတော်ချင်"၊ "ဝါဝါမြင်တိုင်း ရွှေမထင်နဲ့"၊ "ပညာရွှေအိုး၊ လူမခိုး"၊ "မိန်းကလေးတို့ ကွန္ဓြေ၊ ရွှေပေးလို့မရ"၊ "ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း"၊ "ရွှေ လက်ဖြင့်ခေါ်လည်းမလာ"၊ "ရွှေပင်မှာနားတော့ ရွှေကျေး"၊ "အနေစုတ်ပေမယ့်၊ ရွှေထုတ်တဲ့ မြပဝါ"စသော အသုံးအနှုန်းများသည် ရွှေကိုအကြောင်းပြု၍ ပေါ်ပေါက်ခဲ့သော ရိုးရာစကားပုံများ ဖြစ်ကြသည်။

အနောက်တိုင်း စကားပုံများထဲ၌လည်း"All that glister is not gold "၊ "True gold fears no fire"၊ The Dead spend no gold"၊ Gold does not rust on the ground, the rocks don't get Soaked in the rain" ဟူသည့် ရွှေနှင့်ပတ်သက်သော အသုံးအနှုန်းများကို တွေ့ရှိနိုင်သည်။ Gold Finger (ရွှေလက်ချောင်းကလေးများ)နှင့် The Man with the Golden Gun (ရွှေသေနတ်နဲ့လူ) စသော ကမ္ဘာကျော် ရုပ်ရှင်ဇာတ်ကားများသည်လည်း ရွှေနှင့်ပတ်သက်သည့် အမည်လှလှကလေးများကို ဖန်တီးခဲ့ကြသော ဝတ္ထုရေးဆရာတို့၏ စိတ်ကူးစိတ်သန်းများကြောင့် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရွှေဒင်္ဂါးပြားများနှင့် ရွှေစင်ရွှေ ပြားများကို ထုတ်လုပ်ပြီး အများပြည်သူတို့ လွတ်လပ်စွာဝယ်ယူနိုင်ရန် ရောင်းချပေးလျက်ရှိသည်။ ရွှေဒင်္ဂါးပြားများသည် နိုင်ငံတစ်နိုင်ငံ၏ ကြွယ်ဝချမ်းသာမှုနှင့် ဂုဏ်သရေရှိမှုတို့ကို ကိုယ်စားပြုထားကြသလို၊ ရွှေစင်ရွှေပြားများကလည်း ရာနှုန်းပြည့် အာမခံချက်ရှိသော စုဆောင်းမှုပစ္စည်းတစ်ခုအဖြစ် ရပ်တည်ပေးလျက်ရှိနေကြသည်။

နိုင်ငံတကာ၏ သတင်းမျက်နှာစာ၌လည်း နေ့စဉ်ထုတ်ပြန် ကြော်ငြာပေးနေရသော သတင်းများထဲတွင် ကမ္ဘာ့ရွှေဈေးနှုန်းသတင်းသည် ထိပ်ဆုံးက ရပ်တည်လျက်ရှိနေသည်။

အချုပ်ဆိုရသော် ရွှေနှင့် လူမှုအဖွဲ့အစည်းသည် အနာဂတ်ကာလများ၌လည်း ခွဲခြား၍ ရမည်မဟုတ်ဘဲ ရွှေသည် ကမ္ဘာ့ပြည်သူတို့၏ သည်းခြေကြိုက်ပစ္စည်းတစ်မျိုးအဖြစ် ထာဝရပန်းပန် လျက်ပင်ရှိနေလိမ့်ဦးမည် ဖြစ်ပေသည်။

**ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၈/၈၄၃၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွှာသာကြီး)**

**ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၈/၈၄၃၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွှာသာကြီး)**

**" ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "**

**PATUM VEGETABLE OIL CO., LTD.,** at 1/8 Soi Charansnitwong 55, Charansnitwong Road, Bang Bumru, Bang Plad, Bangkok 10700, Thailand သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်များ၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

**Reg; No.IV-16123/2014**

**Reg; No.IV-3465/2012**

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်များကို အသုံးပြု၍ " **Bone oil-edible, butter (Peanut), butter cream, cheese, coconut butter, coconut oil, colza oil for food, corn oil, edible fat, edible oil, maize oil, margarine, olive oil for food, palm oil for food, rape oil, sunflower oil for food** " စသည့် အရည်အသွေးမီ စားသောက်ကုန်များကို ထုတ်လုပ်သည့်ရက်စွဲအတိအကျဖော်ပြ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ယခုအခါ အဆိုပါဖြန့်ဖြူးရောင်းချလျက်ရှိသော ပစ္စည်းများ၏ ကောင်းသောဂုဏ်သတင်းကို အခွင့်ကောင်းယူ၍ လုပ်ငန်းရှင်အချို့သည် ၎င်းတို့ ဖြန့်ဖြူးရောင်းချလျက်ရှိသော စားသုံးဆီများပေါ်တွင် အထက်ပါကုန်အမှတ်တံဆိပ်ကို တိုက်ရိုက်တုပရိုက်နှိပ်အသုံးပြု၍ တရားမဝင်သောနည်းလမ်းဖြင့် ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ယင်းသို့ အတုအပပြုလုပ်၍ ဖြန့်ဖြူးရောင်းချသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ အဆိုပါ အတုအပပြုလုပ်၍ ဖြန့်ဖြူးရောင်းချလျက်ရှိသော စားသုံးဆီများကို ဈေးကွက်အတွင်း အမြန်ဆုံးရုပ်သိမ်းပြီး၊ ပယ်ဖျက်ပေးပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲတရားဥပဒေအရ ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးအီးနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁) **YE NOOS & ASSOCIATES (Law Firm)**
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။ ဖုန်း- ၃၉၇၂၃၄ ၊ ၃၉၇၂၃၅ ၊ ၂၉၆၁၃၂ ။

## ပြည်နယ်အစိုးရအဖွဲ့၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတွင် အောက်ဖော်ပြပါလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည်နှင့်တည်နေရာ | တင်ဒါပိတ်ရက် |
|---|---|---|---|
| ၁ | ၇/စမက/KB | ဟန်ထက်-မန်စီဘူတာကြားချိန် အမှတ်(၂၁+၄၉၀)တွင် တံတားအမှတ် (၃၂၄)(2/20' Span Slab+1/85 P.C Girder) မိုးယုချောင်းတံတားတည်ဆောက်ခြင်း | ၂၆-၆-၂၀၁၅ |

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၈-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**မြန်မာ့မီးရထား၊ စီမံကိန်းအင်ဂျင်နီယာရုံး၊ ကသာ-ဗန်းမော်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ကသာမြို့၊ ဖုန်း-၀၇၅-၂၅၇၁၅**

## မြန်မာဂေါက်သီးရိုက်အသင်း စားသောက်ဆိုင်/ Fitness Centre ဖွင့်လှစ်ရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာဂေါက်သီးရိုက်အသင်း Pool Site နေရာရှိ အသင်းပိုင်အဆောက်အအုံတွင် စားသောက်ဆိုင် (သို့မဟုတ်) Fitness Centre ငှားရမ်းဖွင့်လှစ်လုပ်ကိုင်လိုသည့် နိုင်ငံသားလုပ်ငန်းရှင်များထံမှ ချိပ်ပိတ်တင်ဒါပေးသွင်းရန် အဆိုပြုလွှာရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များပါသော တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို တစ်စောင်လျှင် ကျပ် ၂၀၀၀၀/- နှုန်းဖြင့် မြန်မာဂေါက်သီးရိုက်အသင်းမန်နေဂျာ(စီမံ) ရုံးတွင်(၁-၆-၂၀၁၅)ရက်မှ စတင်ရောင်းချမည်ဖြစ်၍ ချိပ်ပိတ်တင်ဒါများကို ၁၅-၆-၂၀၁၅ရက် ညနေ ၄း၀၀နာရီတိတိ နောက်ဆုံးထားပြီး တင်သွင်းရမည်။

၃။ တင်ဒါတင်သွင်းသူသည် အာမခံကြေးကျပ်သိန်းသုံးဆယ်ကို မြန်မာဂေါက်သီးရိုက်အသင်း၏ မြန်မာစီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ(၁)ငွေစာရင်းအမှတ် SA-၁၂၃၀၀၈ သို့ပေးသွင်း၍ ငွေသွင်းပြေစာအား တင်ဒါပုံစံနှင့်အတူ ပေးသွင်းရမည်ဖြစ်သည်။ တင်ဒါရွေးချယ်ရေးအဖွဲ့မှစိစစ်ပြီး(၁)ပတ်အတွင်း တင်ဒါအာမခံကြေးအား ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ ရွေးချယ်ခံရပြီး (၁)လအတွင်း လုပ်ငန်းမဆောင်ရွက်နိုင်ပါကကော်မတီမှ သတ်မှတ်သော ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်သည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဗမိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၈၆၁၂၉၉၄၊ ၆၆၅၅၃၁၊ ၆၅၂၀၈၂**

## ဂျပန်နိုင်ငံ APO မှ ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဂျပန်နိုင်ငံ Asian productivity Organization (APO) ၏ အစီအစဉ်ဖြင့် မြန်မာ-ဂျပန် SMEs လုပ်ငန်းရှင်များအကြား အနာဂတ်တွင် ဖြစ်နိုင်ချေရှိသော စီးပွားရေးအခွင့်အလမ်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဂျပန်နိုင်ငံ၏ SMEs အတွေ့အကြုံ၊ လက်ရှိနည်းပညာများဖြင့် မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ထုတ်ကုန်စွမ်းအားတိုးတက်လာရေးအတွက် အထောက်အပံ့ပေးနိုင်ရေးရည်ရွယ်ချက်ဖြင့် ဂျပန်နိုင်ငံ၊ Tokyo နှင့် Nagoya တို့တွင် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ရက်မှ ၁၁ ရက်အထိ ကျင်းပပြုလုပ်မည့် SME Innovation and Quality Management for Myanmar to Increase Productivity အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် အောက်ဖော်ပြပါအရည်အချင်းရှိသူများအား စေလွှတ်ရန်ရှိသဖြင့် လျှောက်ထားနိုင်ပါသည်။

(က) SMEs လုပ်ငန်းရှင်၊ မန်နေဂျာနှင့်ပညာရှင်များ
(ခ) လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိသူ
(ဂ) တက္ကသိုလ်မှ ဘွဲ့ရရှိသူ
(ဃ) အင်္ဂလိပ်ဘာသာ အရေး၊ အပြောကျွမ်းကျင်သူ
(င) ကျန်းမာရေးကောင်းမွန်သူ (Physically, mentally)
(စ) အသက်(၃၅)နှစ်မှ (၅၅)နှစ်အတွင်းရှိသူ

လျှောက်လွှာပုံစံများကို ကုန်သည်/စက်မှုအသင်းချုပ် နိုင်ငံတကာဆက်ဆံရေးဌာန၊ ဖုန်း-၀၁-၂၁၄၃၄၄~၄၉ (လိုင်းခွဲ-၁၂၀၊ ၁၂၂၊ ၃၁၁)၊ ၀၁-၂၃၀၁၅၆၄၊ Email: ird@umfcci.org.mm, ird.umfcci 29@ gmail.com သို့ ဆက်သွယ်လာရောက်ထုတ်ယူ၍ လျှောက်လွှာပုံစံများကို ၁၀-၆-၂၀၁၅ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးရမည့်ကို အကြောင်းကြားပေးမည်ဖြစ်ပါသည်။

## ဦးသန်းနိုင် Shwe Zabu Deik Construction Co.,Ltd. နှင့် အများသိစေရန်အသိပေးကြေညာခြင်း

MR. YAMADA KOO ICHIROO, Tokyo, Japan တွင် နေထိုင်သူသည် ဦးသန်းနိုင် (Shwe Zabu Deik Construction Co.,Ltd.)အား ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်းမပေါ်တွင် ဆောက်လုပ်ခွင့်ရရှိထားသည့် SHWE ZABU RIVER VIEW COMPLEX တာဝါများ ဆောက်လုပ်ရန်အတွက် ဆောက်လုပ်စရိတ်နှင့် ကုန်ကျစရိတ်များပေးအပ်၍ အဆောက်အဦးများ ပြီးစီးအောင် ဆောက်လုပ်ရန် တာဝန်ပေးအပ်ထားခဲ့ပါသည်။ ၂၀၁၄ – ခုနှစ်တွင် MR. YAMADA မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့်အခါ ဦးသန်းနိုင်မှ တာဝါများဆောက်လုပ်ပြီးစီးပါက မြန်မာနိုင်ငံရှိ MR. YAMADA KOO ICHIROO ၏ ကုမ္ပဏီခွဲဖြစ်သော SANWA CO.,LTD. သို့ လွှဲပြောင်းပေးအပ်ရမည်ဖြစ်ပြီး၊ ယင်းကုမ္ပဏီကသာ စီမံခန့်ခွဲရန် သဘောတူညီထားခဲ့ပြီးဖြစ်ပါ၍ ဦးသန်းနိုင်သည် SHWE ZABU RIVER VIEW COMPLEX ရှိ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်အခန်းများမှအပ) ကျန်အခန်းများကို ရောင်းချပိုင်ခွင့်မရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

SHWE ZABU DEIK CONSTRUCTION CO.,LTD. ဦးသန်းနိုင်ထံမှ ကွန်ဒိုတိုက်ခန်းများ ဝယ်ယူထားသူများသည် တရားဝင်ရောင်းချပိုင်ခွင့်ရှိသူထံမှ ဝယ်ယူထားခြင်းမဟုတ်သဖြင့် ဥပဒေအရ တရားဝင်ဟု အသိအမှတ်မပြုနိုင်ပါကြောင်းနှင့် တိုက်ခန်းဝယ်ယူသူများသည် တိုက်ခန်းဖိုးငွေများကို ဦးသန်းနိုင်နှင့်သာ ဆက်သွယ်ဖြေရှင်းကြရန်ဖြစ်ပြီး MR. YAMADA KOO ICHIROO ပိုင်ငွေဖြင့် ဆောက်လုပ်ထားသော အထက်ပါကွန်ဒိုတိုက်ခန်းများနှင့် လုံးဝပတ်သက်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထို့ပြင် ဦးသန်းနိုင် SHWE ZABU DEIK CONSTRUCTION CO.,LTD. အနေဖြင့် SHWE ZABU RIVER VIEW COMPLEX ရှိ ကွန်ဒိုတိုက်ခန်းများ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ကွန်ဒိုတိုက်ခန်းများမပါ) အား လွှဲပြောင်းရောင်းချခြင်း မပြုလုပ်ပါရန်နှင့် ဤသို့တားမြစ်သည့်ကြားမှ ဆက်လက်လွှဲပြောင်းရောင်းချမည်ဆိုပါက ဦးသန်းနိုင်အပေါ် ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကိုကိုဦး (၇/ဒဥန (နိုင်) ၀၃၂၃၅၃)**
အမှတ်-၈၈၊ ၉၃-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

## ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(KSD)ဘားအံမြို့ ပထမအကြိမ်နှစ်ပတ်လည် အစည်းအဝေးဖိတ်ကြားခြင်း

ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Kayin State Development Public Company Limited)ဘားအံမြို့၏ ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ယခင်သတ်မှတ်ကြေညာခဲ့သည့် နေ့ရက်အစား ၂၀၁၅ ခုနှစ် ဇူလိုင်လ(၂၆)ရက် တနင်္ဂနွေနေ့ နံနက် ၀၉း၀၀ နာရီအချိန်တွင် ဖွဲ့ကပင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါကြောင်းနှင့် အစုရှယ်ယာရှင်အားလုံး အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် Board Of Director များ ရွေးချယ်တင်မြှောက်ခြင်း၊ အစုရှယ်ယာအပေါ် အမြတ်ငွေများခွဲဝေခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## မြင်းခြံ အထက(၂) ရွှေရတု မဂ္ဂဇင်းစာမူဖိတ်ခေါ်ခြင်း

မြင်းခြံမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) (မြို့ရှေ့ကျောင်း)၏ နှစ်ငါးဆယ်ပြည့် ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဆောင်းပါး၊ အက်ဆေး၊ အမှတ်တရကဏ္ဍများအတွက် ဆရာ/ဆရာမဟောင်းများ၊ ကျောင်းသူ/ကျောင်းသားဟောင်းများ၊ စာပေပညာရှင်၊ ဝါသနာရှင်များအနေဖြင့် စာမူများ၊ ရေးသားပေးပို့နိုင်ကြပါသည်။ စာမူများကို မြင်းခြံ အထက(၂)ရွှေရတုမဂ္ဂဇင်းဟု ခေါင်းစဉ်တပ်လျက် အောက်ပါလိပ်စာများသို့ ဩဂုတ် ၃၀ ရက် နောက်ဆုံးထားပေးပို့ကြနိုင်ပါသည်။

**စာမူပေးပို့နိုင်သောလိပ်စာများမှာ-**

| | |
|---|---|
| **ဦးငွေးဝင်း** | **ဖုန်း-၀၉-၂၂၁၅၀၂၀-ရွှေရောစတိုး၊ အမှတ်(၃)ရပ်ကွက်၊ မြင်းခြံမြို့၊** |
| **ဦးစိုးမိုးမြင့်** | **ဖုန်း-၀၉-၄၀၂၇၄၇၀၇၁- ၂/၁၀၅ ရပ်ကွက်၊ စာတိုက်ကြီးအနောက်ဘက်၊ မြင်းခြံမြို့၊** |
| **ဒေါ်မြမြသန်း** | **ကျောင်းအုပ်ဆရာမကြီး၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ မြင်းခြံမြို့** |
| **ဦးထွန်းလှ** | **ဖုန်း-၀၉-၂၅၆၂၇၁၇၅၁- မန္တ လာမင်းကားဂိတ်၊ ကားကြီးဝင်း၊မြင်းခြံမြို့** |

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၁၊ ပေါင်းလောင်း(၁)၊ ၁၀လမ်း၊ မြေကွက်/ဦးပိုင်အမှတ်(၂၅၁)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်အား ဒေါ်ကြည်သန်းဦး(ဘ)ဦးဘိုးစိန် ၉/ပမန(နိုင်)၀၆၆၈၆၇ က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**လားရှိုးခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂**

၁။ ဦးဇော်မင်းနိုင် **နှင့်** ဦးမောင်ချို
၂။ ဒေါ်နေနီလွင်

**တရားလိုများ** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ စုကြီး-ကံဦးရပ်ကွက်နေ ဦးမောင်ချို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက နစ်နာကြေးငွေ ၁၀၆၀၀၀၀၀/-ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၁၁ ရက် မွန်းမတည့်မီအချိန်တွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည် များနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ညိုထွန်း)**
**ခရိုင်တရားသူကြီး**
**လားရှိုးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၃၃**

ဒေါ်တိုးတိုးမြတ် **နှင့်** ၁။ ဒေါ်လှလှနွယ်
၂။ ဦးဇော်ဝင်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၉၆၀/ခ)နေ ဦးဇော်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလို ဒေါ်တိုးတိုးမြတ်က အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၁၆ရက် (၁၃၇၇ ခုနှစ် နယုန်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြမှုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်မင်းအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## အမည်ပြောင်း

ဦးမျိုးမင်းအောင် ၁၀/မလမ(နိုင်)၁၂၂၄၆၁ ၏သမီး အထက(၈)၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မအေးနဒီအောင်အား မအေးဆုသန္တာ ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မအေးဆုသန္တာ**

## ဖခင်အမည်မှန်

မိုင်းပျဉ်းမြို့နယ်၊ ဝမ်မိုင်ရပ်ကွက်၊ နဝမတန်းမှ မမြတ်မြတ်မိုးဦး ၁၃/မပတ(နိုင်)၀၄၆၁၁၁၏ ဖခင်အမည်မှန်မှာ ဦးလှဦး ၁၃/တတန(နိုင်)၀၀၀၇၁၃ ဖြစ်ပါကြောင်း။ **ဦးလှဦး**

## ဖခင်အမည်မှန်

မိုင်းပျဉ်းမြို့နယ်၊ အထကကျောင်း၊ အဋ္ဌမတန်းမှ မနာရူ၏ ဖခင်အမည်မှန်မှာ ဦးခါးကျီ ၁၃/ပယန(နိုင်)၀၀၅၁၅၄ ဖြစ်ပါကြောင်း။ **ဦးခါးကျီ**

## ဖခင်အမည်မှန်

မိုင်းပျဉ်းမြို့နယ်၊ ထမ်းယမ်းအုပ်စု၊ လွယ်ကုတ်ဖီးရွာနေ မောင်ရားထီး ၁၃/မပတ(နိုင်)၀၄၈၆၄၀၏ဖခင်အမည်မှန်မှာ ဦးပါစီး ၁၃/မပတ(နိုင်)၀၂၇၆၉၆ ဖြစ်ပါကြောင်း။ **ဦးပါစီး**


## အမြန်ရောင်းမည်

ငပလီ လင်းသာရွာကမ်းခြေနှင့် လမ်းလျှောက်လျှင် ၁၀ မိနစ်ခန့်၊ ၀ ဒသမ ၅ ဧက ညီနှိုင်းဈေး၊ ဖုန်း-၀၉-၄၂၁၀၉၀၃၁၃၊ ၀၉-၇၉၈၆၁၄၉၁၈

## Cool Air

**Air-con on Call Services**

ဖုန်း-၀၉-၄၂၀၇၈၂၃၅၇

**Hot Line-09-250676368**


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/1752 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ ပြည်သာယာ(မြောက်)ရပ်ကွက်၊အကွက်အမှတ်[ဇ၊ ပြည်သာယာ(မ)]၊ မြေကွက်အမှတ် ၁၇၆၊ ဧရိယာ ၀ဒသမ၀၄၂ ဧကရှိ မြေကွက်သည် ဦးအောင်ထွန်း အမည်ဖြင့် DORP-NO,179/ ၁၉၉၁-၁၉၉၂ အရ (၇-၈-၁၉၉၁)မှ (၆-၈-၂၀၀၁)ထိ ၁၀ နှစ်ဂရန် ရရှိထားပြီးမြေကွက်ဖြစ်ပါသည်။ ၎င်းရရှိထားသော ဂရန်မူရင်းမှာ ၂၀၁၂ ခုနှစ်က မီးလောင်စဉ်မီးထဲပါသွားသည်မှာ မှန်ကန်ပါကြောင်းနှင့် မြေကွက်တွင် အမှန်တကယ်နေထိုင်ပါကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်အား မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင် ဦးစီးဌာနမှုုးရုံးတွင် မှတ်ပုံတင်ပြီး မြေငှားဂရန်မိတ္တူလျှောက်ထားခွင့်ပြုပါရန် တင်ပြလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာမြို့နယ်**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း



၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာနိုင်ငံစာတတ်မြောက်ရေး လှုပ်ရှားမှုတွင် ဦးစီးဦးဆောင် ပါဝင်ဆောင်ရွက်မှုအတွက် လည်းကောင်း၊မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာနဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံ ပညာရှင်အဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံပညာရေး သုတေသနဗျူရိုဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံအခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ မြန်မာ နိုင်ငံပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီပညာ ရှင်အကြံပေးအဖွဲ့ နာယကအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အဆင့်ဆင့်တွင် အစဉ် တစိုက် ဦးဆောင်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေး လျက်ရှိသောမြန်မာနိုင်ငံ၏ပညာရေးခေါင်းဆောင် (Educational Leader) တစ်ဦးအဖြစ်လည်းကောင်း စွမ်းစွမ်းတမံဆောင်ရွက်မှု များကို အသိအမှတ်ပြုဂုဏ်ပြုသောအားဖြင့်

**အမေရိကန်ပြည်ထောင်စု၊ ဟာဝိုင်ရီတက္ကသိုလ်၏ (၁၀၄)ကြိမ် မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင်**

## The Highest Award of Hawaii University

ဖြစ်သော

## Doctor of Humane Letters

***honoriscausa***

## အမြင့်ဆုံးဂုဏ်ထူးဆောင် လူထုအကျိုးပြုစာပေပါရဂူဘွဲ့

ကိုထိုက်တန်စွာချီးမြှင့်ခံရခြင်းအတွက်

# ဒေါက်တာဦးသန်းဦး

အား

**အထူးပင် လှိုက်လှဲစွာဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းဂုဏ်ပြုအပ်ပါသည်။**

**ပညာရေးဝန်ကြီးဌာန**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း



၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာနိုင်ငံစာတတ်မြောက်ရေး လှုပ်ရှားမှုတွင် ဦးစီးဦးဆောင် ပါဝင်ဆောင်ရွက်မှုအတွက် လည်းကောင်း၊မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာနဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံ ပညာရှင်အဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံပညာရေး သုတေသနဗျူရိုဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံအခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ မြန်မာ နိုင်ငံပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီပညာ ရှင်အကြံပေးအဖွဲ့ နာယကအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အဆင့်ဆင့်တွင် အစဉ် တစိုက် ဦးဆောင်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေး လျက်ရှိသောမြန်မာနိုင်ငံ၏ပညာရေးခေါင်းဆောင် (Educational Leader) တစ်ဦးအဖြစ်လည်းကောင်း စွမ်းစွမ်းတမံဆောင်ရွက်မှု များကို အသိအမှတ်ပြုဂုဏ်ပြုသောအားဖြင့်

အမေရိကန်ပြည်ထောင်စု၊ ဟာဝိုင်ရီတက္ကသိုလ်၏ (၁၀၄)ကြိမ် မြောက် ဘွဲ့နှင်းသဘင်
အခမ်းအနားတွင်

**The Highest Award of Hawaii University**

ဖြစ်သော

**Doctor of Humane Letters**

***honoriscausa***

## အမြင့်ဆုံးဂုဏ်ထူးဆောင် လူထုအကျိုးပြုစာပေပါရဂူဘွဲ့

ကိုထိုက်တန်စွာချီးမြှင့်ခံရခြင်းအတွက်

## ဒေါက်တာဦးသန်းဦး

အား

အထူးပင် လိုက်လှဲစွာဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက်
ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းဂုဏ်ပြုအပ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးစိန်လင်း (ငြိမ်း)
### အသက်(၈၆)နှစ်

ဒု-ဗိုလ်မှူးကြီးကိုကိုလင်း(ငြိမ်း)(ဌာနမှူး၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ YCDC)-ဒေါ်ငုဝါကြိုင်တို့၏ဖခင် ဗိုလ်မှူးစိန်လင်း(ငြိမ်း) သည် ၂၂-၅-၂၀၁၅ရက်(သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးညီညီအောင်-ဒေါ်ဆုဆုစံ**
**ဖူးပွင့်စံကုမ္ပဏီလီမိတက်မိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဂန္ဓာကုဋိတိုက် ဒါယကာကြီး
### ဦးတင်ရှိန် (ဖျာပုံ)
### အသက် (၉၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ (၂)ရပ်ကွက်၊ ရွှေနတ်ကူဘုရားလမ်း၊ အမှတ် ၆ နေ (ဦးကျင်-ဒေါ်သိန်းရှင်)(ဒေါ်ကြည်)တို့၏သားကြီး၊ ဒေါ်နွယ်နွယ် (စီမံကိန်း)- ဦးကျော်ရှင်း၊ ဒေါ်စန်းစန်းကြည်-(ဦးဝင်းလွင်)၊ ဒေါ်လှလှမြင့်- ဒုမှူးကြီးဦးကျော်ဝင်း (ငြိမ်း)၊ ဒေါ်ခင်ဝင်းသော်-ဦးဝင်းအောင် (PGI၊ ဒေါပုံ)၊ ဦးတင်လွင် (အာရှမယ်)-ဒေါ်ခင်လှဝင်း၊ ဒေါ်ချိုချိုရှိန်-ဦးမြင့်သန်း(ပါရမီ)၊ ဦးလှိုင်ထွန်းတို့၏ဖခင်ကြီး၊ မြေး ၁၈ယောက်၊ မြစ် ၁၁ယောက်တို့၏ အဘိုး၊ (ဒေါ်မြသန်း)၏ ခင်ပွန်းသည် ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဗိုလ်မှူးကြီး ရန်နောင်စိုး (ငြိမ်း) (ရွှေတောင်)
### ကြည်း (၆၂၂၀)၊ ဗိုလ်သင်တန်းအပတ်စဉ် (၇)
### ဒုတိယဝန်ကြီး(ငြိမ်း)၊ ကုန်သွယ်ရေးဝန်ကြီးဌာန
### အသက် (၈၉)နှစ်

ဗိုလ်မှူးကြီးခင်မောင်လှ (ငြိမ်း) (အမှုဆောင်ညွှန်ကြားရေးမှူး-မြန်မာနိုင်ငံကြက်ခြေနီအသင်း) - ဒေါ်သီတာစိုးတို့၏ ဖခင်ကြီး ဗိုလ်မှူးကြီးရန်နောင်စိုး(ငြိမ်း)သည် ၃၀-၅-၂၀၁၅ ရက် (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ၊ အမှုဆောင်အဖွဲ့ဝင်များနှင့်ဝန်ထမ်းများ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

---

## ဦးသန်းရွှေ
### မြို့နယ်ပညာရေးမှူး (ငြိမ်း)
### အသက် (၈၀)

ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ် ၆၊ အမှတ် ၂၅၈၊ အခန်း ၁၁နေ (ဒေါ်ညွှန့်ညွှန့်ရွှေ)၏ ခင်ပွန်း၊ ဒေါက်တာသီတာညွှန့်သန်း (ကထိက၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ထွန်းညွှန့်သန်း (ခ) ဖိုးချိုတို့၏ ဖခင်သည် ၂-၆-၂၀၁၅ရက် နံနက် ၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၈-၆-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ရဟန်း၊ ကျောင်းဒါယကာကြီး
### ဦးကျင်မောင် အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၉ရပ်ကွက်၊ ကျော်သူ (၂၀)လမ်း၊ အမှတ်(၇၅၃/ခ)နေ (ဦးစောအေး-ဒေါ်ချုပ်)တို့၏သား၊ (ဒေါ်စောရင်)၏ခင်ပွန်း၊ ဦးထင်ကျော်-ဒေါ်လှလှဝင်း၊ ဦးမြင့်သိန်း-ဒေါ်ဝင်းမြင့်၊ (ဦးသိန်းထွန်း)-ဒေါ်မြင့်မြင့်အေး၊ ဦးစိုးသန်း-ဒေါ်တင်တင်နွယ်တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂-၆-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဗိုလ်မှူးကြီး ရန်နောင်စိုး (ငြိမ်း) (ရွှေတောင်)
### ကြည်း (၆၂၂၀)၊ ဗိုလ်သင်တန်းအပတ်စဉ် (၇)
### ဒုတိယဝန်ကြီး(ငြိမ်း)၊ ကုန်သွယ်ရေးဝန်ကြီးဌာန
### အသက် (၈၉)နှစ်

Huationg-Nippo Logistics Co.,Ltd. ၏ ဒါရိုက်တာ ဦးသန့်နောင်စိုး-ဒေါ်အိန္ဒြာဝင်းတို့၏ဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဗိုလ်မှူးကြီး ရန်နောင်စိုး(ငြိမ်း) အသက် (၈၉)နှစ် ၃၀-၅-၂၀၁၅ ရက် (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းများ**
**Huationg-Nippo Logistics Co.,Ltd.**

---

## ဒေါ်တင်တင်နွယ်
### အသက် (၇၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ် 9Aနေ (ဦးကျင်မောင်-ဒေါ်ငွေမိုး)တို့၏သမီး၊ (ဦးဗိုရား- ဒေါ်ကျောက်တီ)တို့၏ချွေးမ၊ (ဦးစိန်ဝင်း)၏ဇနီး၊ American နိုင်ငံ Sanfranciscoမြို့နေ Jhon W-ong-ဒေါ်ဝင်းပပမျိုး၊ ဦးကျော်မိုးရှိန်-ဒေါ်ဇင်မာဝင်း၊ ဦးသန်းဇော်ဝင်း- ဒေါ် သီဂီအောင်တို့၏ ချစ်လှစွာသောမိခင်၊ မခိုင်ကျော်ဇင်သော်၊ မယွန်းပြည့်မွန်(M-ISY)၊ မောင်ထူးမြတ်ဘုန်းရှိန်၊ Brian Wang၊ မပိုးနှင်းဖြူတို့၏ အဘွားသည် ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၃နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၅ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ရှင်အပါး(၁၀၀)ဒါယကာ
### ဦးဘုန်းမြင့်
### WILLIAM TIN
### ST FRANCIS BOYS' SCHOOL B.A(PSY)
### ကန်တော်ကြီးသန်းဆုဌာန
### သစ္စာပန်းမသိန်းဆေးလိပ်ရုံ
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဒဂုံသီရိလမ်း၊ ၃၅နေ ဒေါ်ကျော့ကျော့ခင်၏ခင်ပွန်း၊ ဒေါက်တာထွန်းနန္ဒ-ဒေါ်ဖဲဖဲမြင့်တို့၏ဖခင်၊ ကိုရဲလင်းထွတ်-မဝါဝါသူဇာ၊ ကိုသူရိန်ကျော်ဇော-မသရဖီ၊ ကိုမင်းသန့်ဇော်၊ ကိုယု၊ မခင်နှင်းစုတို့၏ဦးလေး၊ မောင်ဝေမင်းပိုင်၊ မဇာယာသူဇာထွတ်၊ မသာယာသူဇာထွတ်တို့၏ ဘိုးဘိုးသည် ၃၀-၅-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၅-၆-၂၀၁၅ရက် (သောကြာနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူ တူ၊ တူမ၊ မြေးများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးဝင်းမြင့် (ငြိမ်း)
### အင်ဂျင်နီယာ အပတ်စဉ် (၅)
### အသက် (၅၈)နှစ်

ဒေါ်အေးဝင်း၏ခင်ပွန်း ဗိုလ်ကြီးဝင်းမြင့် (ငြိမ်း)သည် ၃၀-၅-၂၀၁၅ ရက် (စနေနေ့) တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။

**အင်ဂျင်နီယာအပတ်စဉ် (၅)**
**ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်သူငယ်ချင်းများ**

---

## ရဟန်းအမ၊ အလှူ့ဒါယိကာမ၊ ငါန်းဇွန်မြို့နယ်သားကြင်ကျေးရွာ
### တိုက်နယ် ဆေးရုံအလှူရှင်
### ဒေါ်ညွှန့်ညွှန့်အောင်(ခ)ဒေါ်မာဂျရီအောင်ခင်
### စိန့်ဖလိုးကျောင်းသူဟောင်း B.Sc(Chemistry)(ကျောင်းဆရာမ၊ ငြိမ်း)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ၁၃၉/ကနေ (ဦးမြ-ဒေါ်အုန်းစိန်)တို့၏မြေး၊ (ဦးအောင်ခင်-ဒေါ်ညွှန့်မေ)တို့၏သမီး၊ (အထောက်တော်လှအောင်)-ဒေါ်ကြည်ကြည်မြင့်တို့၏သမီး၊ ဦးသိန်းလွင်၏ ချစ်လှစွာသောဇနီး၊ ဦးအောင်သန်း-ဒေါ်မေသင်းအောင်၊ (ဦးကိုကိုအောင်)-ဒေါ်ခင်ကြူတို့၏ညီမ၊ ဗိုလ်မှူးကြီးတင်ဝင်း (ငြိမ်း)-ဒေါ်သန္တာအောင်တို့၏အစ်မ၊ ကိုဇော်ရဲနောင်(ဖိုးသား)-မခိုင်ဝါအောင်တို့၏ မွေးစားမိခင်၊ မဖြူသန့်စင်၊ မသဇင်ဖေချစ်၊ မရွှန်းလဲ့ကိုကို၊ မဝင်းလဲ့ကိုကို၊ မဝေလဲ့ကိုကို၊ မရှိန်းလဲ့ကိုကို၊ ကိုကျော်သက်အောင်၊ မဟန်စုတင်တို့၏အဒေါ်သည် ၂-၆-၂၀၁၅ ရက် နံနက် ၁၁ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးနေလင်း
### အသက်(၄၂)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း (ကာကွယ်ရေးဦးစီးချုပ်လေ-ငြိမ်း)-(ဒေါ်ခင်ဆွေညွှန့်)တို့၏ ချစ်လှစွာသောသားသည် ၃၁-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝဏ္ဏမောင်-ဒေါ်ခင်ပပမိသားစု**

---

| အမည်ပြောင်း | ဦးမြင့်လွင်၏သမီးဖြစ်သူ မအိရွှေဇင်အား ယနေ့မှစ၍ မအိသန္တာဟု ပြောင်းလဲခေါ်ပါရန်။ **မအိသန္တာ** |
|---|---|

---

## အများသိစေရန်ကြေညာခြင်း

ဦးကြည်လွင် ၁၂/မဘန(နိုင်)၀၃၅၄၅၉ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၄ရပ်ကွက်၊ ကျောက်စိမ်း(၅)လမ်း၊ အမှတ်၁၉၈တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၄ရပ်ကွက်၊ ကျောက်စိမ်း(၅)လမ်း၊ အမှတ် ၁၉၈တွင် ၂၀၀၁ ခုနှစ်မှစတင်၍ မူလပိုင်ရှင်ဖြစ်သူ ဒေါ်လှမြင့် ၁၂/ဥကလ(နိုင်)၁၇၄၇၃၃ထံမှ တရားဝင်မှတ်ပုံတင်အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ အမည်ပြောင်းလဲပိုင်ဆိုင်နေထိုင်လာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ပိုင်ဆိုင်သော နှစ်၆၀မြေငှားဂရန်စာချုပ် မူရင်းနှင့်တကွ မှတ်ပုံတင်စာချုပ်မူရင်း၊ သန်းခေါင်စာရင်းမူရင်းများ ပျောက်ဆုံးနေပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ပျောက်ဆုံးမှုကို အခွင့်ကောင်းယူ၍ မမှန်မကန်ပြုလုပ်သူများရှိပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ထပ်လောင်းကြေညာအပ်ပါသည်။

**ဦးကျော်ဝင်းနိုင်LL.B,D.B.L** — **ဒေါ်မိုးမိုးလွင်LL.B,D.B.L**
**အထက်တန်းရှေ့နေ(စဉ်-၃၃၉၀၁)** — **အထက်တန်းရှေ့နေ(စဉ်-၃၀၁၇၉)**
**အမှတ် ၁၀၁၈၊ သခင်စံရွှေလမ်း၊ ၁၁ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း-၄၃၁၂၁၄၄၉**

---

## ဦးခင်ဝင်း
### အသက် (၅၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ကွက်သစ် ၁လမ်း၊ အမှတ် ၁၄နေ (ဦးမောင်ကြိုင်-ဒေါ်ရင်ဟုန်)တို့၏သား၊ ဒေါ်အေးအေးမော်၊ ဒေါ်တင်တင်၊ ဦးငွေးဝင်း-ဒေါ်ကြူကြူ၊ ဦးဝင်းစိန်-ဒေါ်စန်းမြင့်၊ ဦးဝင်းသိန်း- ဒေါ်ခင်သန်းဝင်း၊ (ဦးဝင်းတင်(ခ)ဦးသြဘ)၊ ဦးချစ်လှ-ဒေါ်ခင်သိန်းတို့၏ ညီ/မောင်၊ ဦးမောင်ကြီး-ဒေါ်ငွေးငွေးဝင်း၊ (ကိုမောင်ငယ်)၊ ဒေါ်လှလှ၊ ဦးကျော်ကျော်- ဒေါ်ခင်ရွှေ၊ ဦးသိန်းရွှေ- ဒေါ်ခင်သက်လျှာအေးတို့၏ အစ်ကို၊ ဒေါ်ထွေးထွေးအောင်၏ခင်ပွန်း၊ မောင်ဖြိုးဟန်ကျော်၏ဖခင် အမှတ် ၂၄၊ နတ်ချောင်းကွက်သစ် ၁လမ်းနေ ဦးခင်ဝင်းသည် ၂-၆-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါ မည်။)

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးနေလင်း
### အသက်(၄၂)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ကာကွယ်ရေးဦးစီးချုပ်လေ-ငြိမ်း)-(ဒေါ်ခင်ဆွေညွှန့်)တို့၏ ချစ်လှစွာသောသားသည် ၃၁-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ICUC (ပရဟိတ) ဂေါက်သီးရိုက်မိသားစု**

---

## (၁၁-၃-၁၅)ရက်နေ့မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၈)ပါ မြေရှင် ဦးလှခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးနိုင်ဝင်း၏ ဒေါ်အိအိချော (နန်းတော်သစ်ဆောက်လုပ်ရေး) (၁၂/သဃက(နိုင်) ၀၃၇၄၄၆) နှင့် သက်ဆိုင်သူများ အပါအဝင်အများသိစေရန် ကြော်ငြာချက်အပေါ် ပြန်လည် ရှင်းလင်းကြေညာခြင်း

လူကြီးမင်း ဦးလှခိုင်(၁၂/သဃက(နိုင်)၁၈၃၆၃၂)နှင့် ဒေါ်အိအိချောတို့ အမှတ်-၄၁၊ အောင်ဇေယျ-၅ လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ် ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် နှစ်ခန်းတွဲ (၃)ထပ်ခွဲ တိုက်ဆောက်လုပ်ရန် နှစ်ဦးသဘောတူ ချုပ်ဆိုခဲ့သောစာချုပ်အရ ဒေါ်အိအိချော အကျိုးခံစားခွင့်ရှိသော အဆောက်အဦး၏ ခြေရင်းဘက်အခြမ်းရှိ တိုက်ခန်းများဖြစ်သော- မြေညီထပ်တိုက်ခန်းအား (၁၂-၁၀-၂၀၁၃)ရက်နေ့တွင် ကျွန်ုပ်မိတ်ဆွေ ဒေါ်ရတနာ မှလည်းကောင်း၊ ဒုတိယထပ်(၃)လွှာတိုက်ခန်းအား (၅-၃-၂၀၁၄)ရက်နေ့တွင် ဒေါ်စန္ဒာအေးမှ လည်းကောင်း၊ တတိယထပ် (၄)လွှာတိုက်ခန်းအား (၄-၁၀-၂၀၁၃)ရက်နေ့တွင် ဒေါ်ဝင်းစိန် မှလည်းကောင်း၊ စတုတ္ထထပ်(၅)လွှာ(ဒါဘာ) တိုက်ခန်းအား (၂၁-၅-၂၀၁၃)ရက်နေ့တွင် ဒေါ်စန်းစန်းရီမှ လည်းကောင်း အသီးသီးဝယ်ယူခဲ့ကြသည့်အရောင်း အဝယ်စာချုပ်များတွင် လူကြီးမင်း ဦးလှခိုင်ကိုယ်တိုင် သဘောတူလက်မှတ်ရေးထိုး ဝယ်ယူခဲ့ကြပါသည်။ ထို့အတူ ဒေါ်အိအိချော အကျိုးခံစားခွင့်ရှိသည့် အဆောက်အဦး၏ (၅)လွှာ(ဒါဘာ)ခေါင်းရင်းခန်းကိုလည်း ဒေါ်အေးနွဲ့မှ (၁၇-၆-၂၀၁၃)ရက်နေ့တွင် ဝယ်ယူခဲ့ရာ၌ လူကြီးမင်းကိုယ်တိုင်ပင် လက်မှတ်ရေးထိုးခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေများသည် ဖော်ပြပါတိုက်ခန်း ၊ဒေါ်အိအိချောနှင့်မြေရှင်ဦးလှခိုင် နှစ်ဦးပူးတွဲပိုင်အခန်းများအား ဦးလှခိုင်ကိုယ်တိုင် သဘောတူလက်မှတ်ရေးထိုးပေးသဖြင့် ငွေပေးချေဝယ်ယူခဲ့ကြသူများ ဖြစ်ပါသည်။ထို့ကြောင့်လူကြီးမင်း၏ကြော်ငြာပါ "တိုက်ခန်းဝယ်ယူသူများသည် ရောင်းသူနှင့် တိုက်ရိုက်ဖြေရှင်းကြရမည်"ဟူသော ဖော်ပြချက်မှာ မှန်ကန်မှုမရှိပါ။ ကျွန်ုပ်မိတ်ဆွေများမှာ လူကြီးမင်း၏ မမှန်မကန် ဖော်ပြချက်များကြောင့် စိတ်ဆင်းရဲမှု၊ စိုးရိမ်ပူပန်မှု၊ နစ်နာ ဆုံးရှုံးမှုများ ရင်ဆိုင်ခံစားရပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းဦးလှခိုင်နှင့်ဒေါ်အိအိချောတို့သည် ကျွန်ုပ်မိတ်ဆွေများ ဝယ်ယူပိုင်ဆိုင်သည့် ဖော်ပြပါ တိုက်ခန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများဖြစ်ကြောင်း ဦးလှခိုင်၊ ဒေါ်အိအိချော၊ ဦးလှခိုင်၏ ရှေ့နေဦးနိုင်ဝင်းနှင့်တကွ အများသိရှိစေရန် ပြန်လည်ရှင်းလင်းကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ချိုချိုမြင့် LL.B, D.B.L, D.I.L(တရားလွှတ်တော်ရှေ့နေ)
ဒေါ်မြင့်မြင့်မော် LL.B (အထက်တန်းရှေ့နေ)
မှတ်(၈/၁၀၈)၊ သုမင်္ဂလာလမ်းနှင့်လေးထောင့်ကန်လမ်းထောင့်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။၀၉-၄၃၁၈၂၀၇၂၊ ၃၃၀၂၂၃၄၆

---

## ပျောက်ဆုံး

ကျွန်တော် မောင်သက်ဆွေဦး ၁၄/ကကန(နိုင်)၁၀၇၅၅၀၏ ပတ်စ်ပို့ (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၇၀၇၇၀၃၁**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာမျိုးဟန်
### အသက်(၅၈)နှစ်

ဒေါက်တာအေးသီတာအောင်၊ ကထိက ရန်ကုန်တက္ကသိုလ်၏ခင်ပွန်း ဒေါက်တာမျိုးဟန် ဒုတိယပါမောက္ခချုပ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်မြို့ သည် ၃၀-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရက္ခဗေဒဌာန၊ ကျိုင်းတုံတက္ကသိုလ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးသန်းလွင်(ခ) Moses Samuels
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၇၀)၊ ၃၁လမ်းနေ ဦးသန်းလွင်(ခ) Moses Samuels (Trustee of Myanmar Jewish Community) နှင့် Director of Myanmar Shalom Travels & Tours)သည် ၂၉-၅-၂၀၁၅ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Myanmar Shalom Travels & Tours**
**ဝန်ထမ်းများ**

# မြန်မာနိုင်ငံအနေဖြင့် လှေစီးသွားလာသူများအား အမြန်ဆုံး သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေး သံတမန်လမ်းကြောင်းဖြင့် အဆက်မပြတ်ဆက်သွယ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနသည် လှေစီးသွားလာသူများကိစ္စနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အား ယနေ့ရက်စွဲဖြင့် ထုတ်ပြန်သည်။ အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည် -**

၁။ မြန်မာနိုင်ငံသည် လူမှောင်ခိုကူးမှုနှင့်တရားမဝင်ရွှေ့ပြောင်းသွားလာမှုများကို ကာကွယ်တားဆီးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး၊ မြန်မာ့တပ်မတော်(ရေ) နှင့်တပ်မတော်(လေ) တို့မှ မိမိတို့ပိုင်နက်ရေပြင်အတွင်း ပုံမှန်ကင်းလှည့်မှုများပြုလုပ်လျက်ရှိပါသည်။ ယင်းသို့ ပုံမှန်ကင်းလှည့်စဉ်၊ ပင်လယ်ပြင်တွင် ဒုက္ခရောက်နေသည့် လှေစီးသွားလာသူ (၂၀၈)ဦးကို (၂၁-၅-၂၀၁၅)ရက်နေ့၌တွေ့ရှိခဲ့ရာ၊ လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် ကယ်တင်ခဲ့ပါသည်။ အဆိုပါလှေစီးသွားလာသူများ ကို ရခိုင်ပြည်နယ်၊ တောင်ပြို(လက်ဝဲ)မြို့တွင် ယာယီစောင့်ရှောက်ပေးထားပါသည်။

၂။ အဆိုပါလှေစီးသွားလာသူ (၂၀၈) ဦးအား ၎င်းတို့နေရပ်သို့အမြန်ဆုံး ပြန်လည်ပို့ဆောင်ရေးအတွက် မြန်မာနိုင်ငံဘက်မှလိုအပ်သောစိစစ်မှုများကို ပြုလုပ်ပြီး တွေ့ရှိချက်များကို ဘင်္ဂလားဒေ့ရှ်ဘက်သို့အကြောင်းကြား အသိပေးပြီးဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်းများအရ ဘင်္ဂလားဒေ့ရှ်ဘက်မှလည်း စိစစ်မှုများပြုလုပ်နိုင်ရန် ကောင်စစ်ဆိုင်ရာ၊ တွေ့ဆုံမှုများကိုစီစဉ်ပေးခဲ့ရာ၊ စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်နှင့် အဖွဲ့က မြန်မာဘက်မှစိစစ်တွေ့ရှိချက်များအပေါ် အခြေခံလျက် လိုအပ်သောစိစစ်မှုများ ထပ်မံပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❍

# တရားဝင်ရေလမ်းကြောင်းမှ ပထမဆုံးအကြိမ် အရည်အသွေးမြင့် အောက်တိန်း ၉၅ တန်ချိန် ၁၂၀၀၀ ခန့် တင်သွင်းနိုင်ခဲ့သဖြင့် ဈေးနှုန်းများထိန်းချုပ်နိုင်လာ

သတင်း - ခင်ရတနာ၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၃

**အရည်အသွေး ပြည့်မီသည့် တန်ချိန် ၁၂၀၀၀ရှိ အောက်တိန်း ၉၅ အမျိုးအစားစက်သုံးဆီများကို ရေကြောင်းမှ ပထမဆုံးတင်သွင်းခဲ့သဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူအသုံးပြုနိုင်တော့မည်ဖြစ်သည့်အပြင် သုံးစွဲသူများ၏ ရွေးချယ်မှုအရ အောက်တိန်း ၉၅ မှာ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဝယ်လိုအားမြင့်တက်လာနိုင်ကြောင်း စက်သုံးဆီရောင်းချသူများထံမှ သိရသည်။**




ပထမဆုံးအကြိမ် ပြည်ပမှ ရေကြောင်းလမ်းဖြင့် တရားဝင်တင်သွင်းထားသည့် အောက်တိန်း ၉၅ တန်ချိန် ၆၀၀၀ ခန့် ပါဝင်သော MT Ocean Hawk သင်္ဘောမှာ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းရှိ မြတ်မေတ္တာမွန်ဆိပ်ကမ်းသို့ မေ ၁၅ရက်တွင်ရောက်ရှိခဲ့ပြီး မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)မှ တာဝန်ရှိသူများက နမူနာစစ်ဆေးစမ်းသပ်မှုအရ ဝန်ကြီးဌာနမှသတ်မှတ်ထားသည့် အရည်အသွေးများပြည့်မီကြောင်း အကြောင်းကြားခဲ့သည့်အတွက် ဈေးကွက်အတွင်းသို့ ရောက်ရှိခဲ့သဖြင့် အောက်တိန်း ၉၂ နှင့် နှိုင်းယှဉ်ပါက မူလတစ်ပီပါလျှင် ငွေကျပ်ငါးသောင်းအထိ ဈေးနှုန်းကွာခြားရာမှ ယခုအခါ တစ်ပီပါလျှင်ငွေကျပ် တစ်သောင်းသာ

*စာမျက်နှာ ၉ ကော်လံ ၁* ✳

## ယနေ့ မာတိကာ

**ကန်လေဆိပ်လုံခြုံရေးကျိုးပေါက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် ပုံးလုန့်ခြိမ်းခြောက်မှုများ အဆက်မပြတ်ထွက်ပေါ်နေ** စာမျက်နှာ » ၄

**တောင်ငူမြို့နယ် ကံရိုးကျေးရွာရှိ Felin KTV စားသောက်ဆိုင်တွင် သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွား** စာမျက်နှာ » ၁၁

**၁၃ လကြာ တိမ်းရှောင်နေသည့် လူသတ်မှုကျူးလွန်သူအား မဟာချိုင်ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီတို့က ဖမ်းဆီးရမိ** စာမျက်နှာ » ၁၃

**ဒေါင်းဆင်ဒရန်းကလေးများ ပုံမှန်ဘဝဖြတ်သန်းနိုင်ရေး ဝိုင်းဝန်းကူညီပေးရန် မိဘများမျှော်လင့်နေ** စာမျက်နှာ » ၁၄

# ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယပွဲအဖြစ် မြန်မာနှင့် စင်ကာပူ ယနေ့ကစားမည်

**စင်ကာပူ ဇွန် ၃**

သတင်း - ညီမြတ်သော်တာ

ဆီးဂိမ်းအမျိုးသား ဘောလုံး ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို စင်ကာပူ နိုင်ငံတွင် ဆက်လက်ကျင်းပလျက် ရှိပြီး ဇွန် ၄ ရက်**(ယနေ့)**တွင် မြန်မာ ယူ-၂၃ အသင်းနှင့် အိမ်ရှင်စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစား ကြမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ပွဲဦးထွက်ပွဲ၌ ကစားခဲ့သည့်ခြေစွမ်း နှင့် အင်ဒိုနီးရှားအသင်းကို အနိုင် ရရှိခဲ့မှုကြောင့် ပြိုင်ဘက်အသင်းများ၏ ဂရုပြုမှုကို ခံရပြီဖြစ်သည်။ ပွဲဦးထွက်ပွဲစဉ်များတွင် မြန်မာရော စင်ကာပူပါ နိုင်ပွဲများရရှိထားပြီး မြန်မာအသင်းမှာ အင်ဒိုနီးရှားအသင်းကို လေးဂိုး-နှစ်ဂိုး၊ စင်ကာပူ အသင်းက ဖိလစ်ပိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိထားခြင်းဖြစ်သည်။ ပွဲဦးထွက် ကစားခဲ့သည့် ခြေစွမ်းကိုယှဉ်ကြည့်လျှင် မြန်မာအသင်းက စင်ကာပူအသင်းထက်သာသည်။ သို့သော် စင်ကာပူအသင်းက အိမ်ရှင်အသင်းဖြစ်သောကြောင့် မြန်မာကစားသမားများ သတိပြုကစားရန်လိုအပ်နေသည်။ မြန်မာအသင်းတွင် အမာခံကစား သမားအစုံအလင် ပါဝင်နိုင်မည်ဖြစ်သော်လည်း ဘယ်နောက်ခံလူ ဟိန်းသီဟဇော်မှာ ဒဏ်ရာကြောင့် ပါဝင်နိုင်ရန် မသေချာသေးပေ။ မြန်မာအသင်းသည် အုပ်စုအတွင်း၌ အင်အားအကြီးဆုံးဖြစ်သည့် အင်ဒိုနီးရှား၊ စင်ကာပူအသင်းတို့နှင့် ဆက်တိုက်ကစားရခြင်းဖြစ်ပြီး စင်ကာပူအသင်းကိုသာ ကျော်ဖြတ်နိုင်ခဲ့ပါက ဆီမီးအဆင့်သို့ရောက်ရှိရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။

အိမ်ရှင်စင်ကာပူအသင်းမှာလည်း ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ပြင်ဆင်ထားသည့်အသင်းဖြစ်ပြီး ပြင်ဆင်မှုများစွာ ပြုလုပ်ထားသည်။ စင်ကာပူအသင်းသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင်

*စာမျက်နှာ ၁၁ ကော်လံ ၆* ■

Since 1918
PILOT ဆိုတာမြန်မာ့အသိစွဲစာရေးကိရိယာ
မြန်မာကျောင်းသားကျောင်းသူများ၏ လက်အရွယ်အစားဖြင့် အသင့်တော်ဆုံး နဲ့အသုံးဝင်ဆုံး
Frixion Slim (မှင်ဖျက်ဘောပင်အသေး)ပစ္စည်းသစ်၊Frixion မှင်ဖျက်နိုပ်ခလုတ်ဘောပင်၊ Frixion 3 Ways မှင်ဖျက်ဘောပင်နဲ့
အခြား Frixion မှင်ဖျက်ဘောပင် ဒီဇိုင်းစုံ ကာလာစုံကို မယုံနိုင်လောက်အောင် ထူးခြားတဲ့ Back to School Promotion အနေနဲ့
Buy 6 Get 1Free Promotion ပြုလုပ်ပေးထားလို့ စာရေးကရိယာအရောင်းကိုယ်စားလှယ်ကြီးများအနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့နီးစပ်ရာ
Rainbow Bridge Distribution Co.,Ltd တွေမှာ အမြန်ဆုံး ဝယ်ယူကြဖို့သတင်းကောင်းပေးလိုက်ရပါတယ်။
FriXion ball
Click Write Delete Repeat
RB Ph : Yangon Tel : 01-662107, 01- 9669012, 09-73028674,09-250053731 Mandalay Tel : 02-77838, 02-81018, 09-6502456
www.facebook.com/pages/Pilot-Writing-Instrument-Myanmar

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS